

ကျင်းယုံ၏ ဝေ့ရှောင်ရှမ်း
2009
စာတ္ထသိုလ်
နေလင်းအောင်
သိုင်းအလင်္ကာ ကျမ်းမဟာ
၆ အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၄)
ALIEN
သိုင်းစာစဉ်များPAGE
www.mx-fm.com


တက္ကသိုလ်
သိုင်းအလင်္ကာ ကျမ်းမဟာ
စာစဉ်(၃)

တက္ကသိုလ်

## နေလင်းအောင်

---

# သိုင်းအာလက်ကျမ်းမဟာ

(တစဉ်-၄)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၀၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၆၇၅၀၆၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး၊ (ပုံရွှေ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အခန်း(၄၆)

## အခန်းပိတ်ရှာဖွေခြင်း

ငွေကိုယ်ရံတော်က လမ်းပိတ်၍ ရပ်လိုက်ပြီး ထိုလူ(၉) ယောက်ကို မမှိတ်မသုန် ကြည့်နေ၏။

ကျောက်စိမ်းကိုယ်ရံတော်နှင့် အဘိုးအို(၈)ယောက်တို့သည် ငွေကိုယ်ရံတော်အား စိုက်ကြည့်နေ၏။

ငွေကိုယ်ရံတော်က အေးတိအေးစက်သော အသံဖြင့်...

"ရှင်တို့ ကျွန်မဆီကို ဘာကိစ္စနဲ့ ရောက်လာကြတာလဲ"

ကျောက်စိမ်းကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ နင်က ရန်သူကို ဝှက်ထားတာ"

ငွေကိုယ်ရံတော်က ကျောက်စိမ်းကိုယ်ရံတော် စကားမဆုံးမီ ကြားဖြတ်လိုက်သည်။

"နင့်စကား ပြင်ပြောပါ"

"ပြင်ပြောစရာ မလိုဘူး၊ ကျုပ်က သခင်မလေးရဲ့ အမိန့်နဲ့ ဒီက လူကြီး(၈)ယောက်ကို ခေါ်လာပြီး နင့်အခန်းကို ရှာမလို့ပါပဲ"

ငွေကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်သည်။

"နင်ပြောတိုင်း ယုံရမှာလား၊ သက်သေအထောက်အထား ပြပါ"

ကျောက်စိမ်းကိုယ်ရံတော်က အသင့်ပါလာသော အလံတစ်လက်ကို ဖြန့်ပြလိုက်သည်။

အလံပေါ်၌ အရိုးခေါင်းတစ်ခုပုံ ဖော်ထားသည်ကို တွေ့ရှိရလေ၏။

"ဟောဒီမှာ သခင်မလေးရဲ့အမိန့်"

ငွေကိုယ်ရံတော်မှာ ထိုအလံတံဆိပ်ကို တွေ့လိုက်ရသော အခါ ထိတ်လန့်သွားသည်။

ထိုစဉ်မှာပင်

ကျောက်စိမ်းကိုယ်ရံတော်သည် အဘိုးအို(၈)ယောက်



ဘက်သို့ လှည့်လိုက်ပြီး အမိန့်ပေးလိုက်၏။

"အခန်းထဲကို ဝင်ရှာပေတော့"

အဘိုးအို(၈)ယောက်သည် အခန်းရှိရာသို့ လျှောက်သွားသည်။

ရှေ့ဆုံးက အဘိုးအိုက...

"ငွေကိုယ်ရံတော် ကျုပ်တို့က အမိန့်အရ ရှာရပါလိမ့်မယ်"

ငွေကိုယ်ရံတော်က အေးတိအေးစက်ဖြင့်...

"ရှင်တို့ ဘယ်သူမှ မဝင်ရဘူး"

သူမသည် ပြောပြီး ဟန့်တားလိုက်သည်။

ကျောက်စိမ်းကိုယ်ရံတော်က အလံကို ဝှေ့ယမ်းလိုက်၏။

"ငွေကိုယ်ရံတော်၊ နင်က အမိန့်ကို ဗီဆန်မလို့ ဟုတ်လား"

ငွေကိုယ်ရံတော်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က အမိန့်ကို ဘယ်မှာ ဗီဆန်နေလို့လဲ"

ကျောက်စိမ်းကိုယ်ရံတော်က ငွေကိုယ်ရံတော်အား စိမ်းစိမ်း ကြည့်လိုက်သည်။

"ဒါဖြင့် ကျုပ်တို့ အခန်းထဲ ဝင်ရှာမှာကို ဘာဖြစ်လို့ ဟန့်တားရတာလဲ"

"ကျုပ်အခန်းထဲကို ဘယ်သူမှ မဝင်ရဘူးဆိုတာ ရှင်တို့ မသိဘူးလား"

"သိသားပဲ"

"သိယင် ဘာဖြစ်လို့ ဝင်ရှာချင်ရတာလဲ"

"အခုတော့ ဒီချွင်းချက်ကို ဖယ်ရှားလိုက်ပြီ"

ငွေကိုယ်ရံတော်က စိမ်းစိမ်းကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

"နင်က ရန်သူကို ဝှက်ထားတယ်ဆိုတာ နင်က ဘာအထောက်အထား ရှိလို့လဲ"

ကျောက်စိမ်းကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်၏။

"ရှိတာပေါ့"

"ရှိယင်ပြပါ"

"စိတ်ချ"

သူမသည် ပြောယင်း ခါးမှာထိုးထားသော ပလွေတစ်လက် ထုတ်ယူလိုက်သည်။

"ကြည့်စမ်း၊ ဒါဟာ အထောက်အထား မဟုတ်လား"

ငွေကိုယ်ရံတော်သည် မျက်နှာကွက်ခနဲ ပျက်သွားသည်။



ကျောက်စိမ်းကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်သည်။

"ဆင်းလု အသုံးပြုတဲ့ ငွေပလွေကို ညည်းတွေ့ဖူးတယ် မဟုတ်လား"

"တွေ့ဖူးသားပဲ"

"ဒါဖြင့် ဒီငွေပလွေဟာ ဆင်းလု အသုံးပြုတဲ့ ငွေပလွေဆိုတာ ညည်းက ဘာငြင်းချင်သေးလို့လဲ"

ငွေကိုယ်ရံတော်က မျက်မှောင်ကုပ်သွားသည်။

"ဒီငွေပလွေကို ဘယ်ကရတာလဲ"

ကျောက်စိမ်းကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းအခန်းထဲကပေါ့"

ငွေကိုယ်ရံတော်က မျက်မှောင်ကုပ်သွားသည်။

"ကျွန်မ အခန်းထဲက ဟုတ်လား၊ ဘယ်သူက ပြောသလဲ"

"ရွှေကိုယ်ရံတော်က ပြောတာပါ"

"ဘာ ရွှေကိုယ်ရံတော်က ပြောတယ်"

"ဟုတ်တယ် ရွှေကိုယ်ရံတော် ယူလာခဲ့တာပဲ"

ငွေကိုယ်ရံတော်သည် ယင်းစကား ကြားလိုက်ရသောအခါ ရေနွေးကြမ်းထဲ ဆေးခတ်ခြင်းမှာ ရွှေကိုယ်ရံတော် ဖြစ်မည်ကို စဉ်း

စားမိလိုက်၏။

ရွှေကိုယ်ရံတော်သည် ရေမြေးကြမ်းထဲ ဆေးခတ်လိုက်ပြီး ဆင်းလာအလစ်တွင် ငွေပလွေကို ခိုးယူသွားခြင်း ဖြစ်မည်ဟု သဘောပေါက် နားလည်လိုက်သည်။

သူမသည် ထိုသို့ တွေးနေစဉ်မှာပင် ကျောက်စိမ်းကိုယ်ရံတော်၏ အသံ ထွက်ပေါ်လာသည်။

"ကဲ ကျုပ်ရှာဖွေတာကို လက်မခံဘူးဆိုယင် ကျုပ်ကတော့ အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲ"

သူသည် ပြောပြီးသည်နှင့် လျှပ်တပြက် ငွေကိုယ်ရံတော်အား တိုက်ခိုက်လိုက်သည်။

ငွေကိုယ်ရံတော်ကလည်း အညှံ့မခံဘဲ ပြန်လည်တိုက်ခိုက်လေ၏။

ကျန်ရှိသော အဘိုးအို(၈)ယောက်ကလည်း ငွေကိုယ်ရံတော်အား ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

ငွေကိုယ်ရံတော်သည် တစ်ယောက်နှင့် အများ ဖြစ်သော်လည်း သတ္တိရှိရှိ အရှုံးပေးခြင်းမရှိဘဲ ခုခံတိုက်ခိုက်နေ၏။

ကျောက်စိမ်းကိုယ်ရံတော်သည် အသက်(၂၀)မျှပင် မပြည့်



သေးပါ။

သူမ၏သိုင်းပညာသည် ငွေကိုယ်ရံတော်ထက် သာလွန်သည် မဟုတ်သော်လည်း သူမ၏ တိုက်ခိုက်မှုမှာ ငွေကိုယ်ရံတော်ထက် ရက်စက်ကြမ်းကြုတ်လှသည်။

ဘီလူးနန်းတော်ထဲမှ ကိုယ်ရံတော်(၃)ယောက်အနက် ကျောက်စိမ်းကိုယ်ရံတော်မှာ အရက်စက်ဆုံးနှင့် အကြမ်းတမ်းဆုံး ဖြစ်သည်။

ယခု သူမသည် ငွေကိုယ်ရံတော်အား တိုက်ခိုက်လိုက်သောအခါ ညှာတာခြင်း မရှိဘဲ အစွမ်းကုန် တိုက်ခိုက်ခြင်း ဖြစ်သည်။

ငွေကိုယ်ရံတော်သည် ကျောက်စိမ်းကိုယ်ရံတော်နှင့် တစ်ယောက်ချင်းယှဉ်လျှင် မရှုံးသော်လည်း သိုင်းပညာအဆင့် အလွန်မြင့်သော အဘိုးအို(၈)ယောက် ပါဝင်လာသဖြင့် သူမသည် မည်သို့မျှ ခုခံနိုင်စွမ်း မရှိဘဲ နောက်သို့ ဆုတ်သွားရသည်။

သူမသည် ယင်းသို့ နောက်ဆုတ်သွားလိုက်သည်နှင့် အဘိုးအိုနှစ်ယောက်က အခန်းတံခါးအား ရိုက်ချိုးပစ်လိုက်ကြသည်။

ငွေကိုယ်ရံတော်သည် အခန်းတံခါး ကျိုးပဲ့သွားသည်ကို တွေ့ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေတော့၏။

ဆင်းလုအတွက် စိုးရိမ်သွားခြင်း ဖြစ်၏။

သူမသည် အံကိုတင်းတင်း ကြိတ်လိုက်ပြီး ထိုအဘိုးအိုအား ရှိသမျှ အင်အားဖြင့် ပြန်လည်၍ ဘယ်မံတိုက်ခိုက်လိုက်လေသည်။

"အား"

အဘိုးအိုတစ်ယောက်သည် မြေပေါ်သို့ လဲကျသွားလေသည်။

ထိုစဉ်မှာပင်...

လူရိပ်တစ်ခုသည် အခန်းထဲမှ ထွက်ပေါ်လာသည်။

ထိုလူရိပ်အား တွေ့မြင်လိုက်သည်နှင့် ငွေကိုယ်ရံတော်က ထိတ်လန့်သွားသည်။

"အစ်ကိုဆင်းလု"

ဟု သူမ၏ပါးစပ်မှလည်း လွှတ်ခနဲ ထွက်သွား၏။

ဟုတ်ပါ၏။

အခန်းထဲမှ ထွက်လာသူမှာ ဆင်းလု ဖြစ်သည်။

ဆင်းလုသည် အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေး၏ မျက်နှာကို စိမ်းစိမ်းကြည့်လိုက်သည်။

"မင်းက ကျောက်စိမ်းကိုယ်ရံတော် ဟုတ်လား"



ကျောက်စိမ်းကိုယ်ရံတော်က ဆင်းလု၏အမေးကို မဖြေဘဲ ငွေကိုယ်ရံတော်ဘက်သို့ လှည့်လိုက်သည်။

"ကဲ သက်သေခံတဲ့လူကော အားလုံး တွေ့နေရပြီပဲ၊ ညည်း ဘာငြင်းချင်သေးသလဲ"

ငွေကိုယ်ရံတော်မှာ ဘာမျှမပြောနိုင်တော့ချေ။

ဆင်ကောင်လုံး မြင်ပြီးမှတော့ ဆင်ခြေရှာရန် မလိုတော့ချေ။

သူမသည် ဆင်းလုအား အပြစ်တင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

ထို့နောက် သူမသည် ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

"ကျုပ် ဘာမှ ပြောစရာ မလိုတော့ပါဘူး၊ ပေးတဲ့ အပြစ်ဒဏ်ကို ခံယူပါ့မယ်"

ငွေကိုယ်ရံတော်၏ စကားဆုံးသွားသောအခါ ဆင်းလုက လက်ကာပြလိုက်သည်။

"ဒီကိစ္စမှာ ငွေကိုယ်ရံတော်နဲ့ မဆိုင်ဘူး၊ ငါ့ကို မင်းတို့ သခင်ဆီ ခေါ်သွားပါ"

ကျောက်စိမ်းကိုယ်ရံတော်က အေးတိအေးစက် အသံဖြင့်

အဘိုးအိုများဘက်သို့ လှည့်၍ အမိန့်ပေးလိုက်၏။

"အဘတို့ ဆင်းလှကို ဖမ်းထားလိုက်ပါ"

အဘိုးအို(၇)ဦးယောက်သည် ယင်‌စကား ကြားလိုက်သည်နှင့် ဆင်းလှထံသို့ ဝိုင်းရံထားလိုက်ကြသည်။

ဆင်းလှမှာ ဣန္ဒြေမပျက်ချေ။

ရဲရဲဝံ့ဝံ့ပင်။

သူသည် ကျောက်စိမ်းကိုယ်ရံတော်အား စိမ်းစိမ်းကြည့်လိုက်ပြီး...

"ငါက မင်းတို့ သခင်နဲ့ တွေ့ချင်တယ်လို့ ဆိုနေတယ်၊ ငါ့ကို ဖမ်းဖို့ မလိုဘူး"

ကျောက်စိမ်းကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်၊ ရှင့်ကို ဖမ်းပြီးပို့ရမယ်"

သူမသည် ပြောယင်းမှ အဘိုးအိုခုနစ်ယောက်ဘက် လှည့်လိုက်သည်။

"သူ့ကို ဖမ်းလိုက်"

အဘိုးအိုခုနစ်ယောက်အနက် လေးယောက်က လျှပ်တပြက် ဆင်းလှအား တိုက်ခိုက်လိုက်သည်။



တစ်ချိန်တည်းမှာပင်...

ကျောက်စိမ်းကိုယ်ရံတော်က ငွေကိုယ်ရံတော်၏ သွားလမ်းကို ပိတ်ထားလိုက်သည်။

ထိုစဉ်မှာပင်...

"ယား"

ဆင်းလှသည် ယင်းသို့ တစ်ချက်အော်လိုက်ပြီး တိုက်ခိုက်လာသော အဘိုးအိုလေးယောက်အား ပြန်လည် တိုက်ခိုက်လိုက်သည်။

သို့သော်...

"ဝုန်း"

မြည်သံနှင့်အတူ သူ၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

♠ ♠ ♠

## အခန်း(၄၇)

## ဘီလူးနန်းတော်သခင်မ

အချိန်သည် မည်မျှကြာသွားမှန်း မသိပေ။

ဆင်းလှသည် နာကျင်မှုနှင့်အတူ သတိရလာသည်။

သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေသည်။

သတိရလာသောအခါ လူနှစ်ယောက်က သူ၏လက်မှစ်ဖက်ကို ဆွဲကာ တရွတ်တိုက်သွားနေသည်ကို တွေ့မြင်လိုက်ရသည်။

သူတို့ ရောက်ရှိနေသော နေရာမှာ စင်္ကြံလမ်းတစ်ခု ဖြစ်သည်ကို သတိပြုမိ၏။

သူ့ရှေ့တွင် ရွှေကိုယ်ရံတော်နှင့် ကျောက်စိမ်းကိုယ်ရံတော်



တို့ ပခုံးချင်းယှဉ်၍ လျှောက်နေသည်။

အဘိုးအိုခုနစ်ယောက်က နောက်မှ လိုက်လာနေသည်။

မကြာမီ...

သူတို့သည် ကြီးမားသော သံမဏိတံခါးကြီးရှေ့သို့ ရောက်ရှိလာလေ၏။

တံခါး၏ ဝဲယာတစ်ဘက်တစ်ချက်တွင် အမျိုးသားဆယ်ယောက်နှင့် အမျိုးသမီးဆယ်ယောက် တန်းစီ၍ ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူတို့အားလုံး၏ မျက်နှာပေါ်တွင် သံမဏိမျက်နှာဖုံး စွပ်ထားသည့်ပမာ တစ်ပုံစံတည်း ရှိနေကြလေ၏။

ချောမွတ်သော ကျောက်ပြားများ ခင်းထားသော လမ်းပေါ်၌ ကျောက်စိမ်းကိုယ်ရံတော် ကိုးယောက်တို့၏ ခြေသံများသည် ပဲ့တင်ထပ်နေသည်။ ဟိန်းထွက်၍ နေသည်။

ထိုအသံများသည် ဝန်းကျင်တစ်ခုလုံးကို ကြောက်မက်ဖွယ်ရာ ပဲ့တင်ထပ်နေသည်။

ကျောက်စိမ်းကိုယ်ရံတော်တို့သည် တံခါးရှေ့သို့ ရောက်ရှိသောအခါ ခြေလှမ်းများ ရပ်တန့်သွားကြ၏။

ယခုအချိန်ထိ ဆင်းလု သတိရလာသည်ကို သူတို့က မသိရှိကြသေးပေ။

ဆင်းလုမှာလည်း သတိရလာသည့်ဟန် မပြဘဲ ငြိမ်သက်စွာ အကဲခတ်၍ လိုက်လာခဲ့၏။

ထိုစဉ်မှာပင် သူတို့က အသံပြိုင်တူ အော်ဟစ်လိုက်ကြ၏။

"ဂျိမ်း"

ဟူသော အသံပေါ်ထွက်လာပြီးနောက် သံမဏိတံခါးသည် အလိုအလျောက် ပွင့်သွားသည်။

ကျောက်စိမ်းကိုယ်ရံတော်တို့လူစုသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

ဆင်းလုသည် အခန်းထဲသို့ လှမ်းကြည့်လိုက်ရာ ထိတ်လန့်တုန်လှုပ်သွားသည်။

အကြောင်းမှာ...

သူဝင်ရောက်ရမည့် အခန်းမှာ အလွန်ကြီးမားထည်ဝါသော အခန်းတစ်ခု ဖြစ်နေ၏။

အခန်း၏ပုံစံမှာ စက်ဝိုင်းပုံစံ ဖြစ်သည်။

အခန်းတစ်ခုလုံးသည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။



အခန်း၏အတွင်းဘက်တွင် အမျိုးသားဆယ်ယောက်နှင့် အမျိုးသမီးဆယ်ယောက် ဝဲ၊ ယာ တန်းစီ၍ ရပ်နေ၏။

သူတို့သည် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်နေကြသည်။

သူတို့၏ ဟန်မူရာကို ကြည့်ခြင်းအားဖြင့် အမိန့်တစ်စုံတစ်ရာ မရဘဲ လှုပ်ရှားမည့်ပုံ မပေါ်ပေ။

သူတို့၏ မျက်နှာများ အားလုံး အခန်းပြင်ပမှ တွေ့ခဲ့သူများကဲ့သို့ပင် သံမဏိမျက်နှာဖုံး စွပ်ထားသည့်ပမာ ရှိနေသည်။

အခန်း၏ ရှေ့ပိုင်းတွင် ဧည့်ခန်းမပုံသဏ္ဍာန်အဖြစ် ပြုလုပ်ထားသည်။

အခန်း၏အလယ်ဗဟိုတွင် လူတစ်ရပ်ခန့် ရုပ်တုတစ်ခု ရှိနေ၏။

သူတို့ ကိုးကွယ်ထားသည့် ရုပ်ထုဖြစ်ဟန် ရှိသည်။

ထိုရုပ်တုမှာ ကြောက်မက်ဖွယ်ရာ အလွန်ကောင်းသည်။

ရုပ်ထု၏ ဗယ်ဘက်လက်ထဲ၌ အရိုးခေါင်းတစ်ခုကို လက်ဝါးပေါ်၌ တင်ထားသည်။

ယာဘက်လက်မှာမူ ဓားတစ်လက်ဆုပ်ကိုင်ထားသည်။

ထိုရုပ်တု၏ရှေ့တွင် စင်မြင့်တစ်ခု ရှိသည်။

စင်မြင့်ပေါ်၌ ကျားသားရေဖြင့် ခင်းထားသော ကုလားထိုင်တစ်လုံး ရှိနေသည်။

သို့သော်...

ယင်းကုလားထိုင်ပေါ်၌ လူတစ်ယောက်မှ မရှိပါ။

ကျောက်စိမ်းကိုယ်ရံတော်က လူမရှိသော ကုလားထိုင်ရှေ့၌ ရပ်ပြီး အစီရင်ခံလေ၏။

"သခင်မလေး ကျွန်မက ငွေကိုယ်ရံတော်နဲ့ ရန်သူ ဆင်းလုကို ဖမ်းခဲ့ပါပြီ"

သို့သော်...

လုံခြုံသော ကျောက်ဂူအခန်း ဖြစ်၍ သူမ၏အသံသည် ခန်းမတစ်ခုလုံးသို့ ပဲ့တင်ထပ်သွားလေတော့သည်။

ကျောက်စိမ်းကိုယ်ရံတော်က ယင်းသို့ ပြောပြီးသည်နှင့် စင်မြင့်ရှေ့တွင် အသင့်ရှိနေသော ကုလားထိုင် သုံးလုံးပေါ်တွင် နေရာယူ ထိုင်ချလိုက်သည်။

အဘိုးအိုခုနစ်ယောက်တို့သည် ဆင်းလုအား စင်မြင့်ရှေ့၌



ချထားပြီးလျှင် ဘေးနှစ်ဘက်သို့ ဖြည်းညင်းစွာ ဆုတ်သွားကြလေသည်။

ဆင်းလုသည် ဟန်မဆောင်တော့ပေ။

ထို့ကြောင့် ဆင်းလု သတိရလာသည်ကို သူတို့အားလုံးက သိရှိသွားကြလေတော့၏။

ဆင်းလုသည် အတွင်းအားကို ထုတ်ကြည့်လိုက်ရာ ထိတ်လန့်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ အတွင်းအားများသည် မည်သို့မျှ လှုပ်ရှားနိုင်စွမ်း မရှိသည်ကို သိရှိလိုက်သောကြောင့်ပေတည်း။

ထို့ကြောင့်...

မိမိ၏သွေးကြောများ အပိတ်ခံလိုက်ရသည်ကို နားလည်လိုက်သည်။

သူသည် ငွေကိုယ်ရံတော်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ငွေကိုယ်ရံတော်၏ မျက်နှာပေါ်တွင် သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရှိရသည်။

ဆင်းလုက ငွေကိုယ်ရံတော်မှာ သူ့အတွက်နှင့် ယခုကဲ့သို့ အပြစ်ဒဏခံရမည်ကို စိတ်မကောင်း ဖြစ်လာလေ၏။

သူ့အပေါ် အကြင်နာထားသည်။

ရွေ့ကျွာထားသည်။

ကျ[illegible]စိတ် ဖြစ်ပေါ်လာပြီဆိုလျှင် ထိုလူသည် ဒုက္ခရောက်ပြီသာ မှတ်ပေရောဟု ဆိုနိုင်သည်။

သူ့အပေါ် သနားကြင်နာသူ မှန်သမျှ အားလုံးလိုလို ဒုက္ခတွေ့ကြရသည်။

ထို့ကြောင့် ဆင်းလုမှာ အလွန်စိတ်မကောင်း ဖြစ်သွားသည်။

မိမိကြောင့် ငွေကိုယ်ရံတော် အသတ်ခံရမည်ကိုလည်း စိုးရိမ်မိသည်။

ထိုစဉ်မှာပင်...

ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"သခင်မလေး ရောက်ရှိလာပါပြီ"

ဆင်းလုက မော့ကြည့်လိုက်ရာ သူ၏မျက်လုံးအစုံသည် ရုတ်တရက် လင်းထိန်သွားသည်ဟု ထင်မှတ်လိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်...



အနီရောင်ပဝါခြုံပြီး ရွှေသရဖူဆောင်းထားသော မိန်းကလေးတစ်ယောက်အား တွေ့မြင်ရခြင်းကြောင့်ပေတည်း။

ထိုမိန်းကလေးသည် အသက်(၂၀)ကျော် ပတ်ဝန်းကျင်မျှသာ ရှိသည်ကို တွေ့ရသည်။

သူမ၏ရုပ်ရည်မှာ အလွန်လှပပြီး ချောမော၏။

သူမ၏နောက်တွင် ရွှေကိုယ်ရံတော်နှင့် မိန်းကလေးအဖော်နှစ်ယောက် ပါရှိလာ၏။

သူမသည် စင်မြင့်ပေါ်သို့တက်ကာ ကျားသရေခင်းထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"သခင်မလေးကို ဂါရဝပြုကြ"

ကျယ်လောင်သော အသံက ထပ်မံထွက်ပေါ်လာလေ၏။

အခန်းတွင်း၌ ရှိနေကြသော လူအားလုံးသည် မြေပေါ်သို့ ဒူးထောက်ကာ ထိုင်ချလိုက်၏။

ယင်းမြင်ကွင်းမှာ ဘုရင့်နန်းတော် မြင်ကွင်းနှင့် တူလှသည်။

ရွှေကိုယ်ရံတော်သည် စင်မြင့်ရှေ့တွင် ရှိနေသော ကုလားထိုင်သုံးလုံးအနက် အလယ်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"အားလုံး မတ်တတ်ရပ်နိုင်ကြပါပြီ"

ယင်းအသံ ကြားလိုက်တော့မှ အားလုံးသော လူများသည် ဖြည်းညင်းစွာ ထကြပြီး ကိုယ့်နေရာကိုယ် ပြန်လည်နေရာယူကြသည်။

ထိုစဉ်မှာပင်...

သခင်မလေးက ငွေကိုယ်ရံတော်ထံသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး...

"ငွေကိုယ်ရံတော်"

"ရှိပါတယ် သခင်မလေး"

ငွေကိုယ်ရံတော်၏အသံမှာ တုန်ယင်နေသည်။

"ကျုပ်က ညည်းကို အစစအရာရာ ကောင်းကောင်းမွန်မွန် နေရာပေးထားတယ်ဆိုတာ ညည်းသိတယ် မ[illegible]တော်လား"

ငွေကိုယ်ရံတော်က ခေါင်းညိတ်လိုက်၏။

"သိပါတယ် သခင်မလေး"

သခင်မလေးသည် ဆင်းလုဘက်သို့ ကြည့်လိုက်သည်။

"ဒါဖြင့် ညည်းက ဘာဖြစ်လို့ ရန်သူကို ညည်းအခန်းထဲမှာ ဝှက်ထားရတာလဲ"

ငွေကိုယ်ရံတော်က ထိုင်ရာ မှ ထလိုက်ပြီး သခင်မလေးရှေ့



တွင် မျက်နှာမူ၍ ဒူးထောက်လိုက်လေသည်။

သို့သော် သူမက မည်သည့်စကားမှ ပြန်မပြောပါ။

သခင်မလေးက သူ့အား စိုက်ကြည့်လိုက်သည်။

"ညည်းမှာ အပြစ်ရှိသလား"

ငွေကိုယ်ရံတော်က မျက်နှာညှိုးငယ်စွာဖြင့် ပြောသည်။

"ရှိပါတယ် သခင်မလေး"

ငွေကိုယ်ရံတော်သည် ခေါင်းငုံ့ပြီး ဒူးထောက်မြဲ ဒူးထောက်နေ၏။

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

သူမသည် ဘေးသို့ တစ်ချက်ကြည့်လိုက်ပြီး...

"စည်းကမ်းထိန်းသိမ်းတဲ့ ပုဂ္ဂိုလ် ရှိသလား"

အဘိုးအိုခုနစ်ယောက်တို့သည် ရှေ့သို့ လျှောက်လာပြီး ဦးညွတ်အလေးပြုကြသည်။

"ကျွန်တော်တို့ ရှိပါတယ်"

သခင်မလေးက အဘိုးအိုတို့အား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူမသည် ကြည့်ယင်းမှ မျက်နှာပျက်သွားသည်။

"ကျန်တဲ့ပုဂ္ဂိုလ်တစ်ယောက်ကော ဘယ်မှာလဲ"

အဘိုးအိုတစ်ယောက်က ထပ်မံဦးညွတ်လိုက်သည်။

"တစ်ယောက်က ဆင်းလုရဲ့ လက်ချက်ကြောင့် သေဆုံးသွားပါပြီ"

သခင်မလေးက မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို ဆင်းလု လက်ချက်ကြောင့် ကျုပ်တို့လူတစ်ယောက် သေဆုံးသွားတယ် ဟုတ်လား"

ထိုအဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်မလေး"

သခင်မလေး၏ မျက်နှာပေါ်တွင် ဒေါသရောင်သန်းလာ၏။

"ငွေကိုယ်ရံတော်ကို ဖမ်းလိုက်"

"ဟုတ်ကဲ့"

အဘိုးအိုသည် ငွေကိုယ်ရံတော်ထံသို့ လျှောက်သွားသည်။

ငွေကိုယ်ရံတော်သည် ယင်းစကားများ ကြားလိုက်သည်နှင့် အံကို တင်းတင်းကြိတ်လိုက်သည်။

ထို့နောက် ငွေကိုယ်ရံတော်က ဒူးထောက်ရာမှ လျှပ်



တပြက် ခုန်လိုက်ပြီး...

ရွှေကိုယ်ရံတော်အား တိုက်ခိုက်လိုက်လေသည်။

ငွေကိုယ်ရံတော်၏ လှုပ်ရှားမှုကြောင့် ဆင်းလုနှင့်တကွ သခင်မလေးနှင့် ကျန်ရှိသော လူများအားလုံးတို့သည် အံ့အားသင့်ကုန်ကြလေတော့သည်။

ရွှေကိုယ်ရံတော်သည် ငွေကိုယ်ရံတော်က ရုတ်တရက် တိုက်ခိုက်လာသည်ကို မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် မရှောင်တိမ်းနိုင်ဘဲ...

"အား"

သူမသည် ယင်းသို့ တစ်ချက်အော်လိုက်ပြီး သူမ၏ခန္ဓာကိုယ်သည် ဂုလားထိုင်ပေါ်မှ လွင့်စဉ်သွားလေတော့၏။

အခန်း၏ ဝဲ၊ ယာ တစ်ဘက်စီတွင် ရပ်လျက် နေကြသော အမျိုးသားနှင့် အမျိုးသမီးတို့မှာလည်း ထိတ်လန့်စွာ အော်ဟစ်ကြသည်။

ထိုစဉ်မှာပင်...

ငွေကိုယ်ရံတော်သည် ရွှေကိုယ်ရံတော်၏ လည်ဂုတ်အား ဖမ်းဆုပ်ထားလိုက်လေသည်။

သခင်မလေး၏မျက်နှာ မည်းမှောင်သွားလေ၏။

"ဒါဘာလုပ်တာလဲ"

ရွှေကိုယ်ရံတော်က မချိပြုံးပြုံးလိုက်သည်။

"ကျွန်မ သူ့ကို သတ်မလို့"

သခင်မလေး ထိုင်ရာမှ ထလိုက်ပြီး...

"ညည်း အခု သူ့ကို လွှတ်လိုက်"

ငွေကိုယ်ရံတော်က ရယ်မောလိုက်လေသည်။

"သူက ကျွန်မကို အကောက်ကြံတဲ့အတွက် သူ့ကို ကျွန်မ သတ်ရလိမ့်မယ်"

သူမသည် ပြောပြီးသည်နှင့် လက်ဝါးစောင်းဖြင့် ရွှေကိုယ်ရံတော်၏ လည်ဂုတ်သို့ ခုတ်ချလိုက်သည်။

"ဝုန်း"

ရွှေကိုယ်ရံတော်၏ ဦးခေါင်းသည် ငိုက်စိုက်ကျသွားသည်။

ငွေကိုယ်ရံတော်သည် ဆင်းလုအား သူ့အခန်းဆီသို့ ခေါ်ဆောင်သွားသည်ဟူသော သတင်းအား မည်သူမျှ သခင်မဆီသို့ မပို့နိုင်၊ သိလည်းမသိကြဟု ယူဆခဲ့သည်။

သို့သော် သူ့လက်အောက်ငယ်သားများက သတင်းပို့ခဲ့



သလားဟု ထင်မိပြန်သဖြင့် ပြန်လည်စစ်ဆေးခဲ့သည်။

ထိုအခါ မဟုတ်ပြန်ပေ။

ရေနွေးကြမ်းခရားထဲ ရွှေကိုယ်ရံတော် အဆိပ်ခတ်နိုင်ကြောင်း သိရှိသွားသောအခါတွင်မူ ရွှေကိုယ်ရံတော်ကို အလွန်တရာ မုန်းတီးခဲ့၏။

ယခင်က ညီအစ်မများကဲ့သို့ နေခဲ့ခြင်းများကို မထောက်ထားဘဲ သူ့အပြစ်ကျအောင် သခင်မအား တိုင်တန်းခဲ့ခြင်းအပေါ် အလွန်နာကျည်းသွားသည်။

ထို့ကြောင့် ရွှေကိုယ်ရံတော်အား လွန်စွာ မုန်းတီးသွားလေ၏။

ထို့ကြောင့် သူသည် တစ်ဆုံးတစ်ဆ လုပ်လိုက်ခြင်း ဖြစ်ပါ၏။

ထိုအခါမှ ငွေကိုယ်ရံတော်က ရွှေကိုယ်ရံတော်ကို လွှတ်လိုက်သည်။

ရွှေကိုယ်ရံတော်၏ ခန္ဓာကိုယ်သည် ရုပ်သေးကြိုးပြတ် မြေပေါ်သို့ လဲကျသွားလေတော့၏။

သခင်မလေး၏မျက်နှာတစ်ခုလုံး ဒေါသထွက်လွန်း၍ နီရဲ

လာသည်။

"သေပေတော့"

သူမသည် ထိုသို့ ပြောပြီးသည်နှင့် ငွေကိုယ်ရံတော်ထံသို့ ခုန်ချလိုက်သည်။

သူ၏လက်ဝါးနှစ်ဖက်သည် ငွေကိုယ်ရံတော်၏ ရင်ဝသို့ တိုက်နိုက်လိုက်သည်။

"ဝုန်း"

ငွေကိုယ်ရံတော်၏ရင်ဝသို့ သခင်မလေး၏လက်ဝါး ထိမှန်သွားသဖြင့် နောက်သို့ ယိမ်းယိုင်သွားသည်။

ထိုမြင်ကွင်းကို တွေ့လိုက်ရသော ဆင်းလုမှာ ရင်ထိတ်သွားပြီး...

"ညီမ"

ဟု လွှတ်ခနဲ အော်လိုက်မိ၏။

သခင်မလေးက ငွေကိုယ်ရံတော် လည်ဂုတ်အား ဖမ်းဆွဲထားသည်။

ပြီးမှ...

သူမသည် ဓါးကို တင်းတင်းကြိတ်လိုက်သည်..



"နင့်ကို သတ်ပစ်ရမယ်"

သူမသည် ပြောပြီး ငွေကိုယ်ရံတော်၏ သွေးကြောများကို ဖိတ်လိုက်ပြီး အဘိုးအို၏လက်သို့ အပ်လိုက်သည်။

သခင်မလေးသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

သူမသည် ငွေကိုယ်ရံတော်၏ အပြုအမူကြောင့် ဒေါသအမျက် ချောင်းချောင်း ထွက်နေ၏။

"ကျောက်စိမ်းကိုယ်ရံတော်"

ကျောက်စိမ်းကိုယ်ရံတော်က ထိုင်ရာမှထ၍ ဦးညွှတ်လိုက်ပြီး ပြောလိုက်၏။

"ရှိပါတယ် သခင်မလေး"

"ငွေကိုယ်ရံတော်က ရန်သူကို ဖက်ထားတဲ့အတွက် ဘယ်လိုအပြစ်ဒဏ်မျိုး ပေးသင့်သလဲ"

"မြင်း(၂)ကောင်နဲ့ ဆွဲပြီး အပြစ်ဒဏ်ပေးရပါမယ်"

"နန်းတော်ထဲမှာ ရွှေကိုယ်ရံတော်ကို သတ်ခဲ့တဲ့အတွက် ဘယ်လိုအပြစ်ဒဏ် ခံသင့်သလဲ"

"ဒီလို အဖြစ်မျိုး တစ်ခါမှ မဖြစ်ဘူးတဲ့အတွက် စည်းကမ်း

ချက်ထဲမှာ ဖော်ပြမထားပါဘူး၊ ဒါကြောင့် သခင်မလေး ကြိုက်သလို အပြစ်ဒဏ် စီရင်နိုင်ပါတယ်"

သခင်မလေးက ခေါင်းတစ်ချက်ညိတ်ပြီး ဆင်းလုဘက်သို့ မျက်လုံးဝေ့ကြည့်ကာ...

"ဆင်းလုက ကျုပ်တို့လူ ဘယ်နှစ်ယောက် သတ်ခဲ့သလဲ"

"(၄)ယောက်ပါ သခင်မလေး"

သခင်မလေးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ဆင်းလုရဲ့ သွေးကြောကို ဖြေပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ သခင်မလေး"

ကျောက်စိမ်းကိုယ်ရံတော်က ဆင်းလု၏ ပိတ်နေသော သွေးကြောများကို ဖြေပေးလိုက်၏။

ဆင်းလုမှာ သွေးကြောများ ပွင့်သွားပြီ ဖြစ်သဖြင့် ကိုယ်လက်လှုပ်ရှား၍ ရသွားသည်။

သူ့အနေဖြင့် သွေးကြောများ ပွင့်သွားပြီ ဖြစ်သော်လည်း ငွေကိုယ်ရံတော်မှာ သွေးကြောအပိတ်ခံနေရ၏။

ထိုစဉ်မှာပင်...

အဘိုးအိုတစ်ယောက်သည် ထိုင်ရာမှ ထလိုက်ပြီး ကျောက်



စိမ်းလည်ဆွဲတစ်ခုကို သခင်မလေးအား ပြလိုက်၏။

"အဘိုးပြတာ ကျောက်စိမ်းလည်ဆွဲလား"

"ဟုတ်ပါတယ် သခင်မလေး"

အဘိုးအို လက်ထဲက ပစ္စည်းကို ဆင်းလုကလည်း လှမ်းမြင် ရ၏။

သူသည် ထိတ်လန့်သွားပြီး သူ့အင်္ကျီအိတ်အတွင်းကို စမ်း ကြည့်လိုက်မိ၏။

ဆင်းလုသည်အဘိုးအို လက်ထဲမှ ကျောက်စိမ်းလည်ဆွဲကို သူ့ပစ္စည်းမှန်း ချက်ချင်း သိလိုက်၏။

သူသတိမေ့နေတုံး တွေ့သွားတာ ဖြစ်မည်ဟု အတတ်ထင် မိလိုက်၏။

"ကျုပ် မသိခင် ကျုပ်ပစ္စည်းကို ဘာလို့ ခိုးယူရတာလဲ၊ ပြန်ပေးပါ"

ဆင်းလု၏စကားကြောင့် သခင်မလေးက ပို၍ စိတ်ဝင်စား လာကာ...

"အဘိုး ဒီလည်ဆွဲကို ဘယ်က ရသလဲ"

"ဆင်းလု မေ့နေတုံးက သူ့အင်္ကျီအိတ်ထဲက ထွက်ကျလာ

တာပါ"

ဆင်းလုက ဒေါသကြီးစွာဖြင့်...

"ကျုပ်လည်ဆွဲကို ပြန်ပေးပါ"

သခင်မလေးက ကြားဖြတ်လိုက်၏။

"လည်ဆွဲ ကျွန်မကို ပေးစမ်း"

အဘိုးအိုသည် ယင်းလည်ဆွဲအား ယူ၍ စင်မြင့်ပေါ် တက်လာကာ သခင်မလေးဘက်သို့ ပေးအပ်လိုက်လေ၏။



အခန်း(၄၈)

## အလဲအလှယ်

သခင်မလေးသည် အဘိုးအို လှမ်းပေးလိုက်သော အသည်းပုံလည်ဆွဲကို တွေ့ရသောအခါ မျက်နှာပျက်သွားလေ၏။

"ဟင်"

အာမေဋိတ်သံ လွတ်ခနဲ ထွက်သွားမိသည်။

သူမစိတ် အလွန်လှုပ်ရှားသွားလေ၏။

သူမသည် ထိုအသည်းပုံ ကျောက်စိမ်းလည်ဆွဲအား သေသေချာချာ ကြည့်ပြီးနောက် ဆင်းလုအား လှမ်းကြည့်လိုက်၏။

"ဒီလည်ဆွဲကို မင်းဘယ်က ရလာတာလဲ"

ဆင်းလှက နှုတ်ခမ်းမဲ့လိုက်၏။

"ဘာလဲ ခင်ဗျား လိုချင်ပြန်ပြီလား"

သခင်မလေးက မျက်မှောင်ကုပ်သွားသည်။

"ပြောစမ်း၊ ဒီလည်ဆွဲ ဘယ်က ရလာတာလဲ"

"ကျုပ် ဘယ်က ရလာတယ်ဆိုတာ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

သခင်မလေး၏မျက်နှာ အနည်းငယ် ပျက်သွားသည်။

"မင်း မပြောဘူးလား"

"မပြောဘူး"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကောင်းပြီလေ၊ မပြောယင် ဒီပစ္စည်း ကျုပ်သိမ်းလိုက်တော့မယ်"

ဆင်းလှက မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ခင်ဗျား အတော် ယုတ်မာပါလား"

"မင်းပြောချင်တာပြော၊ ကျုပ် အပိုင်သိမ်းလိုက်တော့မယ်"

သူမသည် ပြောယင်း ထိုလည်ဆွဲအား သူမ၏အိတ်ထဲသို့ ထည့်ထားလိုက်သည်။

ဆင်းလှသည် ဒေါသထွက်လွန်း၍ အံကို တင်းတင်းကြိတ်



နေသည်။

သခင်မလေးက သူ့အား စိုက်ကြည့်လိုက်သည်။

ထို့နောက်...

သူမက မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒီမှာ ဆင်းလှ မင်းက နဂါးပုလဲနဲ့ ကျောက်စိမ်းကြေးမုံကို ဘယ်မှာထားခဲ့သလဲ"

ဆင်းလှက ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ကျုပ်မပြောဘူး"

သခင်မလေးက သူ့ကို စူးစိုက်စွာ တစ်ချက် စိုက်ကြည့်လိုက်၏။

"မင်း တကယ် မပြောဘူးလား"

ဆင်းလှက အံကို တင်းတင်းကြိတ်လိုက်၏။

"ကျုပ်အသက် သေချင်သေသွားပါစေ မပြောဘူး"

"မင်း တကယ် မပြောဘူးလား"

ဆင်းလှက အံကြိတ်လိုက်၏။

"ကျုပ် ဘယ်နှစ်ခါ ပြောရမလဲ"

"ကောင်းပြီ မင်းက မပြောဘူးဆိုယင် ကျုပ်က ငွေကိုယ်ရဲ့

တော်ကို သတ်လိုက်မှာပဲ"

ဆင်းလုမှာ သခင်မလေး၏ စကားကြောင့် ကြ..်သေသေသွားသည်။

သခင်မလေးက စကားဆက်လိုက်သည်။

"ဒီမှာ ဆင်းလု ဒီပစ္စည်းနှစ်မျိုး ဘယ်မှာ ရှိတယ်ဆိုတာ မပြောယင် ငွေကိုယ်ရံတော် ဘယ်လိုဝေဒနာခံပြီး သေရမယ်ဆိုတာ မင်းသိမှာပါ"

သခင်မလေး၏ စကားကြောင့် ဆင်းလု တွေဝေသွားသည်။

ငွေကိုယ်ရံတော်သည် မိမိ၏အသက်ကို အကြိမ်ကြိမ် ကယ်တင်ခဲ့သည်။

ယခုလည်း သူမသည် မိမိအား ကယ်တင်မိသောကြောင့် အသက်ဆုံးရှုံးရပေတော့မည်။

သူ ငြင်းဆန်နေလျှင် ငွေကိုယ်ရံတော်အား မစာနာရာကျပေလိမ့်သည်။

လက်ပိုက်ကြည့်နေပါက ယောကျ်ားပီသရာ ကျမည်မဟုတ်ဟု ယူဆလိုက်၏။



ထို့အပြင်...

သူသည် ငွေကိုယ်ရံတော်အပေါ် သံယောဇဉ် ကြိုးတွယ်မိနေပြီ မဟုတ်ပါလော။

သူသည် အနည်းငယ် တွေဝေသွားပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

"တကယ်လို့ ကျုပ်က ဒီပစ္စည်းနှစ်ခုကို ပေးမယ်ဆိုယင်ကော"

သခင်မလေးက ပြုံးရွှင်စွာဖြင့်...

"ကျုပ်က ငွေကိုယ်ရံတော်ကို အသက်ချမ်းသာရာ ပေးလိုက်မယ်"

ဆင်းလုက သခင်မလေးကို စူ းစိုက်ကြည့်လိုက်၏။

"ခင်ဗျား ကတိတည်ရဲ့လားဗျ"

"ကျွန်မကို ဘယ်လိုလူစားမျိုး ထင်နေလို့လဲ"

ငွေကိုယ်ရံတော်က ရုတ်တရက် အော်လိုက်သည်။

"အစ်ကို ကျွန်မအတွက် ဘာမှ မပေးရဘူး"

ဆင်းလုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေ၊ အစ်ကို့အတွက်နဲ့ မင်းအသက် ဆုံး

ရှုံးသွားတာ ဘယ်ကြည့်နိုင်မလဲ၊ မင်းရဲ့ အသက်ကို တန်ဖိုးထားတယ်"

ငွေကိုယ် တော်က အံကို တင်းတင်းကြိတ်လိုက်သည်။

"အစ်ကို တကယ်လို့များ အစ်ကိုက ကျွန်မကို ချစ်တာမှန်ယင်၊ ဒီလိုမလုပ်ပါနဲ့ အစ်ကိုထမ်းဆောင်ရမယ့် တာဝန်တွေ မေ့နေပြီလား"

ငွေကိုယ်ရံတော်၏ စကားကြောင့် ဆင်းလု ရင်ထဲမှာ အကြီးအကျယ် လှုပ်ရှားသွားလေသည်။

ငွေကိုယ်ရံတော်၏စကားသည် အလွန်မှန်ကန်လှပေသည်။

ယခု သူသည် ချစ်သူနှင့် အဖွဲ့၏ တာဝန်နှစ်ခုအနက် တစ်ခုကို ရွေးချယ်ရမည်။

ထို့ကြောင့်...

သူသည် တွေဝေတွေးတောနေလေတော့သည်။

ဆင်းလုသည် မည်သူ့ကိုမျှ မကြည့်ဘဲ တွေဝေနေ၏။

နန်းတော်တစ်ခု သည်း တိတ်ဆိတ်၍ နေလေ၏။

အားလုံးသော ဆင်းလု၏ဖြေကြားမည့် စကားကို မျှော်နေကြသည်။



ဆင်းလုသည် အတန်ကြာ စဉ်းစားတွေးတောပြီးနောက် တစ်စုံတစ်ခုအား ယတိပြတ် ဆုံးဖြတ်လိုက်သည်။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး...

"ကျုပ်ပစ္စည်းမပေးဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

ဆင်းလု၏အဖြေကို ကြားရသောအခါ သခင်မလေး၏ မျက်နှာမှာ ညှိုမည်းသွားသည်။

"ရှင့်ချစ်သူ အသတ်ခံရတာကို ကြည့်ချင်တယ်ပေါ့"

ဆင်းလု စကားမပြန်နိုင်မီ ငွေကိုယ်ရံတော်က ကြားဖြတ်လိုက်သည်။

"ဟုတ်တယ်"

ဆင်းလုမှာ အံကြိတ်ပြီး မည်သည့်စကားမျှ ထပ်မပြောပါ။

သခင်မလေးက အေးတိအေးစက် အသံဖြင့်...

"ကောင်းပြီလေ၊ ရှင့်ရဲ့ချစ်သူ ဘယ်လိုပြစ်ဒဏ်ခံပြီး သေမယ်ဆိုတာ ကြည့်နေပေတော့"

သူမသည် ပြောပြီးသည်နှင့် အတိုးအိုဘက်သို့ လှည့်လိုက်သည်။

"ငွေကိုယ်ရံတော်ကို သတ်ဖို့ ထုတ်သွားစမ်းပါ"

ဆင်းလုသည် ယင်းစကား ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တုန်ခါသွားလေတော့သည်။

အဘိုးအိုသုံးယောက်သည် ငွေကိုယ်ရုံတော်ကို ချည်နှောင်ကာ အဆောက်အအုံ အပြင်ဘက်သို့ ထုတ်သွားကြလေ၏။

♠ ♠ ♠

မြေကွက်လပ်တစ်ခုတည်း။

မြေကွက်လပ်၏တစ်ဖက်တွင် လူတစ်ရပ်စာမျှ မြင့်သည့် စင်မြင့်ပေါ်၌ ဘီလူးနန်းတော်သခင်မလေးက ကုလားထိုင်ပေါ်၌ ထိုင်နေ၏။

စင်မြင့်အောက်တွင် ဘီလူးနန်းတော်မှ အဖွဲ့သားများ တန်းစီ၍ ရပ်နေသည့်အပြင် ဆင်းလုမှာ စင်မြင့်အောက်တွင် ရပ်လျက်ရှိနေသည်။

ဆင်းလု၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ကျလျက်ရှိနေ၏။

သူ၏မျက်လုံးအစုံသည် မြေကွက်လပ်စင်၏အလယ်တွင်



စိုက်ထူထားသော တိုင်တစ်တိုင်ပေါ်၌ ကြိုးဖြင့် တုပ်နှောင်ထားသော ငွေကိုယ်ရုံတော်အား စိုက်ကြည့်နေ၏။

ငွေကိုယ်ရုံတော်မှာမူ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သဘောထားသည့်ပုံဖြင့် မည်သူ့ကိုမျှ မကြည့်ဘဲ ခေါင်းစိုက်ချထား၏။

သူမသည် တကယ်တော့ ဘီလူးနန်းတော်၏ သစ္စာခံပင်ဖြစ်သည်။

သူ့အား ရွှေရုံတော် အခန်းအထိ ဘီလူးနန်းတော်က မြှောက်ခဲ့သည်။

ဘီလူးနန်းတော်အပေါ် သူသစ္စာစောင့်သိလိုပါသော်လည်း ဆင်းလုအပေါ် ချစ်သည့်အချစ်ကြောင့် ဘီလူးနန်းတော်အပေါ် သူသစ္စာမစောင့်နိုင်တော့ပါ။

သူ့အား တိုက်ခိုက်သူမှန်သမျှ ဆင်းလုအား တိုက်ခိုက်မည့်သူမှန်သမျှကို သူရှင်းလင်းပစ်သည်။

ယခုတော့ အားမတန် မာန်လျှော့ရလေပြီ။

ငွေကိုယ်ရုံတော်၏ ခြေရင်းပတ်ပတ်လည်တွင် သစ်ကိုင်းခြောက်များ စုပုံထား၏။

သူမ၏အနီးတွင် အနက်ရောင်အင်္ကျီဝတ်ဆင်ထားသော လူတစ်ယောက်က မီးတုတ်ကိုင်ဆောင်ထားလေသည်။

မြေကွက်လပ်၏ လေးဘက်လေးတန်တွင် မီးတုတ်များကိုင်ဆောင်ထားသော လူများသည် မီးတုတ်များကို မီးထွန်းညှိကာ မြှောက်ကိုင်ထားသဖြင့် မြေကွက်လပ်တစ်ခုလုံး ထိန်လင်း၍ နေသည်။

မြေကွက်လပ်ပေါ်တွင် လူမြောက်မြားစွာ ရှိနေသော်လည်း အသံလုံးဝ မကြားရပါ။

လူတစ်ယောက်မျှ ရှိမနေပါဟု ပြောရလောက်အောင် အသံ တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ထိုစဉ် ကျောက်စိမ်းကိုယ်ရံတော်က သခင်မလေးရှေ့သို့ ခြေလှမ်းလှမ်းလိုက်ပြီး ဦးညွှတ်လိုက်လေသည်။

"အားလုံး အဆင်သင့် ဖြစ်နေပါပြီ သခင်မလေး"

သခင်မလေးက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်ရာ ကျောက်စိမ်းကိုယ်ရံတော်က ဘေးသို့ဆုတ်၍ ရပ်သွားသည်။

သခင်မလေးက ဆင်းလုအား လှည့်ကြည့်လိုက်သည်။

"ဆင်းလု ရှင်ဆုံးဖြတ်ပြီးပြီ ဟုတ်လား"



ဆင်းလုက အံကိုတင်းတင်း ကြိတ်လိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။

သခင်မလေးက အေးတိအေးစက် အသံဖြင့်...

"ကောင်းပြီလေ၊ ရှင့်ချစ်သူကို ဘယ်လို သေသွားမယ်ဆိုတာ ရှင်ကိုယ်တိုင် တွေ့ရမှာပေါ့"

ဆင်းလုက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

"ခင်ဗျား သူ့ကို သတ်လိုက်ယင် ကျုပ်ကလဲ သူ့အတွက် လက်စားချေမှာပဲ"

ဆင်းလု၏စကားကြောင့် ငွေကိုယ်ရံတော်မှာ ခေါင်းထောင်၍ ကြည့်လိုက်၏။

သူမသည် ဆင်းလုကို ကရုဏာသက်စွာဖြင့် ကြည့်နေ၏။

ဆင်းလုမှာ မကြည့်ရက်သဖြင့် မျက်နှာကို လွှဲထားလိုက်လေသည်။

ထိုစဉ်မှာပင်...

သခင်မလေးက လက်ထဲမှ အလံငယ်ကို မြှောက်ထားလိုက်ပြီးနောက်...

"ဆင်းလှ ကျုပ်က အမှတ်စဉ်(၅)အထိပဲ ရေတွက်မယ်၊ မင်းက ပစ္စည်းပေးမယ်လို့ စိတ်ကူးရတယ်ဆိုယင် အချိန်မီ ရပ်နိုင်ပါတယ်"

ဆင်းလှက ဘာမှပြန်၍ မပြောပါ။

သခင်မလေးသည် အသံမြှင့်လိုက်ပြီး စတင်ရေတွက်လိုက်၏။

"တစ်"

ဆင်းလှက အံကို တင်းတင်း ကြိတ်လိုက်သည်။

"နှစ်"

ဆင်းလှ၏ မျက်လုံးအစုံသည် မီးတောက်မီးလျှံပမာ နီရဲလာလေသည်။

"သုံး"

ယခုအကြိမ် ဆင်းလှ၏ မျက်လုံးအစုံသည် ငွေကိုယ်ရံတော်အား လှမ်းကြည့်လိုက်သည်။

ငွေကိုယ်ရံတော်က သူ့အား ပြုံးပြနေသည်ကို တွေ့ရလေသည်။

သို့သော်...



သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံ ရှိနေသည်ကို တွေ့ရသည်။

"လေး"

ငွေကိုယ်ရံတော်သည် မျက်လုံးစုံမှိတ်ထားလိုက်သည်။

မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်း၍ ကျလာလေသည်။

"ငါး"

ဆင်းလှ မနေနိုင်တော့ပါ။

သူသည် အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်လေသည်။

"ရပ်လိုက် သူ့ကို မသတ်နဲ့"

သခင်မလေးက ဆင်းလှအား အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"ရှင်ပစ္စည်းပေးရမယ်ဆိုတာကို ရှင်လက်ခံပြီပေါ့"

ဆင်းလှက ဒေါသကြီးစွာဖြင့်...

"သူ့ကို လွှတ်ပေးလိုက်ပါ"

ဆင်းလှက သခင်မလေးကို စိမ်းစိမ်းပြန်ကြည့်လိုက်၏။

"ကျုပ်လက်ခံတယ်"

ထိုစဉ်မှာပင်...

ငွေကိုယ်ရံတော်က အသံကျယ်လောင်စွာဖြင့် အော်လိုက်သည်။

"အစ်ကို လက်မခံပါနဲ့"

"ညီမ လူ့အသက်ထက် ဘာမှ တန်ဖိုးမရှိပါဘူး"

"မဟုတ်ဘူး အစ်ကို ပြန်စဉ်းစားပါအုံး၊ ညီမကို မငဲ့ပါနဲ့"

"ကိစ္စမရှိဘူး ညီမ အစ်ကို စဉ်းစားပြီးပါပြီ"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ငွေကိုယ်ရံတော်ကို လွှတ်လိုက်"

အနီး၌ ရပ်နေသောလူက ငွေကိုယ်ရံတော်အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်သည်။

ငွေကိုယ်ရံတော်သည် ကြိုးများ ပြေသွားသည်နှင့် ဆင်းလုထံ ပြေးလာပြီး ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေသည်။

သူမသည် လှိုက်လှိုက်လှဲလှဲ ငိုကြွေးလေတော့သည်။

ဆင်းလုသည် သူမ၏ဆံပင်များကို အသာအယာ ပွတ်သပ်ယင်း...



"မငိုပါနဲ့တော့ ညီမရယ်"

ဟုနှစ်သိမ့်လိုက်လေတော့သည်။

မည်မျှကြာသွားမှန်းမသိ ဆင်းလုသည် သခင်မလေး အသံကြားလိုက်ရတော့မှ သတိရလာလေသည်။

"ဆင်းလု ရှင်ပေးတဲ့ ကတိအတိုင်း ပစ္စည်းပေးပါ"

ဆင်းလုက ငွေကိုယ်ရံတော်အား သိုင်းဖက်ထားယင်း ခေါင်းခါယမ်းလိုက်သည်။

"ပစ္စည်းတွေ ကျုပ်ဆီ ပါမလာဘူး"

"ဒါဖြင့် ဘယ်မှာ ထားသလဲ"

ဆင်းလုက သူမကို စိမ်းစိမ်းကြည့်လိုက်ပြီး...

"ခင်ဗျား ပစ္စည်းရယင် ပြီးရောပေါ့ အပိုမေးမနေနဲ့"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ (၃)ရက်အတွင်းမှာ ရှင်က ပစ္စည်းယူလာယင် ကျုပ်က ငွေကိုယ်ရံတော်ကို ရှင့်လက် အပ်လိုက်မယ်"

ထိုစဉ်မှာပင် အဝေးမှ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟော့ မင်းတို့ သခင်မလေးကို အတွေ့မခံယင်တော့ မင်းတို့

နန်းတော်ကို မီးရှို့မယ်ကွ သိလား"

ယင်းအသံကို ကြားသည်နှင့် ဆင်းလုက အံ့သြဝမ်းသာသွားသည်။

"ဟင် ချိုလုပါလား"

သူသည် လွှတ်ခနဲအသံ ထွက်သွားလေသည်။

ထိုစဉ်မှာပင် အနက်ရောင်ဝတ်ထားသော လူတစ်ယောက်က ပြေးဝင်လာပြီး သခင်မလေးရှေ့ ဒူးတစ်ဘက် ထောက်လိုက်၏။

"သခင်မလေး လူတစ်ယောက်က သခင်မလေးကို တွေ့ချင်တယ်ဆိုပြီး အတင်းဝင်လာနေပါတယ်"

သခင်မလေးက မျက်မှောင်ကုပ်သွားသည်။

"မင်းတို့က မတားကြဘူးလား"

"တားပါတယ်၊ ဒါပေမယ့် ဒီလူက အတော့်ကို ဆိုးတယ်၊ ကျုပ်တို့လူတွေ ဒဏ်ရာသာရတယ် သူ့ကို တားလို့ မရဘူး"

"ဒီလူက ရှင့်ရဲ့မိတ်ဆွေ ဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သခင်မလေးက အနက်ရောင်ဝတ်ဆင်ထားသူအား...



"ဒီလူကို သွားခေါ်ခဲ့"

"ဟုတ်ကဲ့ပါ သခင်မလေး"

အနက်ရောင်ဝတ်ထားသူသည် ဦးညွှတ်လိုက်ပြီး ပြေးလွှားထွက်ခွာသွားလေတော့၏။

ဆင်းလုဘက်က ကံတရားအလေးသာ စေလေပြီ။

သူ့ကို ကူညီသူများ ရောက်ရှိလာပြီ မဟုတ်ပါလား။

♠ ♠ ♠

## အခန်း(၄၉)

## အပြစ်ပေးခြင်း

လူရှိုသည် အနောက်ရောင်ဝတ်ဆင်ထားသော လူများ ခြံရှေ့ ရောက်ရှိလာသည်။

လူရှိုသည် ဆင်းလုအား တွေ့မြင်လိုက်သည်နှင့် ဝမ်းသာသွားပြီး လှမ်းခေါ် လေ၏။

"ညီလေး"

"အစ်ကိုကြီး"

ဆင်းလုလည်း ဝမ်းသာသွားသည်။

သခင်မလေးက လူရှိုအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။



"ရှင်က ခွင့်မတောင်းဘဲ ဘာဖြစ်လို့ ရမ်းရမ်းကားကားနဲ့ သူများ ပိုင်နက်ထဲကို ဝင်ခဲ့ရတာလဲ"

လူရှိုကို သုန်သုန်မှုန်မှုန်နှင့် ပြောလေ၏။

သူစိတ်ဆိုးနေပုံရသည်။

"ခင်ဗျား လူတွေ မေးကြည့်ပါဦး။ ကျုပ်က ရမ်းရမ်းကားကား ဝင်လာသလားလို့၊ ကျုပ်က ခင်ဗျား လူတွေကို ခင်ဗျားတို့ရဲ့ သခင်မလေးနဲ့ တွေ့ပါရစေလို့ ဝင်ခွင့်တောင်းပါတယ်၊ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံပါတယ်၊ ခင်ဗျား လူတွေက ဘာပြောသလဲ၊ 'မရဘူး'ဆိုတဲ့ ဘူးတစ်လုံးကိုပဲ ခဏခဏပြောတယ်၊ ယဉ်ကျေးလို့ မရတော့ ကျုပ်ရမ်းကားရတာပေါ့၊ အဲဒါ ကျုပ်အပြစ်လား၊ ခင်ဗျား လူတွေရဲ့ အပြစ်လား"

သခင်မလေးက ရှိုလုကို စိမ်းစိမ်းကြည့်လိုက်သည်။

"ရှင်က ကျုပ်တို့ လူတွေကို ဒဏ်ရာရအောင် သတ်ခဲ့တယ် ဟုတ်လား"

ရှိုလုက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား တိုက်ပွဲတွေ မကြုံဖူးဘူးလား၊ ကိုယ့်ကို အသေသတ်ဖို့ ကြံနေတဲ့ ရန်သူတွေကို ဘယ်သူတွေက ပန်းနဲ့ ပေါက်ပြီး

ခုခံကာကွယ်ကြမှာပဲ၊ ထိုနိုက်သေကြေတယ်ဆိုတာ တိုက်ပွဲတွေမှာ ဖြစ်တတ်တဲ့ သဘောတွေပါ၊ ကျုပ် အခု ရောက်လာတယ်၊ ဆင်းလှကို လွှတ်ပေးဖို့ပဲ၊ လွှတ်မလွှတ်ကတော့ ခင်ဗျားရဲ့ သဘောပဲ၊ ကျုပ်ကတော့ အစွမ်းကုန် တိုက်မယ်၊ ဘီလူးနန်းတော်ကို မီးနဲ့ ရှို့မယ်"

"ရှင် ခြောက်တိုင်း ကျွန်မက ကြောက်ရမှာလား"

သူမသည် စကားဆုံးသည်နှင့် ကျောက်စိမ်းကိုယ်ရံတော်ဘက်သို့ လှည့်လိုက်ပြီး...

"သူ့ကို ဖမ်းထားလိုက်စမ်း"

ကျောက်စိမ်းကိုယ်ရံတော်က သခင်မလေး၏ အမိန့်ကို ကြားလိုက်ရသည်နှင့် လှချိုအား လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

လှချိုက အညှံ့မခံဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

သခင်မလေးသည် လှချို၏ တိုက်ခိုက်မှုကို အကဲခတ်နေ၏။

သူတို့သည် သိုင်းကွက် (၄-၅)ကွက်မျှ တိုက်ခိုက်မိသောအခါ သခင်မလေးက ရင်ထိတ်သွားသည်။

အဘယ်ကြောင့်ဆိုသော်...

လှချို၏သိုင်းပညာမှာ အံ့မခန်းလိလိ အဆင့်မြင့်နေသောကြောင့်တည်း။



အကယ်၍သာ ဒီအတိုင်း ဆက်လက်သွားပါက ကျောက်စိမ်းကိုယ်ရံတော်သည် ခံနိုင်မည် မဟုတ်ဟု နားလည်လိုက်သည်။

ထို့ကြောင့်...

သူမသည် ထိုင်ရာမှ ထလိုက်သည်။

"ရပ်လိုက်"

သူမသည် ယင်းသို့ ပြောယင်း ကျောက်စိမ်းကိုယ်ရံတော်နှင့် လှချို အကြားသို့ ဝင်ရောက်ရပ်တန့်လိုက်သည်။

တဆက်တည်းမှာပင် လက်ဝါးတစ်ဖက်ဖြင့် လှချိုအား တွန်းထုတ်လိုက်လေသည်။

လှချိုသည် မမျှော်လင့်ဘဲ အတိုက်အခိုက် ခံလိုက်ရသဖြင့် နောက်သို့ ခြေလှမ်းဆယ်လှမ်းခန့် ဆုတ်သွားရသည်။

လှချိုသည် အံ့သြစွာ သခင်မလေး ကြည့်မိသည်။

သခင်မလေးက သူ့ကို မဲ့ပြုံးပြုံး၍ ကြည့်နေ၏။

ဆင်းလှ အနေဖြင့် ဤမျှ နုနယ်လှပသော မိန်းကလေးတစ်ယောက်က ဤမျှ သိုင်းပညာ အဆင့်မြင့်လိမ့်မည်ဟု မထင်မိချေ။

သခင်မလေးက အေးတိအေးစက်ဖြင့် သူ့အား တစ်ချက်ကြည့်လိုက်သည်။

"ရှင်က ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ"

လူချိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ပြောပြီးပြီပဲ၊ ဆင်းလုကို လွှတ်မပေးယင် ခင်ဗျား နန်းတော်ကို မီးရှို့မယ်လို့"

သခင်မလေးက အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

"ရပါတယ်၊ ဒါပေမယ့် ကျွန်မကို နိုင်အောင် တိုက်ခိုက်နိုင်ပါ့ မလား ဆိုတာ ကြည့်ရသေးတာပေါ့"

လူချိုက ရယ်မောလိုက်သည်။

"ဘီလူးနန်းတော်ပိုင်ရှင်ဆိုတာ အတော်ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်လို့ ထင်မိတယ်၊ အခုတော့ နုတ်သမီး ထက်တောင် လှတဲ့သူနဲ့ တွေ့နေရတယ်၊ ခင်ဗျားနဲ့ တိုက်ခိုက်လို့ သေသွားယင်လဲ ကျုပ်က မရှုံးပါဘူးဗျာ"

သူသည် ပြောပြီးသည်နှင့် လက်ဝါးဖြင့် ခပ်ဖွဖွကလေး ခုတ်ချလိုက်သည်။

သခင်မလေးက မဲ့ပြုံးပြုံးလိုက်ပြီး ရှောင်တိမ်းလိုက်သည်။

သူမသည် လက်(၅)ချောင်းဖြင့် လူချို၏မျက်နှာဆီသို့ တိုက်ခိုက်လိုက်လေ၏။



လူချိုကလည်း လျှပ်တပြက် ရှောင်တိမ်းလိုက်ပြီး ပြန်လည် တိုက်ခိုက်သည်။

သခင်မလေးက လူချို၏တိုက်ကွက်ကို အေးဆေးစွာ ခုခံ လေ၏။

သိုင်းကွက်(၃)ကွက်မျှသာ ယှဉ်ပြိုင်လိုက်ရသည်။

လူချိုသည် သခင်မလေး၏ သိုင်းပညာမှာ ကြောက်မက် ဖွယ် ကောင်းလှသည်ကို သိရှိလိုက်ရသည်။

ထို့ကြောင့်...

သူသည် အံကိုတင်းတင်းကြိတ်ကာ သခင်မလေး၏ တိုက် ခိုက်လာသော လက်ဝါးကို ပိတ်ဆို့လိုက်သည်။

"ဖုတ်"

သို့သော်...

သခင်မလေး၏ လက်ဝါးစောင်းသည် သူ၏လက်ကောက် ဝတ်ပေါ်သို့ ထိမိသွားသည်။

လူချို၏ လက်ကောက်ဝတ်တစ်ခုလုံး အရိုးအဆစ်များ ပြုတ် ထွက်သွားသည့်အလား နာကျင်သွားသည်။

သူသည် ကျန်ရှိနေသော လက်တစ်ဖက်ဖြင့် ထုံထိုင်းနာကျင်

သွားသော လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားရ၏။

ထိုစဉ်မှာပင်...

သခင်မလေး၏လက်ဝါးသည် လူရိုင်း၏ရင်ဝသို့ ရောက်ရှိသွားသည်။

"ရပ်လိုက်"

ဆင်းလုက အသံကျယ်လောင်စွာဖြင့် အချိန်မီ ဟန့်တားလိုက်သည်။

သခင်မလေးသည် ဆင်းလု၏အသံကြောင့် တိုက်ခိုက်မှုကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။

သူမသည် ဆင်းလုအား လှည့်ကြည့်လိုက်သည်။

ဆင်းလုက သူမအား စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားက သူ့ကို တိုက်ခိုက်ယင် ကျုပ်ပစ္စည်း မပေးတော့ဘူးဗျ"

သခင်မလေးက နောက်သို့ ဆုတ်သွားပြီး ရပ်လိုက်သည်။

ဆင်းလုက လူရိုင်းဘက်သို့ လှည့်လိုက်သည်။

"အစ်ကိုကြီး ကျွန်တော် အပ်ထားတဲ့ ပစ္စည်းနှစ်ခု ပြန်ပေးစမ်းပါ"



"ဘာ"

လူရိုင်းက အံ့အားသင့်သွားသည်။

ဆင်းလုက ထပ်မံပြောလိုက်သည်။

"ကျုပ်ပစ္စည်းကို ပြန်ပေးပါ"

လူရိုင်းသည် အတန်ကြာ ကြောင်အမ်းအမ်း ဖြစ်ပြီးမှ အိတ်ထဲ၌ ဝှက်ထားသော နဂါးပုလဲနှင့် ကျောက်စိမ်းကြေးပုံကို ထုတ်ပေးလိုက်သည်။

ထိုစဉ်မှာပင်...

သခင်မလေးက ကြားဖြတ်လုယူရန် ဝင်ရောက်လာသည်။

ဆင်းလုက ထိုပစ္စည်းနှစ်ခုအား ကိုင်လျက် မြှောက်ထားလိုက်သည်။

သူသည် သခင်မလေးကို ခပ်တည်တည်နှင့် စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျား အတင်းလုမယ်လို့ ကြံယင် ကျုပ်က ပေါက်ခွဲလိုက်မယ်"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်ပြီး နောက်သို့ ဆုတ်သွားသည်။

သူမသည် သက်ပြင်းတစ်ချက်ချပြီး...

"ကောင်းပြီလေ၊ ဒီပစ္စည်းနှစ်ခုကို ကျုပ်လက်အပ်ယင် ငွေကိုယ်ရုံတော်ကို ခေါ်သွားနိုင်ပါပြီ"

ဆင်းလုက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် ခေါင်းခါလိုက်ပြီး...

"ခင်ဗျားကသာ သူ့ကို အယင်လွှတ်ပါ၊ သွေးကြောကိုလဲ ဖွင့်လိုက်ပါ"

သခင်မလေးက ခေါင်းညိတ်လိုက်သည်။

"ရပါတယ်၊ ဒါပေမယ့် မင်းက ကတိတည်ပါ့မလား"

ဆင်းလု ရယ်လေတော့သည်။

"ခင်ဗျားက ကျုပ်ကို ဘယ်လိုလူစားလို့ ထင်လို့လဲ၊ ကျုပ်ဟာ ကတိသစ္စာမရှိတဲ့လူ၊ ကိုယ့်အပေါင်းအသင်းတွေ လုပ်ကြံတဲ့လူ၊ ကိုယ့်လင်ကိုယ့်သားကို လုပ်ကြံတဲ့ လူတွေကို ဆုံးမဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ဆိုတာ သိုင်းလောကက လူတော်တော်များများက သိနေကြပြီ၊ ကျုပ်လို လူက ကတိပျက်မှာလား၊ ကတိပျက်ရင် ကျုပ်ဟာ သစ္စာရှိတဲ့ သိုင်းသမား ဘယ်ဟုတ်တော့မှာလဲ၊ ခင်ဗျားဟာ လူဆိုးလူကောင်း ခွဲခြားသိစမ်းပါ"



သခင်မလေးက ငွေကိုယ်ရုံတော်၏ သွေးကြောများကို ဖြေပေးလိုက်သည်။

ထို့နောက်...

ငွေကိုယ်ရုံတော်အား စူးစိုက်ကြည့်ပြီး...

"ကဲ ညည်းကို ကျုပ်က ပြောရအုံးမယ်၊ ညည်းဟာ ဘီလူးနန်းတော်အတွက် တာဝန်များစွာ ဆောင်ရွက်ခဲ့ဖူးတယ်၊ ဘီလူးနန်းတော် ဒီအခြေအနေထိ တိုးတက်လာတာ ညည်းရဲ့ ကြိုးစားမှုတွေ အများကြီးပါတယ်၊ အခုတော့ ဒီအချိန်ကစပြီး ညည်းဟာ ဘီလူးနန်းတော် အဖွဲ့ဝင်တစ်ယောက် မဟုတ်ဘူးဆိုတာ ငါကြေငြာလိုက်ပြီ၊ ဒါပေမယ့် နောက်နောင် ကျုပ်တို့ ဘီလူးနန်းတော်နဲ့ ထိပ်တိုက်မတွေ့ဖို့ မှာလိုက်ပါရစေ"

ငွေကိုယ်ရုံတော်သည် စကားမပြောဘဲ ခေါင်းငုံ့ထားနေတော့သည်။

ဆင်းလုက လူချိဘက် လှည့်လိုက်သည်။

"အစ်ကိုကြီး ကျေးဇူးပြုပြီး ငွေကိုယ်ရုံတော်ကို နန်းတော်ကနေ ခေါ်ထုတ်သွားပါ"

ဟု လူချိကို အကူအညီ တောင်းလိုက်၏။

လူချိုက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ အစ်ကိုကြီး တာဝန်ယူပါတယ်"

သူသည် တဆက်တည်းပင် ဆင်းလုကို မေးလိုက်၏။

"ငါ့ညီကော"

ဆင်းလုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်သွားလို့ မရသေးဘူး"

လူချိုက နားမလည်သလို ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ"

"သူတို့က ခွင့်ပြုမှာ မဟုတ်ဘူး"

လူချိုက သခင်မလေးဘက်သို့ လှည့်လိုက်သည်။

"ဘာလဲ ခင်ဗျားက ဆင်းလုကို မလွှတ်ဘူးလား"

သခင်မလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လူချိုက သခင်မလေးကို စိုက်ကြည့်လိုက်၏။

"ဒါဖြင့် ဘာဖြစ်လို့ ပစ္စည်းနှစ်မျိုးကို တောင်းရတာလဲ"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်တို့ အသက်ဟာ ကျွန်မလက်ထဲမှာ ရှိတယ်ဆိုတာ



သတိထားပါ"

ဆင်းလုက သက်ပြင်းတစ်ချက် ချလိုက်ပြီး ကြားဝင်ပြော သည်။

"အစ်ကိုကြီး မြန်မြန်သာ သွားပါတော့ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့"

ငွေကိုယ်ရံတော်က ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို မလိုက်ယင် ကျွန်မ မသွားဘူး"

ဆင်းလုက အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

"ညီမ အစ်ကို့စကားကို နားထောင်ပြီး အစ်ကိုချိုနဲ့ လိုက် သွားပါ၊ အစ်ကို့မှာ ဆက်လုပ်စရာတွေ ရှိသေးတယ်"

ငွေကိုယ်ရံတော်သည် ငိုကြွေးလေတော့သည်။

ဆင်းလုက လူချိုဘက် လှည့်လိုက်သည်။

"အစ်ကိုကြီး သူ့ကို ခေါ်သွားပါတော့"

လူချိုသည် အခဲမကျေဘဲ သခင်မလေးအား တစ်ချက်ကြည့် လိုက်သည်။

ထို့နောက်...

ဘာမှမပြောဘဲ ငွေကိုယ်ရံတော်ဘက် လှည့်လိုက်သည်။

"ကဲ ညီမ သွားကြပါစို့"

သူသည် ပြောယင်း ငွေကိုယ်ရံတော်၏လက်ကို ဆွဲကာ နန်းတော်ထဲမှ ထွက်ခွာသွားတော့၏။

ငွေကိုယ်ရံတော်သည် ဆင်းလုကို ညှိုးငယ်စွာဖြင့် တစ်ချက်ကြည့်ကာ လူချိုနောက်မှ လိုက်သွားလေ၏။

လူချိုနှင့် ငွေကိုယ်ရံတော်တို့ ထွက်ခွာသွားပြီးနောက် ဆင်းလုသည် လူချိုတို့ အတော်ဝေးဝေး ရောက်သွားပြီဟု စိတ်ချယုံကြည်ပြီးမှ လက်ထဲမှ ပန္နည်းနှစ်မျိုးကို သခင်မလေးလက်သို့ ပေးအပ်လိုက်လေသည်။ ထိုစဉ်မှာပင်...

သခင်မလေး၏ လက်ချောင်းကလေးများသည် ဆင်းလု၏ သွေးကြောများကို လျှပ်တပြက် တောက်လိုက်သည်။

သူမ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်းလှသဖြင့် ဆင်းလုမှာ ရှောင်တိမ်းနိုင်စွမ်း မရှိပါ။

သူ၏တစ်ကိုယ်လုံးသည် ခွန်အားများ ရုတ်တရက် ချို့နဲ့သွားသည်ကို ခံစားလိုက်ရသည်။

သူသည် ဒေါသအမျက် ချောင်းချောင်း ထွက်လာ၏။

ဆင်းလုသည် အံကြိတ်လိုက်ပြီး...



"ဒါ ဘာလုပ်တာလဲ"

သခင်မလေးက မှဲပြုံးပြုံးလိုက်သည်။

"ရှင့်ရဲ့ သွေးကြောကို ပိတ်လိုက်တာလေ"

ဆင်းလုက သခင်မလေးကို စိမ်းစိမ်းကြည့်လိုက်၏။

"ခင်ဗျားက ကတိမတည်ပါလား"

သခင်မလေးက မှဲပြုံးပြုံးလိုက်သည်။

"ကျုပ် ဘယ်နေရာမှာ ကတိမတည်တာလဲ"

"ခင်ဗျား လိုချင်တဲ့ ပန္နည်းလဲ ပေးပြီးပြီ၊ ဘာဖြစ်လို့ ကျုပ်ကို သွေးကြောပိတ်လိုက်ရတာလဲ"

သခင်မလေးက မာကျောခက်ထန်လာသည်။

"ကျွန်မက ငွေကိုယ်ရံတော်ကို လွှတ်ပေးမယ်လို့ ကတိပေးခဲ့တဲ့အတိုင်း လွှတ်ပေးခဲ့ပြီးပြီ၊ ရှင်ကတော့ ကျွန်မတို့ လူတွေကို သတ်ခဲ့တယ်၊ နောက်ပြီး ရှင့်မိတ်ဆွေကလဲ ကျွန်မလူတွေ များကြီးကို သတ်ခဲ့တယ်၊ ဒါတွေအတွက် ရှင့်ကို အပြစ်ပေးရမှာပဲ"

"အို ဒါက ဘာဆိုင်လဲဗျ၊ သူတို့က ရန်ပြုလို့ တို့က မလွဲမရှောင်သာ သတ်ရတာပဲ၊ တိုက်ပွဲဆိုတာကို ခင်ဗျား သတိထားဦးမှပေါ့"

"ဘာပဲဖြစ်ဖြစ် ဒီလို သတ်ဖြတ်ခဲ့တာကိုတော့ ကျွန်မက ခွင့်မလွှတ်နိုင်ဘူး"

သူမသည် ပြောပြီးသည်နှင့် အဘိုးအိုများဘက်သို့ လှည့်လိုက်သည်။

"သူ့ကို မြင်းပေါ်မှာ ချည်ထားပါ"

အဘိုးအိုနှစ်ယောက် ရှေ့သို့ တိုးလာပြီး ဆင်းလုအား ကြိုးဖြင့် ချည်နှောင်ကြသည်။

ဆင်းလုမှ သွေးကြောပိတ်ခံထားရသဖြင့် ဘာမှ ပြန်မလှုပ်နိုင်ချေ။

သူသည် သခင်မလေးအား ခပ်စိမ်းစိမ်း ကြည့်လိုက်ပြီး...

"ခင်ဗျားကို ဘယ်တော့မှ မကျေဘူးဆိုတာ မြဲမြဲမှတ်ထားပါနော်"

သခင်မလေးက ဘာမှပြန်မပြောဘဲ မဲ့ပြုံးပြုံး၍ ကြည့်နေလိုက်သည်။

ထိုစဉ်မှာပင်...

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က မြင်း (၂)ကောင် ဆွဲလာသည်။



အဘိုးအိုသည် မြင်းများအနီး ရောက်လာသည်နှင့် ဆင်းလုအား မြင်းပေါ်သို့ တင်လိုက်သည်။ ထို့နောက်...

အနက်ရောင်ဝတ်ဆင်ထားသောလူက ဆီများ ဆွတ်ထားသော အဝတ်တစ်ခုကို မြင်း၏အမြီးတွင် ချည်နှောင်လိုက်လေ၏။

ထို့ပြင် မီးတုတ်ကိုင်ဆောင်ထားသော လူတစ်ယောက်သည် မြင်း၏အနီးသို့ လာရောက်ရပ်လိုက်သည်။

ဆင်းလုမှာ အခြေအနေကို ရိပ်စားမိလိုက်သဖြင့် အတော်ထိတ်လန့်သွားမိသည်။

သူတို့သည် သခင်မလေး ပေးမည့်အမိန့်ကိုသာ စောင့်နေကြသည်။ ထိုစဉ်မှာပင်...

သခင်မလေးက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရာ မီးတုတ်ကိုင်ဆောင်ထားသော သူသည် မြင်း၏အမြီး၌ ချည်နှောင်ထားသော ဆီဆွတ်အဝတ်စကို မီးရှို့လိုက်လေသည်။

တခဏအတွင်းမှာပင်...

မီးလောင်ကျွမ်းလာသောကြောင့် မြင်းသည် ပူလောင်သော ဝေဒနာ ခံစားလိုက်ရပြီး တစ်ရှိန်ထိုး ပြေးသွားလေတော့၏။

အလွန်ရက်စက် ယုတ်မာသော အပြစ်ပေးခြင်းမျိုးပင် ဖြစ်

လေသည်။

မြင်းသည် မီးလောင်ကျွမ်းသည့်ဒဏ်ကို ခံစားနေရသဖြင့် ခြေဦးတည့်ရာသို့ တရကြမ်း ပြေးလွှားသွားသည်။

မြင်းသည် တောတောင်ကြားတွင် ခုန်ပေါက်ပြေးလွှားနေသဖြင့် ဆင်းလု၏တစ်ကိုယ်လုံးသည် အရိုးများ ပြုတ်ထွက်မတတ် တုန်ခါမှု၏ဒဏ်ကို ခံစားလိုက်ရသည်။

သူ့အနေဖြင့် သွေးကြောပိတ်ထားသည့်အပြင် ကြိုးပါ ချည်နှောင်ခြင်း ခံထားရသဖြင့် ရုန်းကန်လှုပ်ရှား၍ မရချေ။

မကြာမီ မြင်းသည် ချောက်ကမ်းပါး နှုတ်ခမ်းရှိရာသို့ ပြေးလွှားသွား သည်။

ဆင်းလုသည် နက်ရှိုင်းသော ချောက်ကမ်းပါးကို တွေ့မြင်လိုက်ရသဖြင့် ရုတ်တရက် အော်လိုက်မိသည်။

မြင်းကလည်း ဝေဒနာ ခံစားရသောကြောင့် အသံကျယ်လောင်စွာ ဟီလိုက်၏။ ဆင်းလု၏ အော်သံ မဆုံးမီမှာပင်...

သူသည် မြင်းနှင့်အတူ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားတော့သည်။

♠ ♠ ♠



အခန်း(၅၀)

## လူသေသိုင်းသမား

အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားလေ၏။

ဆင်းလုမှာ သတိရလာသောအခါ ရေကန်၏ နံဘေး၌ လဲကျနေသည်ကို သတိပြုမိလိုက်သည်။

သူ၏ကိုယ်တစ်ခြမ်းသည် ရေထဲ၌ ရှိနေသေး၏။

ထို့နောက်...

သူသည် ပြန်လည် သတိမေ့သွားလေတော့သည်။

မည်မျှကြာသွားသည် မသိပေ။

ဆင်းလုသည် ပူနွေးသော နေရောင်ခြည်အရှိန်ကြောင့် ထပ်မံသတိရလာပြန်သည်။

သူ၏မျက်လုံးများမှာ နေရောင်ခြည်ကြောင့် ကျိန်းစပ်နေသည်။ ဆင်းလုသည် လူးလိမ့်၍ ထလိုက်သည်။

"ကျွတ်...ကျွတ်"

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှိနေသော အရိုးအဆစ်များမှ နာကျင်သော ဝေဒနာများ ခံစားလိုက်ရပြီး ပါးစပ်မှလည်း ညည်းညူမိလေသည်။

သူသည် အတွင်းအားကို အသုံးပြု၍ ရှူရှိုက်လိုက်၏။

သွေးကြောများ ပိတ်ဆို့နေသဖြင့် သွေးလည်ပတ်မှုများသည် ပုံမှန်ဖြစ်မလာချေ။

ဆင်းလုမှာ ထိတ်လန့်သွားမိ၏။

ဤသည်မှာ သခင်မလေး၏ လက်ချက်ဖြစ်သည်ကို သူနားလည်လိုက်သည်။

သူသည် ခံပြင်းသောစိတ်နှင့် ဒေါသထွက်လာသည့် စိတ်များသည် တပြိုင်နက်တည်း ဖြစ်ပေါ်လာ၏။

"သခင်မလေး ကျုပ်အသက် မသေယင်တော့ တစ်နေ့တွေ့ကြသေးတာပေါ့ကွာ"

သူက ကြုံးဝါးလိုက်သည်။



ထို့နောက်...

ဆင်းလုသည် ဒယီးဒယိုင်ဖြင့် ရှေ့သို့ လျှောက်သွားလေတော့၏။ သူသည် ရေစပ်မှ တဖြည်းဖြည်း လျှောက်သွားနေသည်။

ဆင်းလုသည် ရှေ့သို့သာ စိုက်စိုက်မတ်မတ် လျှောက်သွားနေသည်။

သူ၏တစ်ကိုယ်လုံးမှာ အလွန်ပင်ပန်း နွမ်းနယ်နေ၏။

ထို့ကြောင့်...

သူသည် ခြေဦးတည့်ရာ လျှောက်သွားနေခြင်း ဖြစ်၏။

မကြာမီ သူသည် တောအုပ်အတွင်း ရောက်ရှိသွားသည်။

တောအုပ်အတွင်းသို့ ရောက်ရှိသွားသောအခါ အစားအစာများ တွေ့လိုတွေ့ငြား ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ယခုအချိန် အစားအစာ တစ်ခုခု စားသောက်လိုက်လျှင် ကောင်းမည်ဟု ဆင်းလု တွေးမိ၏။

အင်အားအနည်းငယ် ပြည့်လာပြီး၊ လူလည်း အနည်းငယ် လန်းလာပေမည် မဟုတ်ပါလား။ ထို့ကြောင့်...

သူသည် မျက်လုံးကို လျှင်လျှင်ထား၍ ကြည့်ရသည်။

သူ၏မျက်လုံးသည် တစ်နေရာသို့ ရောက်ရှိသောအခါ...

သူ၏ခြေလှမ်းများသည် အလိုအလျောက် ရပ်တန့်သွားလေသည်။

ထို့ပြင် သူ၏မျက်နှာပေါ်တွင် ဝမ်းသာသည့် အရိပ်အရောင်များ ပေါ်ထွက်လာသည်။ အဘယ်ကြောင့်ဆိုသော်...

သူရပ်နေသော နေရာနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

ဤကဲ့သို့သော နေရာမျိုး၌ လူတစ်ယောက်အား တွေ့မြင်လိုက်ရခြင်းအတွက် မိမိ၏ အစားအစာ ပြဿနာမှာ လက်ငင်းပြေလည်သွားနိုင်မည် မဟုတ်ပါလား။

ဆင်းလုသည် ထိုလူအနီးသို့ လျှင်မြန်စွာ လျှောက်သွားလိုက်လေ၏။ သို့သော်...

သူသည် ထိုလူအနီးသို့ ရောက်ရှိသွားသောအခါ သူ၏ဝမ်းသာမှုများ ပျောက်ကွယ်သွားပြီး စိတ်ပျက်သွားရလေ၏။

အကြောင်းမှာ...

ယင်းလူသည် အသက်မရှိသော လူသေအလောင်း ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။



ဆင်းလုသည် သက်ပြင်းချလိုက်မိလေ၏။

သူသည် စိတ်ဓာတ်လည်း ကျလာသည်။

အားအင်များ ပို၍ ကုန်ခမ်းသွားသည်ဟု ခံစားလိုက်ရပြီး လူသေအား ကျောခိုင်း၍ မြေပေါ်သို့ ထိုင်ချလိုက်လေ၏။

ထိုစဉ် အသံတစ်သံ ပေါ်ထွက်လာသည်။

"ဟား...ဟား...ဟား"

ဆင်းလုမှာ ထိတ်လန့်တုန်လှုပ်သွား၏။

ထိုရယ်သံမှာ သူ၏နောက်ကျောဆီမှ ဖြစ်သည်။

အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ ထိုရယ်မောနေသော အသံမှာ လူသေအလောင်းထံမှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

သူ၏ကျောပြင်တစ်ခုလုံး ချမ်းစိမ့်သွားသည်။

သူကျောချမ်းမိသည်။

ထိုင်နေရာမှလည်း အလိုအလျောက် ရပ်လိုက်ပြီး နောက်သို့ ဆုတ်သွားမိလေ၏။

သူသည် လူသေအလောင်းနှင့် ငါးလှမ်းခန့် အကွာသို့ ရောက်သောအခါ ထိုလူသေအား ပြန်ကြည့်မိသည်။

သူကြည့်နေစဉ်မှာပင်...

ထိုလူသေအလောင်းသည် မျက်လုံးအစုံ ရုတ်တရက် ဖွင့်လိုက်သည်ကို ဆင်းလု မြင်လိုက်ရသည်။

မျက်လုံးအစုံမှာ နီရဲပြီး စူးရှလှသည်။

ဆင်းလု၏တစ်ကိုယ်လုံး မသိမသာ တုန်ခါသွား၏။

ထိုစဉ်မှာပင်...

လူသေအလောင်းက ရုတ်တရက် ထရပ်လိုက်ပြီး...

ဆင်းလုထံသို့ တစ်လှမ်းချင်း လျှောက်လာလေတော့၏။

ဆင်းလုကလည်း နောက်သို့ တဖြည်းဖြည်း ဆုတ်နေ၏။

လူသူ ကင်းမဲ့ပြီး အလွန်ခေါင်လွန်းသော နေရာမျိုး၌ ထိုလူသေ အလောင်းအား တွေ့မြင်လိုက်ရသောအခါ မည်သူမဆို ထိတ်လန့်တုန်လှုပ်သွားမည်မှာ မဆန်းပါ။

ဆင်းလုသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ ဆုတ်သွားနေသည်။ သူက တုန်ရီစွာဖြင့် မေးသည်။

"ခင်ဗျားက လူလား သရဲလားဗျ"

လူသေအလောင်းက ဆင်းလု၏ မေးသံအား ကြားရသောအခါ တဟားဟား ရယ်မောလိုက်သည်။



"ဟား...ဟား...ဟား"

သူ၏ရယ်မောသံသည် ဝန်းကျင်တစ်ခုလုံးသို့ ပဲ့တင်ထပ်သွားလေတော့၏။

ဆင်းလု၏တစ်ကိုယ်လုံးသည် ကြက်သီးမွေးညင်းများ ထလာပြီး ချွေးများလည်း စို့ရွဲလာသည်။ သို့သော်...

ဆင်းလုက နောက်ဆုတ်မြဲ ဆုတ်နေ၏။

ရုတ်တရက်...

လူသေအလောင်း၏ခန္ဓာကိုယ်သည် အလွန်လျင်မြန်စွာဖြင့် ဆင်းလုထံသို့ ခုန်ဝင်လာသည်။

ဆင်းလုက ကမန်းကတန်း ရှောင်တိမ်းလိုက်ရသည်။

လူသေအလောင်းက ခြေလှမ်း ရပ်တန့်လိုက်ပြီး သူ့အား စိုက်ကြည့်နေ၏။

"သူငယ် အထဲဝင်ခဲ့"

"ဗျာ"

ဆင်းလုက အာမေဋိတ်သံ ပြုလိုက်၏။

ထိုလူသေအလောင်းမှာ အိမ်ထဲ၌ ရှိနေသည် မဟုတ်ဘဲ အဘယ်ကြောင့် ဝင်ခဲ့ပါဟု ပြောနေရပါသနည်း။

သူသည် တွေဝေနေစဉ် လူသေအလောင်းက ထပ်မံပြောလိုက်သည်။

"မင်း ဝင်မလာဘူးလား"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ကျုပ် ဘယ်ကို ဝင်ခဲ့ရမှာလဲ"

"ကျုပ်ရဲ့ စည်းဝိုင်းထဲကို ဝင်ခဲ့ပါ"

"စည်းထဲကို"

"ဟုတ်တယ်၊ ကျုပ်ရှေ့က စည်းဝိုင်းထဲကို"

ဆင်းလုက ထိုလူသေအလောင်း၏ စကားဆုံးသည်နှင့် လူသေအလောင်း ရပ်နေသော နေရာသို့ ငုံ့ကြည့်မိသည်။

လူသေအလောင်း၏ရှေ့တွင် အဖြူမှုန့်ဖြင့် စည်းတစ်ခု တားထားသည်ကို တွေ့မြင်လိုက်ရ၏။

ဆင်းလုက နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

သူက အံ့ဩစွာဖြင့်...

"ခင်ဗျား ထွက်လို့ မရဘူးလားဗျ"

ထိုလူက ခေါင်းခါယမ်းလိုက်၏။

"ထွက်လာနိုင်မှတော့ မင်းကို ဝင်ခိုင်းတော့မလား"



ဆင်းလုသည် ထိုအဖြူမှုန့် တားထားသော စည်းအား ထပ်မံကြည့်လိုက်၏။

ယင်းအဖြူမှုန့်များဖြင့် တားထားသော စည်းမှာ (၁၀)ပေခန့် ရှည်သည်ကို တွေ့ရ၏။

မည်သို့မှလည်း ထူးခြားမှု မတွေ့ရပါ။

ထို့ကြောင့်...

သူသည် နားမလည်နိုင်ဘဲ ပြန်မေးလိုက်၏။

"ခင်ဗျားက ဘာဖြစ်လို့ ထွက်လို့ မရတာလဲ"

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဖြည်းလေးစွာဖြင့်...

"ကတိ...ပေါ့"

ဆင်းလုက မျက်မှောင်ကုပ်သွားပြန်၏။

"ခင်ဗျား အခုလို စည်းတားထားတဲ့ အတွင်းမှာ နေရတာ ကတိပေးထားလို့ ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဆင်းလုသည် အံ့ဩသွားရပြန်လေသည်။

ဤလူသေအလောင်းနှင့် တူသော လူသည် သူ၏ကတိ

ကြောင့် ယင်းစည်းထဲ၌ ကိုယ့်ကိုယ်ကို ပိတ်လှောင်ထားသည်။

သူသည် မည်သူ့အား ကတိပေးထားသနည်း။

သူသည် ယင်းသို့ တွေးယင်း...

"ခင်ဗျား ထွက်လာလို့ တကယ် မရဘူးလား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"မရလို့ပေါ့"

"ဒါဖြင့် ကျုပ်ကို ဘာလို့ စည်းထဲဝင်ခဲ့ပါလို့ ခေါ်ရတာလဲဗျ"

"မင်းကို သတ်မလို့"

"ကျုပ်ကို သတ်မလို့"

"ဟုတ်တယ်"

"ဟား...ဟား...ဟား"

ဆင်းလုက ရယ်မောလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ်နဲ့က ရန်ငြိုးမှ မရှိဘဲ၊ ဘာကြောင့် ကျုပ်ကို သတ်ချင်ရတာလဲ"

ထိုလူက ဆင်းလုအား ခပ်စိမ်းစိမ်း ကြည့်လိုက်၏။

"ကျုပ်က လူတွေကို မုန်းတယ်"

ဆင်းလုက မဲ့ပြုံးပြုံးလိုက်၏။



"ခင်ဗျား ကာ လူမဟုတ်ဘူးလား"

"ကျုပ်ကော လူနဲ့ တူလို့လား"

"ဗျာ"

"ကျုပ်က လူနဲ့ တူရဲ့လားလို့ မင်းကိုမေးတာ"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားရဲ့ ရုပ်ရည်ကတော့ လူနဲ့ မတူပေမယ့် လူကတော့ လူအစစ်ပါပဲ"

ဆင်းလု၏ စကားကို ကြားရသောအခါ လူသေအလောင်းက ရယ်မောလိုက်သည်။

"မင်းမဆိုးဘူး၊ ငါ့ကို လူလို့ အသိအမှတ် ပြုတဲ့အတွက် မင်းကို မသတ်တော့ဘူး"

ဆင်းလုက မဲ့ပြုံးပြုံးလိုက်၏။

ဆင်းလုသည် ထိုလူသေအလောင်း၏ စကားကြောင့် ထိုလူအား ခင်မင်သော စိတ်များ အလိုအလျောက် ဖြစ်ပေါ်လာသည်။

"ဒါဖြင့် ကျုပ်က ခေဗျားရဲ့ စည်းဝိုင်းထဲကို ဝင်ခဲ့ဖို့ လိုသေးသလား"

"မင်းသဘောပါပဲလေ"

ဆင်းလုသည် ထိုလူသေ အလောင်းအပေါ် စူးစမ်းလိုသော စိတ်များ ပေါ်ပေါက်လာသည်။ ဆင်းလုက စဉ်းစားလိုက်ပြန်သည်။

ဤလူသေအလောင်းသည် ယင်းစည်းထဲ၌ နေရသည်မှာ ထူးခြားသော အကြောင်းတစ်ခုခု ရှိရမည်ဟု ယုံကြည်သည်။

ထို့ကြောင့်…

စဉ်းစားခြင်းပင် မပြုတော့ဘဲ အဖြူမှုန့်များ တားထားသော စည်းထဲသို့ လှမ်းဝင်လိုက်လေ၏။

သူ၏အရိုးအဆစ်များသည် ပြင်းထန်သော ဝေဒနာ ခံစားနေရသဖြင့် လမ်းလျှောက်မိသောအခါ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

ဂုသေအလောင်းက တစ်ချက်ကြည့်လိုက်သည်။

"မင်းမှာ ဒဏ်ရာရခဲ့တယ် ဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် တိုက်ခိုက်တဲ့ ဒဏ်ရာတော့ မဟုတ်ဘူး၊ သွေးကြောပိတ်ခံရတာပါ"

"ဟုတ်လား၊ မင်း ဘယ်နေရာမှာ ဝေဒနာ ခံစားနေရတာလဲ"



"အရိုးအဆစ် ပြုတ်ထွက်မတတ် ပြင်းထန်တဲ့ ဝေဒနာ ခံစားနေရပါတယ်"

လူသေအလောင်းက ရယ်မောလိုက်သည်။

"ကျုပ်သိပြီ"

"ခင်ဗျာ"

"မင်းခံစားနေရတဲ့ ဝေဒနာကို သိပြီလို့ ပြောတာပါ"

သူသည် ဆင်းလုအား တစ်ချက်ကြည့်လိုက်သည်။

"ဒီသွေးကြောပိတ်ထားတဲ့ ပညာကို ငါဖြေပေးနိုင်တယ်ကွ၊ ဒါပေမယ့်…"

ဆင်းလုသည် ထိုလူသေအလောင်းက မိမိသွေးကြောပိတ်ခံထားရသည်ကို ပြန်လည်ဖွင့်ပေးနိုင်သည်ဟု ကြားရသဖြင့် ဝမ်းသာသွားသည်။

"ကျုပ်သွေးကြောကို ခင်ဗျားက ဖွင့်ပေးနိုင်တယ် ဟုတ်လား"

လူသေအလောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ငါမေးတဲ့ မေးခွန်းသုံးခုကို မင်း အဖြေပေးရလိမ့်မယ်"

ဆင်းလုက လူသေအလောင်းကို ပြန်မေးလိုက်လေ၏။

"ဟုတ်ကဲ့ ဘယ်လိုမေးခွန်းမျိုးလဲဆိုတာ ပြောပြပါ"

လူသေအလောင်းက ရယ်မောလိုက်သည်။

"ကောင်းပြီလေ ငါပြောပြပါ့မယ်"

လူသေအလောင်းက မေးခွန်းများကို စတင်မေးတော့သည်။

♠ ♠ ♠



အခန်း(၅၁)

## ခက်ခဲသော မေးခွန်းသုံးခု

လူသေအလောင်းက ရယ်မောလိုက်သည်။

"မင်း သေသေချာချာ စဉ်းစားနော်၊ ဒီမေးခွန်းကို ငါစဉ်းစားခဲ့တာ ခြောက်နှစ်တောင် ရှိသွားပြီ၊ အခုထိတောင် အဖြေမရသေးဘူးကွ"

ဆင်းလုက...

"ဦးမေးမှာကိုသာ မေးပါ၊ ကျုပ် ကြိုးစားကြည့်ပါ့မယ်"

လူသေအလောင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ကျုပ်မေးမယ်"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"မေးပါ"

"လောကမှာ ဘယ်အရာဟာ အချိုဆုံးလဲ"

ဆင်းလုက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဤမေးခွန်းသည် အလွန်ထူးဆန်းသော မေးခွန်း ဖြစ်သည်။

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"ထန်းလျက်ဟာ အချိုဆုံးပါ"

လူသေအလောင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ နောက်တစ်ခု မေးမယ်"

သူသည် ဒုတိယမေးခွန်းကို မေးလိုက်သည်။

"လောကပေါ်မှာ ဘယ်အရာဟာ အခါးဆုံးလဲ"

ဆင်းလုက စဉ်းစားခြင်းပင် မပြုဘဲ ရှောင်တခင် ဖြေလိုက်သည်။

"တမာဟာ အခါးဆုံးပေါ့"

လူသေအလောင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

ဆင်းလုမှာ သူ့အဖြေများမှာ မမှန်ဟုဆိုသဖြင့် အတွေးရခက်သွားသည်။



သူသည် လက်သုံးချောင်း ထောင်ပြလိုက်သည်။

"တတိယမေးခွန်းကတော့ လောကမှာ ဘယ်အရာဟာ အစပ်ဆုံးလဲ"

ဆင်းလုက တတိယမေးခွန်းကိုလည်း မဆိုင်းမတွပင် ဖြေလိုက်ပြန်သည်။

"ငရုတ်သီးက အစပ်ဆုံးပါပဲ"

ထိုလူက ခေါင်းခါယမ်းလိုက်ပြန်၏။

"မဟုတ်ဘူး၊ ဒီမေးခွန်းသုံးခုကို မင်းက မဖြေမှ မဖြေနိုင်ဘဲကိုး"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ဒီမေးခွန်းသုံးခွန်း မေးရတာလဲဗျ"

"ကျုပ်က ဒီမေးခွန်း သုံးခွန်းနဲ့ ဒီစည်းထဲမှာ အပိတ်ခံရတာပေါ့ကွ"

ဆင်းလုက အံ့အားသင့်သွားသည်။

"ဗျာ...ခင်ဗျား ဒီမှာ အပိတ်ခံရတာက ချို၊ ခါး၊ စပ် သုံးမျိုးအတွက်ကြောင့် ဟုတ်လား"

လူသေအလောင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဒီမေးခွန်းသုံးခွန်းကို ခင်ဗျားက (၆)နှစ်လုံးလုံး စဉ်းစားလို့ အဖြေမရဘူး ဟုတ်လား"

"ဟုတ်တယ်"

ဆင်းလုသည် မျက်မှောင်ကုပ်၍ တွေဝေသွားသည်။

အတန်ကြာမှ…

"ဒါဖြင့် ခင်ဗျားက ဒီမှာ (၆)နှစ်တိတိ နေခဲ့ရတယ် ဟုတ်လား"

ထိုလူသေအလောင်းက ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်တယ်"

ဆင်းလုသည် လူသေအလောင်းအတွက် အတွေးရခက်သွားသည်။

ဤလူသည် ယင်းမေးခွန်း သုံးခုနှင့် အဘယ်ကြောင့် ကတိတည်ရှိဖွာဖြင့် ယင်းတားထားသော စည်းထဲ၌ နေထိုင်ခဲ့ရပါသနည်း။

သူသည် တွေးယင်း အရိုးအဆစ်များ ကိုက်ခဲနာကျင်သော ဝေဒနာခံစားနေရသဖြင့် နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ ကျဆင်း



လာသည်။

လူသေအလောင်းက ဆင်းလု၏အဖြစ်ကို ကြည့်ကာ မျက်မှောင်ကုပ်သွားသည်။

ရုတ်တရက် သူက ဆင်းလု သွေးကြောလေးနေရာကို ရိုက်ချလိုက်သည်။

သူသည် ထိုသို့ ဆင်းလု၏ သွေးကြောများ ရိုက်ချလိုက်ပြီး အံ့အားသင့်သွားသည်။

"ဟ မင်းသွေးကြောကို ပိတ်တဲ့လူဟာ ရိုးရိုးသားသား သွေးကြောကို ပိတ်တာ မဟုတ်ဘဲ တမူထူးခြားတဲ့ နည်းစနစ်နဲ့ ပိတ်ထားတာကွ"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လူသေအလောင်းက မျက်မှောင်ကုပ်သွားသည်။

"သိုင်းလောကမှာ သိုင်းကိုဏ်းအသီးသီး ရှိပေမယ့် သူတို့ရဲ့ သွေးကြောပိတ်ပညာကို ငါမသိတာ မရှိဘူး၊ အခု မင်းကို သွေးကြောပိတ်တဲ့လူဟာ သူ့နည်းသူ့ဟန်နဲ့ ပိတ်ထားတာကို ငါအံ့သြမိတယ်ဗျ"

ဆင်းလုက သူ့အား စိုက်ကြည့်လိုက်သည်။

"ဒါဖြင့် ခင်ဗျားက မဖြေနိုင်ဘူးပေါ့"

"ဟုတ်တယ်"

ဆင်းလုက တွေဝေသွားလေသည်။

"ဒါနဲ့ ခင်ဗျားက ဘယ်သူလဲဗျ"

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"လူသေ သိုင်းသမားပါ"

ဆင်းလုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါကြောင့် ခင်ဗျားက လူသေအလောင်းနဲ့ တူနေတာကိုး"

လူသေသိုင်းသမားက သူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။

"မင်းသွေးကြောပိတ်တဲ့လူက ဘယ်သူများပါလိမ့်"

"ဘီလူးနန်းတော်ပိုင်ရှင်ပါ"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"နာမည်သာ ကြားဖူးတယ်၊ သူ့ကိုတော့ မတွေ့ဖူးပါဘူး"

လူသေသိုင်းသမားက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် အတန်ကြာ စဉ်းစားပြီးမှ...

"သိုင်းလောကမှာ မင်းရဲ့ သွေးကြောကို ဖြေနိုင်တဲ့လူ တစ်



ယောက်ပဲ ရှိတယ်"

"ဟုတ်လား၊ သူက ဘယ်သူလဲ"

"ငါ့ကို မေးခွန်းသုံးခွန်းမေးသွားတဲ့ အမျိုးသမီးပေါ့"

ဆင်းလုက စိတ်ဝင်စားလာသည်။

"သူက ဘယ်သူလဲ"

"သူက ကံဆိုးတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ ရုပ်ချောတယ်၊ လှတယ်၊ ဒါပေမယ့် တစ်စုံတစ်ယောက်က သူ့ရဲ့ ရုပ်ရည်ကို ဖျက်ဆီးလိုက်တယ်"

"ဗျာ တစ်စုံတစ်ယောက်က သူ့ရဲ့ရုပ်ကို ဖျက်ဆီးလိုက်တယ်"

"ဟုတ်ပါတယ်"

"ခင်ဗျားက သူ့နဲ့ သိလို့လား"

"ဟုတ်တယ်၊ သိတယ်"

"ဒါဖြင့် ခင်ဗျားနဲ့ ဒီအမျိုးသမီးနဲ့ ဘာရန်ငြိုး ရှိခဲ့သလဲ"

လူသေသိုင်းသမားက ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး၊ ဒါပေမယ့် သူနဲ့ ငါနဲ့ဟာ တစ်နေရာမှ ပတ်သက်နေလို့ပါ"

"သူက သိုင်းပညာ အလွန်တော်တယ် ဟုတ်လား"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ကျောက်စိမ်းမျက်နှာ သိုင်းသမားနဲ့ ယှဉ်ယင် ဘယ်သူက သာသလဲ"

လူသေသိုင်းသမားက ခေါင်းခါယမ်းလိုက်၏။

"အို သူတို့ မဆိုထားနဲ့ သိုင်းလောကတစ်ခုလုံးမှာ သူ့ထက် သာတဲ့လူ မတွေ့သေးဘူး"

လူသေသိုင်းသမား၏ စကားကြောင့် ဆင်းလုက အံ့အားသင့်သွားသည်။

"ဒီလောက်ပဲလားဗျာ"

"ငါက ဘာဖြစ်လို့ လိမ်ပြောနေရမှာလဲ၊ မင်း မယုံတာတော့ မတတ်နိုင်ဘူး"

လူသေသိုင်းသမားက တစ်စုံတစ်ခု သတိရလာသည်။

"ဒါနဲ့ မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"ဆင်းလုပါ"

ဆင်းလုက အမှန်အတိုင်း ပြောလိုက်၏။



"ဘယ်အဖွဲ့ကလဲ"

"ယင်းစန်းဂိုဏ်းကပါ"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟား...ဟား...ဟား ယင်းစန်းဂိုဏ်းကို ငါကောင်းကောင်း သိတာပေါ့၊ ဒီဂိုဏ်းဟာ အထက်လမ်းဂိုဏ်းပါ၊ ဂိုဏ်းချုပ်ကိုလဲ ငါသိတယ်၊ ဂိုဏ်းချုပ်ဟာ တုကုကျုပဲ၊ မင်းဟာ တုကုကျုရဲ့တပည့် ဖြစ်နေမယ်"

ဆင်းလုက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး၊ ကျုပ်က သံယောဇဉ်မဲ့ သိုင်းသမားရဲ့ တပည့်ပါဗျာ"

"သူက သေသွားပြီ မဟုတ်လား"

ဆင်းလုသည် သူ၏အဖြစ်အပျက်များကို အစမှအဆုံး မထိန်ချန်ဘဲ ဖွင့်ဟပြောပြလိုက်သည်။

လူသေသိုင်းသမားက ဆင်းလု၏ ရိုးသားမှုကြောင့် ခင်မင်လေးစားလာသည်။

"သြော် မင်းက ယင်းစန်းဂိုဏ်းရဲ့ တတိယမြောက်ဂိုဏ်းချုပ် ဖြစ်နေတာကိုး"

ဆင်းလုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

"မင်းကို လေးစားပါတယ်ကွာ၊ ဒါပေမယ့် မင်းစိတ်နေတဲ့ သွေးကြောကို ဖွင့်မပေးနိုင်တာက ခက်နေတယ်"

"ဒါနဲ့ စုန ခင်ဗျားပြောတဲ့ အမျိုးသမီးဟာ သိုင်းပညာမှာ ပြိုင်စံရှားတယ်ဆို"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူက သိပ်လှတယ် ဟုတ်လား"

လူသေသိုင်းသမားက စိတ်မကောင်းဟန်ဖြင့်...

"ဟုတ်တယ်၊ ဒါပေမယ့် အခုတော့ အတော့်ကို အရုပ်ဆိုးပါပြီကွာ"

"ဘာဖြစ်လို့လဲ"

"သူ့ချစ်သူရဲ့ လက်ချက်ကြောင့်ပေါ့"

"ဟောဗျာ"

ဆင်းလုက အာမေဋိတ်သံ ပြုလိုက်မိ၏။

ဆင်းလုက စဉ်းစားမရနိုင်အောင် ဖြစ်သွားလေတော့သည်။



ဆင်းလုသည် အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက် သူသည် လူသေသိုင်းသမားကို အတန်ကြာ စူးစိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားပြောတဲ့စကားထဲမှာ ရှေ့နောက်မညီတာကို တွေ့ရတယ်ဗျ"

"ဟုတ်လား"

"ခင်ဗျားပြောတော့ ဒီအမျိုးသမီးဟာ သိုင်းပညာ ပြိုင်စံရှားတယ်ဆို"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ"

"ဒါဖြင့် သူ့ချစ်သူက သူ့ရုပ်ကို ဘယ်လိုလုပ်ပြီး ဖျက်ဆီးနိုင်မှာလဲဗျ"

"ဒါကတော့ ပရိယာယ်သုံးလိုက်တာကိုး"

"ပရိယာယ်ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီ အမျိုးသမီး ပြောပြတာကတော့ သူတို့က ပရိယာယ်ဆင်ပြီး သူ့မျက်နှာကို ဖျက်ဆီးသွားတယ်လို့ ပြောတယ်"

ဆင်းလုက လူသေသိုင်းသမားအား ကြည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျားနဲ့ အဲဒီအမျိုးသမီးနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ၊ နောက်ပြီး ဘာဖြစ်လို့ သူတားထားတဲ့ စည်းထဲက မထွက်ဘဲ နေရတာလဲ"

လူသေသိုင်းသမားက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ မင်းကို ပုံပြင်တစ်ခု ပြောပြမယ်"

ဆင်းလုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ၊ ကျွန်တော်လဲ စိတ်ဝင်စားပါတယ်"

လူသေသိုင်းသမားက အနည်းငယ် စဉ်းစားလိုက်ပြီး သူသိခဲ့သော အကြောင်းအရာတစ်ခုကို ပုံပြင်တစ်ခုသဖွယ် ပြောပြလိုက်လေ၏။

♠ ♠ ♠



အခန်း(၅၂)

## အရေးကြီးသော လမ်းညွှန်ချက်

လူသေသိုင်းသမားက အကျအနထိုင်ပြီး ပြောကြားတော့သည်။

"လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က အရိုးဖြူတောင်ကြားမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်၊ ထိပ်တန်းသိုင်းသမား အများအပြား အရိုးဖြူတောင်ကြားထဲကို ဝင်သွားကြတယ်၊ ဒါပေမယ့် အသက်ချမ်းသာပြီး ထွက်လာနိုင်တဲ့လူ အလွန်နည်းပါးတယ်"

ဆင်းလုကလည်း စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။

လူသေသိုင်းသမားသည် ယင်းသို့ပြောပြီး ခေတ္တရပ်နား လိုက်ပြီးမှ ပြန်ဆက်ပြောသည်။

"အဲဒီ နောက်ပိုင်းမှာ၊ အဲဒီ တောင်ကြားကို အရိုးဖြူတောင်ကြားလို့ နာမည်ကျော်ကြားခဲ့ပါတယ်၊ သိုင်းသမားတွေဟာ ဘာကြောင့် အရိုးဖြူတောင်ကြားထဲ သွားချင်တယ်ဆိုတာ အကြောင်းရှိပါတယ်၊ အဲဒီတောင်ကြားထဲမှာ ဖော်မပြနိုင်တဲ့ ဆွဲဆောင်မှု ရှိနေလို့ပဲ ဖြစ်တယ်"

လူသေသိုင်းသမားက စကားရပ်တန့်လိုက်သည်။

"ဆက်ပြောပါအုံး၊ ဘယ်လို ဆွဲဆောင်မှုမျိုး ရှိနေလို့လဲ"

ဆင်းလုက အလွန်သိချင်လာ၏။

လူသေသိုင်းသမားသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

"ကျုပ်လဲ အရိုးဖြူတောင်ကြားထဲကို ရောက်ခဲ့ဖူးပါတယ်၊ အဲဒီတော့မှ အရိုးဖြူတောင်ကြားထဲကို ဝင်ရောက်ကြခြင်းဟာ သာမန်ကိစ္စတစ်ရပ်၊ ဒါမှမဟုတ် ထူးခြားတဲ့ ကိစ္စတစ်ရပ် ဖြစ်တယ်ဆိုတာ သိရတော့မယ်"

ဆင်းလုက ပို၍ စိတ်ဝင်စားလာတော့၏။



လူသေသိုင်းသမားက လက်ကာပြ၍ စကားဆက်လိုက်သည်။

"ဒီအကြောင်း မပြောခင် အခြားအကြောင်းတစ်ခု ပြောရအုံးမယ်၊ ဘာဖြစ်လို့လဲဆိုယင် အရိုးဖြူတောင်ကြားနဲ့ အတော့်ကို ပတ်သက်နေလို့ပါ"

သူသည် အနည်းငယ် ရပ်တန့်ပြီးမှ စကားဆက်ပြန်သည်။

"လွန်ခဲ့တဲ့ နှစ်(၂၀)တုန်းက ရှိမွန်းချီမှအပ သိုင်းလောကမှာ လူချစ်လူခင်များတဲ့ လူတစ်ယောက်ဟာ 'ကုပ်ချင်း'ဆိုတဲ့ လူတစ်ယောက် ဖြစ်ပါတယ်၊ ဒါပေမယ့် ကုပ်ချင်းကို သိတဲ့လူ အလွန်ရှားပါးတယ်၊ ဘာဖြစ်လို့လဲဆိုယင် သူဟာ ကျော်ကြားမှုကို မလိုလားတဲ့ လူတစ်ယောက် ဖြစ်လို့ပေါ့"

ဆင်းလုက စိတ်ဝင်စားပြီး သိချင်လာ၏။

"ဒါနဲ့ ကုပ်ချင်းဆိုတဲ့လူနဲ့ ရှိမွန်းချီတို့ဟာ ဘယ်သူက ဒိုင်းပညာ ပိုတော်သလဲဗျ"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဒီအကြောင်း ကျုပ်ပြောမလို့ပါဘဲ၊ ရှိမွန်းချီနဲ့ ကုပ်ချင်းတို့ သိုင်းပညာ ယှဉ်ပြိုင်ခဲ့ဖူးတယ်၊ ကုပ်ချင်းက သိုင်းတစ်ကွက် အသာရ

တစ်လို့ ရှိမွန်းချိုကိုယ်တိုင် ဝန်ခံခဲ့ဖူးပါတယ်"

"ကုပိချင်းဆိုတဲ့လူက အဲဒီအချိန်တုန်းက အသက် ဘယ်လောက်ကြီးပြီလဲ"

"အဲဒီတုန်းက သူ့အသက်ဟာ (၂၀)ကျော်ပဲ ရှိတယ်လို့ သိရတယ်"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"အသက်(၂၀)ကျော်နဲ့ ရှိမွန်းချိုကို ယှဉ်ပြိုင်နိုင်တာ သူ့ရဲ့ သိုင်းပညာ အစော်ကို အံ့သြဖို့ ကောင်းတယ်"

လူသေသိုင်းသမား ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါကြောင့် သူဟာ သိုင်းပညာ အလွန်အဆင့်မြင့်တယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ယုံလဲယုံမှာ မဟုတ်ဘူး"

လူသေသိုင်းသမားက ဆက်ပြောပြ၏။

"မင်းတစ်ခု သိထားရမှာက ငါတို့ သိုင်းလောအကျင့်ပဲ၊ --ဒီသိုင်းလောကထဲက သိုင်းသမားတိုင်းဟာ သိုင်းပညာဆိုရင် အမေ်းအရ လိုချင်မယ်၊ အမင်းမရ လေ့ကျင့်မယ်၊ သိုင်းလောက ဝိဇ္ဇာတစ်ယောက်လဲ ဖြစ်ရော နာမည်ကြီးချင်ကြတော့တာပဲ၊ နာမည်ကြီးမှဲ့ အလုပ်မှန်သမျှ အကုန်လုပ်တော့တာပဲ၊ ကုပိချင်းကတော့ ဒီလို



လူမျိုး မဟုတ်ဘူး၊ အလွန်သိုသိပ်တယ်၊ သူ သိုင်းပညာ လေ့ကျင့်တာတောင် ပန်းလျှိုးကွယ်လျှိုး"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျား ပြောပြမထားယင် ကျုပ်လဲ ယုံမှာ မဟုတ်ဘူး"

လူသေသိုင်းသမားက စကားဆက်လိုက်သည်။

"ဒီလူက သိုင်းပညာတော်တဲ့အပြင် စာပေ ကဗျာဘက်မှာလဲ ထူးချွန်တဲ့ လူပါပဲ"

"ဒါဖြင့် သူက စွယ်စုံတတ်မြောက်ထားတဲ့ လူငယ်တစ်ယောက်ပေါ့နော် ဦး"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒီလို ပြောယင်လဲ ဖြစ်ပါတယ်"

ထို့နောက်...

လူသေသိုင်းသမားသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမယ့် သူက ရုတ်တရက် ပျောက်ဆုံးသွားတယ်ကွဲ့"

ဆင်းလုက စိတ်ဝင်စားသွားပြီး...

"သူက ရုတ်တရက် ပျောက်သွားတယ် ဟုတ်လား"

"ဟုတ်တယ်"

လူသေသိုင်းသမားက စကားဆက်လိုက်သည်။

"တကယ်လို့များ ရိုမွန်းချီသာ ပျောက်ဆုံးတယ်ဆိုယင် သိုင်းလောက တစ်ခုလုံး ဂယက်ရိုက်နိုင်တယ်၊ ဒါပေမယ့် သူပျောက်ဆုံးတာကို ဘယ်သူမှ သတိမထားမိဘူး၊ သူက မကျော်ကြားတဲ့ သိုင်းသမားကိုး"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"သူက ဘယ်ကို ထွက်သွားတာလဲဗျ"

"သူက တောင်ပင်လယ်ဘက်ကို ထွက်သွားတယ်လို့ ကြားလိုက်ရတာပဲ"

"သူက ဘာကြောင့် တောင်ဝင်လယ်ဘက်ကို ထွက်သွားရတာလဲ"

"ဘာကြောင့်လဲဆိုတာ ဘယ်သူမှ မသိလိုက်ပါဘူး၊ သူ့ကို နောက်ဆုံး တွေ့လိုက်ရတဲ့သူက ကျောက်စိမ်းမြေခွေးတစ်ယောက်ပါပဲ"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။



"နောက်ဆုံး တွေ့လိုက်ရတယ်ဆိုတော့..."

"ဟုတ်ပါတယ်၊ သူသေဆုံးသွားတဲ့ အခါမှာလဲ ဘယ်သူကမှ မသိလိုက်ဘူး၊ သတိလဲ မထားမိဘူး"

လူသေသိုင်းသမားက ယင်းသို့ပြောယင်း ဟောက်ပက်နေသော မျက်လုံးအစုံမှ မျက်ရည်များ ကျလာသည်။

ဆင်းလုကလည်း လူသေသိုင်းသမားကို ကြည့်ပြီး အကြောင်းတစ်ခု ရှိရမည်ဟု မှတ်ထင်မိလေ၏။

ဆင်းလုသည် ကုပိချင်းအား လွမ်းဆွတ်သတိရနေသော လူသေသိုင်းသမားအား စိုက်ကြည့်လိုက်၏။

"ကုပိချင်း ဘာကြောင့် သေသွားရတာလဲဗျ"

လူသေသိုင်းသမားက မျက်ရည်များကို သုတ်လိုက်၏။

ထို့နောက်...

သူက ဝမ်းနည်းသံဖြင့်...

"သူနဲ့ အရင်းနှီးဆုံး ခင်မင်တဲ့ ရိုမွန်းချီက လိုက်ပြီး စုံစမ်းခဲ့တယ်၊ နှစ်ပေါင်းအတော် ကြာသွားတယ်၊ ဘာသဲလွန်စမှ မရခဲ့ပါဘူး၊ ဒါပေမယ့် (၁၅)နှစ်နောက်ပိုင်းမှာ မမျှော်လင့်ခဲ့တဲ့ အရိုးဖြူတောင်ကြီးရဲ့ အဖြစ်အပျက်က ရုတ်တရက် ဖြစ်ပွားလာခဲ့တော့တာပဲ"

လူသေသိုင်းသမားသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်သည်။

"(၁၅)နှစ် နောက်ပိုင်းကျမှ အရိုးဖြူတောင်ကြားမှာ အလွန်ထူးခြားတဲ့ သိုင်းပညာ မှတ်စုတစ်ခု ရှိတယ်ဆိုတဲ့ သတင်း ပြန့်လွင့်သွားတာပဲ"

ဆင်းလုက နားစွင့်ယင်း ပို၍ စိတ်ဝင်စားလာသည်။

"ဟုတ်လား"

လူသေသိုင်းသမားက စကားဆက်လိုက်ပြန်သည်။

"ဒီသိုင်းပညာမှတ်စုဟာ ရှောင်လင်၊ ဝူတန်၊ ထင်းချမ်းနဲ့ ငိုမီစတဲ့ အဖွဲ့လေးဖွဲ့က ဂိုဏ်းချုပ်တွေ စုပေါင်းပြီး ရေးသားထားတယ်လို့ သတင်းကြားရတယ်"

ဆင်းလုက နားထောင်ယင်း စိတ်လှုပ်ရှားလာသည်။

"ဒီအတိုင်းသာမှန်ယင်၊ ဒီသိုင်းပညာမှတ်စုဟာ အတော့်ကို တန်ဖိုးရှိတဲ့ မှတ်စုတစ်ခု ဖြစ်နေရောပေါ့"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့် တောင်ပင်လယ်က သုံးကျွန်းရှင်ဟာ ဒီသတင်း ကြားသိသွားတာနဲ့ ထိပ်တန်းသိုင်းသမား တစ်ရာကို



အရိုးဖြူတောင်ကြား လွှတ်လိုက်ပါတယ်၊ အဲဒီအချိန်မှာလဲ ရှောင်လင်တို့ အဖွဲ့(၄)ဖွဲ့ဟာလဲ ဒီမှတ်စုကို ပြန်လိုချင်တာနဲ့ သုံးကျွန်းရှင် လွှတ်ထားတဲ့လူနဲ့ တွေ့ဆုံရင်ဆိုင် တိုက်ခိုက်ကြတော့တာပဲကွယ်"

ဆင်းလုက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် စိတ်မကောင်းသံဖြင့် ပြောလေ၏။

"ဒီမှတ်စုအတွက်ကြောင့် လူအသက်ပေါင်းများစွာ ဆုံးရှုံးသွားမှာပဲဗျာ"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့၊ ရှောင်လင်၊ ဝူတန်၊ ထင်းချမ်း၊ ငိုမီတို့ လွှတ်လိုက်တဲ့ ထိပ်တန်းသိုင်းသမားတို့တောင်မှ ကံကောင်းလို့ အရိုးဖြူတောင်ကြားမှာ မသေကျန်တယ်"

ဆင်းလုက လူသေသိုင်းသမား၏ စကားအား ကြားဖြတ်လိုက်သည်။

"ဒါနဲ့ သူတို့က ကျောက်စိမ်းမြေခွေးကို တွေ့သွားကြသေးသလား"

လူသေသိုင်းသမားက ခေါင်းခါယမ်းလိုက်၏။

"မတွေ့ပါဘူး၊ သူဟာ အရိုးဖြူတောင်ကြားထဲမှာ ပုန်းနေ

တယ်လို့ သိရတယ်"

"ဒီလိုဆိုယင် ရှောင်လင်တို့ အဖွဲ့(၄)ဖွဲ့က လူတွေနဲ့ သုံးကျွန်းရှင် လွှတ်လိုက်တဲ့ လူတွေ ရင်ဆိုင်တိုက်ခိုက်မိတာပေါ့"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူတို့ အဲဒီလို အချင်းချင်း သူသေငါသေ ရက်ရက်စက်စက် တိုက်ခိုက်နေတဲ့အခါမှာ ရုတ်တရက် မိန်းကလေး တစ်ယောက်က ထွက်လာပြီး သူတို့ရဲ့ တိုက်ခိုက်မှုကို ရပ်တန့်သွားစေပါတယ်"

ဆင်းလုက စိတ်ဝင်စားဟန်ဖြင့် မေးလိုက်လေ၏။

"အဲဒီ မိန်းကလေးက ဘယ်သူလဲ"

"သူက ဘယ်သူလဲဆိုတာ မသိဘူး၊ ဒါပေမယ့် အတော့်ကို လှတယ်လို့ ပြောကြတယ်"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့ သူက သူတို့နှစ်ဘက်ရဲ့ တိုက်ခိုက်မှုကို ဘာကြောင့် ရပ်တန့်သွားနိုင်ခဲ့သလဲ"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"အဲဒီ မိန်းကလေးရဲ့ သိုင်းပညာဟာ သူတို့ထက် အများ



ကြီး သာလွန်တယ်၊ ဒါကြောင့် ဘယ်သူကမှ မဗိဆန်ရဲဘဲ တိုက်ခိုက်တာကို ရပ်တန့်လိုက်တာပေါ့"

"ဒီလောက်ပဲ သူ့သိုင်းပညာက ထက်သလား"

"ဟုတ်တယ်"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

သူသည် စဉ်းစားလိုက်ပြီးမှ မေးသည်။

"ဒါနဲ့ ကျောက်စိမ်းမြေခွေးက ဒီမှတ်စုကို တကယ်ပဲ ရသွားသလား"

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး"

ဆင်းလုသည် အနည်းငယ် စဉ်းစားဆင်ခြင်မိလာသည်။

သုံးကျွန်းရှင်က ထိုမှတ်စုအား တကယ်ပင် တွေ့ရှိသွားခဲ့သည်လား မဆိုနိုင်။

လူသေသိုင်းသမားက သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ဒါနဲ့ နောက်တစ်နှစ်မှာ ဒီမိန်းကလေးကို ကျုပ်က အမှတ်မထင် သွားတွေ့တယ်၊ ဒါပေမယ့် သူက အယင်အတိုင်း မဟုတ်တော့ဘူး၊ အလွန်အကျည်းတန်သွားပြီး လိုဏ်ဂူတစ်ဂူထဲမှာပဲ နေတာ တွေ့

ရတယ်"

"သူက မျက်နှာအရုပ်ဆိုးနေတော့ ရှက်လို့ နေမှာပေါ့"

"ဟုတ်ပါတယ်၊ ဒါကြောင့်ပဲ"

လူသေသိုင်းသမားက စိတ်မကောင်းဟန်ဖြင့် စကားဆက်လိုက်၏။

"ကျုပ်က သူ့ကို အရုပ်ဆိုးတယ်လို့ ပြောမိတာနဲ့ ရန်ဖြစ်ကြတယ်လေ၊ သိုင်းကွက်သုံးကွက် မပြည့်ပါဘူးဗျာ၊ ကျုပ်ရှုံးသွားတယ်"

ဆင်းလုက ပြုံးလိုက်သည်။

"ဒါနဲ့ ခင်ဗျားက သူနဲ့ အလောင်းအစား လုပ်ကြတယ် ဆိုပါတော့"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ရှုံးသွားယင် သူ့အတွက် ပစ္စည်းနှစ်မျိုး ရှာပေးရမယ်လို့ အလောင်းအစား လုပ်ထားပါတယ်"

ဆင်းလုက စိတ်ဝင်စားဟန်ဖြင့် မေးလိုက်၏။

"ဘာပစ္စည်းတွေ ရှာပေးရမှာလဲဗျ"

"တစ်မျိုးကတော့ ရှောင်အဖွဲ့ ဂိုဏ်းချုပ် ပိုင်ဆိုင်တဲ့ ဗျိုင်းဝါအန်ဖတ်နဲ့ ငိုမီအဖွဲ့ရဲ့ နှစ်ပေါင်းတစ်ထောင် ဆေးမြစ်ပါပဲ"



ဆင်းလုက ပြုံးလိုက်သည်။

"ခင်ဗျားက ရှုံးသွားတော့ ဒီပစ္စည်းကို လိုက်ရှာပေးသေးလား"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ကတိပေးထားတဲ့အတိုင်း ရှောင်လင်နဲ့ ငိုမီအဖွဲ့တွေဆီမှာ သွားတောင်းပါတယ်၊ ဒီအမျိုးသမီးက သူတို့အပေါ် ကျေးဇူးရှိတဲ့အတွက် အလွယ်တကူ ပေးလိမ့်မယ် ထင်တာပေါ့"

"ဒါဖြင့် မရလိုက်ဘူးလား"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့က လုံးဝငြင်းလိုက်ပါတယ်"

ဆင်းလုက ခံပြင်းလာသည်။

"သူတို့က ကျေးဇူးကန်းရာ မရောက်ဘူးလား"

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်က အခြေအနေ ပြန်ပြောတော့ သူက ပြုံးပြတယ်"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"နောက်ကော"

လူသေသိုင်းသမားက သက်ပြင်းတစ်ချက် ချလိုက်သည်။

“ပစ္စည်းမရယင် နေပါစေ မေးခွန်းသုံးခွန်းကိုသာ ဖြေပါလို့ ပြောလိုက်တယ်”

ဆင်းလုက ပြုံးမိလေ၏။

ဒီမေးခွန်းသုံးခွန်းကိုလည်း သူကိုယ်တိုင် ဖြေခဲ့ရသည် မဟုတ်ပါလား။

“ဒါကြောင့် သူက ချို၊ ခါး၊ စပ်ဆိုတဲ့ မေးခွန်းကို မေးလိုက်တယ် ဟုတ်လား”

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ တကယ်လို့ သူမေးတဲ့ မေးခွန်းကို မဖြေနိုင်ယင် ဒီစည်းထဲမှာပဲ နေရမယ်လို့ ပြောပါတယ်”

ဆင်းလုသည် လူသေသိုင်းသမားကို ကြည့်လိုက်၏။

လူသေသိုင်းသမားက အဘယ်ကြောင့် ဤစည်းထဲ၌ ပိတ်ဆို့ခြင်းခံရသည့် အကြောင်းများကို နားလည်ထားလေတော့၏။

ဆင်းလုက မျက်နှာအကျည်းတန် မိန်းကလေးအကြောင်းကို ဆက်မေးလိုက်သည်။

“ဒါနဲ့ မျက်နှာ ဘာကြောင့် ပျက်စီးသွားရတယ်ဆိုတာ မေး



ကြည့်သေးလား”

“မေးမိပါတယ်”

ဆင်းလုက စိတ်ဝင်စားသွားမိ၏။

“သူက ဘာပြောလဲ”

“သူက ပြောတော့ သူ့ချစ်သူဟာ ပရိယာယ်နဲ့ လုပ်ကြံသွားတယ်လို့ ပြောတာပဲ”

ဆင်းလုက ခေါင်းခါယမ်းလိုက်သည်။

“ဒီမှာဦး ဒီကိစ္စဟာ မရိုးဘူးလို့ ကျွန်တော်ထင်တယ်၊ ဦးကော မတွေးမိဘူးလား”

လူသေသိုင်းသမားက သူ့အား ကြည့်လိုက်သည်။

“မင်းက ဘယ်လိုမြင်လို့လဲ”

ဆင်းလုက အနည်းငယ် စဉ်းစားပြီးနောက်...

“ပထမအချက်က ကုပ်ချင်း သေဆုံးသွားတာဟာ ပဟေဠိ ဆန်လွန်းတယ်၊ သူရိုးရိုးသားသား သေဆုံးတယ်လို့ ကျွန်တော် မထင်မိဘူး”

လူသေသိုင်းသမားက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ ကျုပ်လဲ ဒီအတိုင်းပဲ ထင်မိတယ်”

ဆင်းလုက စကားဆက်လိုက်၏။

"နောက်တစ်ချက်က သုံးကျွန်းပိုင်ရှင်ဟာ သူလိုချင်တဲ့ သိုင်းပညာမှတ်စု ကျောက်စိမ်းမြေခွေး လက်ထဲမှာ တကယ်ရှိမရှိဆိုတာ မသိဘဲ ဝင်ရောက်တိုက်ခိုက်လိုက်တာ သဘာဝ မကျဘူးလို့ ထင်မိတယ်"

"ဒါလဲ မှန်တယ်"

"ဒါကြောင့် မျက်နှာဖျက်ဆီးခံရတဲ့ မိန်းကလေးဟာ လျှို့ဝှက်ချက်တော့ ရှိမယ်လို့ ကျွန်တော်ယူဆတယ်"

လူသေသိုင်းသမားမှာ ဆင်းလု၏ ထင်မြင်ယူဆချက်ကို ထောက်ခံသည့် အနေဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

ဆင်းလုအပေါ်ကိုလည်း အထင်အတော် ကြီးသွား၏။

"ဒါပေါ့...ဒါပေါ့"

ဆင်းလုက အနည်းငယ် စဉ်းစားလိုက်သည်။

သူသည် စိတ်ထဲမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး...

"ခင်ဗျား ပြောတဲ့ ပုံပြင်ဟာ အတော့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒါကြောင့် ကျွန်တော်က လေ့လာဖို့ စိတ်ကူးမိတယ်"

လူသေသိုင်းသမားက ရယ်မောလေတော့၏။



"အေး မင်းအခု ဘီလူးနန်းတော် ပိုင်ရှင်ရဲ့ လက်ချက်ကြောင့် အသက်အန္တရာယ် စိုးရိမ်စရာ ကောင်းနေတယ်၊ သူ့ကို တွေ့အောင်ရှာနိုင်ယင် မင်းအဖို့ အကျိုးရှိမယ် ထင်တယ်"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဒါပေမယ့် သူဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်မှ မသိဘဲ"

လူသေသိုင်းသမားက ဆင်းလုကို စိုက်ကြည့်လိုက်၏။

"ဒီအတွက် မပူပါနဲ့၊ သူနေထိုင်တဲ့ နေရာကို ကျုပ်ပြောပြမယ်"

ဆင်းလု၏မျက်နှာတွင် ဝမ်းသာသည့် အရိပ်အရောင် ပေါ်လွင်လာ၏။

"ဒီလိုဆို ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ဒါပေမယ့် အခက်အခဲတစ်ခုတော့ ရင်ဆိုင်ရလိမ့်မယ်"

"ဘာများလဲဦး"

လူသေသိုင်းသမားက အနည်းငယ် စဉ်းစားလိုက်သည်။

"တစ်ခုငေ ရှိတယ်"

"ပြောပါ"

"မင်းက သူ့မေးခွန်းသုံးခွန်းကို မဖြေနိုင်ယင် မင်းကို ကယ်မယ်လို့ မထင်ဘူး"

ဆင်းလုက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကြိုးစားကြည့်ပါအုံးမယ်"

"အေးလေ၊ ကြိုးစားကြည့်ပေါ့၊ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ မင်းကံပေါ့ကွာ"

လူသေသိုင်းသမားသည် စကားဆုံးသည်နှင့် သူတို့ရှေ့မှ တောင်တစ်လုံးအား ညွှန်ပြလိုက်သည်။

"ဟိုရှေ့က တောင်ကို မင်းတွေ့တယ် မဟုတ်လား"

ဆင်းလုက လူသေသိုင်းသမား ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

သူနေသော နေရာနှင့် ခပ်လှမ်းလှမ်းတွင် တောင်ကုန်းတစ်ခု ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့်...

ဆင်းလုက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ တွေ့ပါတယ်"

"မင်း အဲဒီ တောင်ပေါ်ကို တက်သွား၊ တောင်ခါးလယ်



လောက် ရောက်ယင် တောင်နံရံနှစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီတောင်နံရံပေါ်မှာ မည်သူ့ကိုမှ ဝင်ခွင့်မပြုဆိုတဲ့ စာတန်းကို ရေးသားထားတယ်၊ ဟိုရောက်ယင် တွေ့ရပါလိမ့်မယ်"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဒီလောက် သိရယင် ကျွန်တော် ရှာလို့ လွယ်ကူသွားပါပြီ၊ ကျေးဇူးတင်ပါတယ် ဦးရယ်"

ဆင်းလုသည် လူသေသိုင်းသမားအား ဦးညွှတ်လိုက်သည်။

"အခုလို ဦးနဲ့ တွေ့ရလို့ အလွန်စိတ်ဝင်စားတဲ့ ပုံပြင်တစ်ခု ကြားရတာ အများကြီး ဝမ်းသာပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါအုံး"

လူသေသိုင်းသမားက ပြုံးပြလိုက်သည်။

"ကဲ မင်းသွားလိုရာသာ သွားပေတော့၊ အောင်မြင်ပါစေလို့ ငါဆုတောင်းပါတယ်"

ဆင်းလုသည် လူသေသိုင်းသမား၏ စကားဆုံးသည်နှင့် ထိုတောင်ရှိရာသို့ ရှေ့ရှုလျှောက်သွားလေတော့သည်။

♠ ♠ ♠

## အခန်း(၅၃)

## အမြေပုံ

ဤနေရာသည် မြင့်မားသော တောင်ကုန်းတစ်ခု ဖြစ်သည်။

လူသူ အရောက်အပေါက် နည်းလှန်း၍လည်း တောလမ်းတစ်ခုလုံးမှာ မြက်ပင်များ ရှည်လျားစွာ ပေါက်နေသည်။

မြက်ပင်များ ထူထပ်မှုကြောင့် လမ်းယောင်ယောင်ကိုသာ မြင်ရ၏။

တောင်ခါးလယ်သို့ ရောက်ရှိလာသောအခါ ကျောက်နံရံများ တစ်ဘက်တစ်ချက်စီ ရှိနေသော လမ်းတစ်ခုကို ထပ်မံတွေ့လိုက်ရသည်။



ယင်းကျောက်နံရံများသည် သဘာဝအတိုင်း တည်ရှိနေသည့် ကျောက်နံရံများ ဖြစ်လေ၏။

ယာဘက်ရှိ ကျောက်နံရံပေါ်၌ လူသေသိုင်းသမားက ပြောပြထားသကဲ့သို့ စာတန်းတစ်ခု ထွင်းထားသည်က တွေ့ရသည်။

ယင်းစာတန်းမှာ...

"မည်သူ့ကိုမှ ဝင်ခွင့်မပြုပါ"

ဟူ၍ ဖြစ်၏။

ဆင်းလုသည် မိမိ ရောက်လိုသော နေရာမှန်း သိလိုက်လေသည်။

ထို့ကြောင့်...

သူသည် ကျောက်နံရံထဲသို့ လှမ်းဝင်သွားသည်။

ကျောက်နံရံများ ကျော်လာသောအခါ မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုမြေကွက်လပ်၏ အစွန်ဆုံး၌ ကျောက်လိုဏ်ဂူတစ်ခုအား တွေ့မြင်လိုက်ရသည်။

ဆင်းလုသည် ရှုစမ်းဟန်ဖြင့် အတန်ကြာ အကဲခတ်နေ၏။

ထို့နောက်...

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုကျောက်လိုဏ်ဂူရှိရာသို့ သတိကြီးစွာ လျှောက်သွားလိုက်သည်။

ဆင်းလုသည် လိုဏ်ဂူဝသို့ ရောက်လာသောအခါ ခြေလှမ်းရပ်လိုက်သည်။

အတွင်းဘက်သို့ မျက်မှောင်ကုပ်၍ အကဲခတ်ကြည့်နေ၏။

သူ၏အရိုးအဆစ်များမှာ တစ်ခါတစ်ခါ နာကျင်လွန်းသဖြင့် ဆင်းလု၏ နဖူးပေါ်မှ ချွေးများ စီးဆင်းကျလာလေတော့သည်။

သူသည် နာကျင်မှုကို ကျိတ်မှိတ်ခံစားယင်း လိုဏ်ဂူထဲသို့ အကဲခတ်ကြည့်လိုက်သည်။

သို့သော်...

လိုဏ်ဂူအတွင်း၌ တိတ်ဆိတ်နေ၏။

"အင်း မျက်နှာဖျက်ဆီးခံထားတဲ့ အမျိုးသမီးဟာ ဒီလိုဏ်ဂူထဲမှာ ရှိမယ်ထင်တယ်"

သူသည် ထိုသို့ တွေးတောယင်း ရှေ့သို့ ဆက်၍ လျှောက်သွားပြန်လေသည်။

လိုဏ်ဂူတစ်ခုလုံးမှာ မှောင်မည်း၍ နေသည်။

ဆင်းလုသည် မျက်လုံးကို အနည်းငယ် မှိတ်ထားလိုက်ပြီးမှ



ပြန်ဖွင့်ကြည့်လိုက်သည်။

ထိုစဉ်မှာပင်...

"ဘယ်သူလဲ ဘာကိစ္စနဲ့ ဝင်လာတာလဲ"

ရုတ်တရက်...

အမျိုးသမီးတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

တဆက်တည်းမှာပင်...

လက်ဝါးတစ်ခုက သူ့အား ရုတ်တရက် ရိုက်ချလာလေ၏။

ဆင်းလုသည် သွေးကြောပိတ်ခံထားရသဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိပါ။

"ဝုန်း"

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် မြောက်တက်သွားပြီး လဲကျသွားလေတော့သည်။

သူသည် နာကျင်မှုကို ကျိတ်မှိတ်ပြီး လူးလိမ့်၍ ထလိုက်လေသည်။

ဆင်းလုသည် အံကို တင်းတင်းကြိတ်လိုက်ပြီး...

"ခင်ဗျားက အတော်ရိုင်းပါလား၊ လူမတွေ့သေးဘူး၊ တိုက်ခိုက်ဖို့က အယင်ပဲ"

အမျိုးသမီးအသံက ထပ်မံထွက်ပေါ်လာသည်။

"ငါဒီမှာ နေတယ်ဆိုတာ မင်းဘယ်လိုလုပ် သိသလဲ၊ လူသေအလောင်းက ပြောပြလိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဆင်းလုက အမှန်အတိုင်း ဝန်ခံလိုက်၏။

"ဒီလိုပါ ကျုပ်က သွေးကြောပိတ်ခံနေရလို့ လာပြီး အကူအညီ တောင်းရတာပါ"

"ငါက မင်းကို ကူညီမယ်လို့ မင်းထင်နေသလား"

ဆင်းလုက ဦးညွှတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်၊ ကျုပ်ကို အကူအညီပေးပါခင်ဗျာ၊ တောင်းပန်ပါတယ်"

အမျိုးသမီး၏ မကျေနပ်သံ ထပ်မံပေါ်ထွက်လာ၏။

"ဒီလူသေအလောင်းက ငါနေထိုင်တဲ့ နေရာကို ပေါက်ကြားတဲ့အတွက် ငါသွားဆုံးမရအုံးမယ်"

ဆင်းလုက ဦးညွှတ်လိုက်ပြန်သည်။

"ကျုပ်ကို ကူညီပါ ခင်ဗျာ၊ ကျုပ်ရဲ့ဒဏ်ရာက ပျောက်သွားမယ်ဆိုယင် ခင်ဗျားခိုင်းတာကို ကျုပ်လုပ်ပေးပါ့မယ်"



မိန်းသမီးအသံက ထပ်မံပေါ်လာ၏။

"မင်းတကယ် ပြောနေတာလား၊ ယောကျာ်းတစ်ယောက်ရဲ့ ကတိနော်"

"တကယ်ပါ၊ ကျုပ်က ပေးပြီးသား ကတိကို မဖျက်တတ်ပါဘူး"

"ကောင်းပြီ၊ ပထမဆုံး ကျုပ်မေးမယ့် မေးခွန်းသုံးခုကို အယင်ဆုံး ဖြေပါ"

မေးခွန်းသုံးခု ဆိုသဖြင့် ဆင်းလုက ပြုံးလိုက်၏။

အခြားလူဆိုလျှင်တော့ ဤမျှ သိုင်းပညာမြင့်မားသူ အမျိုးသမီးတစ်ယောက်၏ စကားကို ကြားပြီး လန့်သွားပေလိမ့်မည်။

သူကတော့ မလန့်ပါ။

အဘယ်မှာလျှင် လန့်ပါမည်နည်း။

လူသေသိုင်းသမားက အမျိုးသမီးအကြောင်း အကုန်အစင် မကျန် ပြောပြပြီးခဲ့ပြီ မဟုတ်ပါလော။

ဤမေးခွန်းသုံးခု အကြောင်းလည်း လူသေအလောင်း သိုင်းသမားက ပြောခဲ့ပြီးလေပြီ။

ထို့နောက်...

သူသည် အမှောင်အတွင်းမှ အမျိုးသမီးအား စူးစိုက်ကြည့်လိုက်၏။

"ခင်ဗျားမေးမယ့် မေးခွန်းက ချို ခါး စပ် မဟုတ်လား"

"ဟင် လူသေအလောင်းက မင်းကို ပြောပြီးပြီနဲ့ တူတယ်၊ ဒါကို မင်းဖြေနိုင်ယင်၊ ငါမင်းကို ကူညီပါ့မယ်"

"ကျုပ်က မဖြေနိုင်ယင် ဘယ့်နှယ်လုပ်မလဲ"

"ထွက်သွားယုံပေါ့"

ဆင်းလုသည် မျက်မှောင်ကုပ်သွား၏။

ထိုစဉ် အတွေးတစ်ခုသည် ဦးနှောက်ထဲသို့ ရောက်ရှိလာ၏။

ချို ခါး စပ် ဟူသော ပဟေဠိသည် အဓိပ္ပါယ်များစွာ ရှိလိမ့်မည်ဟု သူစဉ်းစားမိလေသည်။

ဆင်းလုသည် အလွန်ဉာဏ်ကောင်းသော လူတစ်ယောက်ပင် ဖြစ်သည်။

သူသည် ချို ခါး စပ် ဟူသော စကားလုံးများမှာ အခြားအရေးကြီးသော အဓိပ္ပါယ် ရှိရမည်ဟု သူယုံလာလေ၏။

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"နေပါအုံး၊ ခင်ဗျားက ဒီ ချို၊ ခါး၊ စပ် ဆိုတဲ့ အဓိပ္ပါယ်မှာ



တခြား အဓိပ္ပါယ် ရှိလိမ့်မယ်လို့ ကျုပ်ယူဆမိတယ်ဗျ"

အမှောင်တွင်းမှ အမျိုးသမီးက သူ့ကို စူးစိုက်ကြည့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်၊ မင်းပေးတဲ့ အဖြေကို ကျုပ်ကျေနပ်ယင် ကျုပ် မင်းကို ကူညီပါ့မယ်"

ဆင်းလုက သူမဘက်သို့ လှမ်း၍ ကြည့်လိုက်၏။

"ကျုပ်သိရသလောက် ပြောရမယ်ဆိုယင် ခင်ဗျားရဲ့ ချစ်သူက ပရိယာယ်ကိုသုံးပြီး ခင်ဗျားမျက်နှာကို ဖျက်စီးလိုက်တယ် မဟုတ်လား"

"မင်း ဒါတွေလဲ သိနေတယ် ဟုတ်လား"

အမျိုးသမီး၏ အံ့ဩသံက ထွက်ပေါ်လာ၏။

"ဟုတ်ကဲ့"

အမျိုးသမီးသည် စကားမပြောဘဲ အတန်ကြာ တိတ်ဆိတ်သွားပြန်သည်။

အတန်ကြာမှ သူမ၏အသံ ပေါ်လာ၏။

"တန်တော့ လူသေအလောင်းက ပြောပြလိုက်ပြီနဲ့ တူတယ်"

"ဟုတ်ပါတယ်"

အမျိုးသမီး၏ သက်ပြင်းချသံ ကြားလိုက်ရလေသည်။

"မင်းထင်သလို ဖြစ်နိုင်ပါတယ်"

ဆင်းလုက ပြုံးလိုက်သည်။

"ဒါဆိုယင် ပထမ မေးခွန်းကို ကျုပ်ဖြေနိုင်ပါပြီ"

အမျိုးသမီး၏ အသံက မှောင်ရိပ်ထဲမှ ထပ်မံပေါ်လာသည်။

"ဒါဖြင့် ဖြေပါ"

"လောကပေါ်မှာ အချိုဆုံးသော အရာဟာ ချစ်သူရဲ့အနမ်း မဟုတ်လား"

အမျိုးသမီး၏အသံ တိတ်ဆိတ်သွားသည်။

အတန်ကြာတော့မှ...

"ပထမမေးခွန်းကတော့ အဖြေမှန်သွားပြီ၊ ဒုတိယမေးခွန်းကို ဆက်ဖြေပါ"

ဆင်းလုက ပြုံးလိုက်သည်။

"ဒုတိယ မေးခွန်းက လောကမှာ ဘယ်အရာက အခါးဆုံးလဲဆိုတာ ကျုပ်က ဖြေရမယ်ဆိုယင် တစ်ဘက်သတ် ချစ်နေခြင်းဟာ



အခါးသီးဆုံးလို့ ဆိုရမှာပဲ"

"မင်းမဆိုးဘူး မင်းအဖြေမှန် သွားပြန်ပြီ၊ ဒီတော့ တတိယမေးခွန်းကို ဆက်ဖြေပါ"

ဆင်းလု အနည်းငယ် စဉ်းစားလိုက်သည်။

"တတိယမေးခွန်းကတော့ နည်းနည်းခက်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"ဒါကတော့ မင်းဘာသာမင်း ကြိုးစားဖြေပေါ့"

သူသည် အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ်တို့ ရှေးပညာရှိ စကားရှိပါတယ်၊ အဲဒီ စကားပုံဟာ"

အမှောင်တွင်းမှ အမျိုးသမီးသည် ဆင်းလု၏ပြောလာမည့် အဖြေကို စိတ်ဝင်တစား စောင့်စားနေဟန်တူသည်။

ဆင်းလုသည် စကားခေတ္တ ရပ်တန့်ပြီးမှ ဆက်လိုက်လေသည်။

"ကျားရဲ့က အထက်ဆုံးလက်နက်ဟာ အစွယ်ပါပဲ၊ များရဲ့ အထက်ဆုံးလက်နက်ဟာ သူ့ရဲ့တင်ပါးမှာရှိတဲ့ အပ်ကလေးပါပဲ၊ ဒါပေမယ့် အဲဒီ နှစ်မျိုးစလုံးဟာ မိန်းမတို့စိတ်လောက် အဆိပ်မပြင်းထန်ပါဘူး"

သူသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောလိုက်သည်။

"ဒါကြောင့် ခင်ဗျားဆိုလိုတဲ့ အမိပွါယ်မှာ အစပ်ဆုံး မဟုတ်ဘဲ အရက်စက်ဆုံးလို့ အဓိပ္ပါယ်ကောက်ရမှာပဲ၊ ဒါကြောင့် လောကမှာ အရက်စက်ဆုံး အရာဟာ သစ္စာမဲ့တဲ့ယောကျ်ား အသည်းနှလုံးကို ဆိုလိုတယ် မဟုတ်လား"

သူ၏စကားဆုံးသွားသည်နှင့် လူရိပ်တစ်ခုသည် သူ့ထံသို့ လျှင်မြန်စွာ ရောက်ရှိလာလေ၏။

ဆင်းလုက လှမ်းကြည့်လိုက်ရာ ယောကျ်ားလား၊ မိန်းမလားဟု ခွဲခြားမရနိုင်လောက်အောင် အလွန်အရုပ်ဆိုးသော လူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

ဆင်းလုမှာ ရင်ထိတ်သွားပြီး နောက်သို့ အလိုအလျောက် ဆုတ်သွားမိသည်။

ထိုအရုပ်ဆိုးသော လူသည် ဆင်းလုအား အေးစက်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

သူ့မျက်လုံးများက ကြောက်စရာ အရည်လဲ့နေ၏။

"ငါ့ရဲ့ မေးခွန်းသုံးခုကို မင်းက မှန်ကန်စွာ ဖြေနိုင်တဲ့အတွက် မင်းကို ငါကူညီမယ်"



ဆင်းလုက မျက်မှောင်ကုပ်သွားသည်။ သူသည် ထိုအရုပ်ဆိုး အမျိုးသမီးကို မဝံ့မရဲ လှမ်းကြည့်လိုက်ပြီး...

"ဒါဖြင့် ကျုပ်ရဲ့ သွေးကြောတွေကို ဖြေပေးမယ်ပေါ့ ဟုတ်လား"

ထိုအရုပ်ဆိုးသော အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ (၃)နှစ်တုန်းက ကျုပ်က ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်၊ ကျုပ်မေးတဲ့ မေးခွန်း(၃)ခုကို အဖြေပေးနိုင်တဲ့ လူဟာ သိုင်းလောကမှာ ကျော်ကြားစေရမယ်လို့"

ဆင်းလုက ဝမ်းသာသွားသည်။

အမျိုးသမီးက သူမ၏စကားဆုံးသည်နှင့် ဆင်းလု၏ အရိုးအဆစ်များကို လက်ဖြင့် စမ်းသပ်ကြည့်လိုက်သည်။

သူသည် ဆင်းလု၏မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး...

"မင်းက ဘီလူးနန်းတော် သခင်မလေးရဲ့ လက်ချက် မိသွားတာကိုး"

ဆင်းလုက အံ့ဩသွားသည်။

အမျိုးသမီး၏ ဉာဏ်ထက်မြက်မှုကို လေးစားမိသည်။

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ၊ ခင်ဗျားပညာကို ချီးကျူး

ပါတယ်ဗျာ"

အရုပ်ဆိုးသော အမျိုးသမီးက ပြုံးလိုက်သည်။

"အမှန်မှာ မင်းကို ငါကူညီဖို့ မဟုတ်ဘူး၊ ဒါပေမယ့် ငါပေးထားတဲ့ ကတိကြောင့်သာ ကူညီရမှာ"

သူမသည် ပြောယင်း ဆင်းလု၏သွေးကြောများကို လက်ညှိုးဖြင့် ထောက်ကာ ဖြေပေးလိုက်သည်။

အမျိုးသမီးက ခပ်လှမ်းလှမ်းတွင် သွားရပ်နေလိုက်ပြီး ဆင်းလု၏အခြေအနေကို အကဲခတ်ကြည့်နေ၏။

တခဏအကြာတွင် ဆင်းလု၏တစ်ကိုယ်လုံးမှာ နာကျင်သော ဝေဒနာများ လုံးဝပျောက်ကင်းသွားသည်။

ဆင်းလုမှာ ကိုယ်လက်လှုပ်ရှားလာနိုင်ပြီး မျက်နှာမှာလည်း ရွှင်လန်းလာသည်။

ဆင်းလုက ရိုကျိုးစွာဖြင့် ဦးညွတ်ဂါရဝပြုလိုက်လေ၏။

"အခုလို ကူညီတာ ကျေးဇူးတင်လို့ မဆုံးပါဘူး ခင်ဗျာ"

ရုပ်ဆိုးသော အမျိုးသမီးက လက်ကာပြလိုက်သည်။

"မလိုပါဘူးကွာ၊ ငါက ကတိအတိုင်း မင်းကို ကူညီလိုက်တာပါ"



သူသည် ဆင်းလုအား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

"ငါ့ရဲ့ မေးခွန်းသုံးခုကို ဖြေနိုင်တဲ့အတွက် မင်းဟာ ငါ့ရဲ့ ခံစားချက်ကို နားလည်တဲ့ လူတစ်ယောက်ဖို့ ငါဝမ်းသာလှပါတယ်"

"ကျွန်တော် ခင်ဗျား အခုလို ခံစားနေရတာကို မြင်ရတော့ စိတ်မကောင်းပါဘူးဗျာ"

"ကိစ္စမရှိပါဘူး၊ ငါ့ဘဝနဲ့ ငါပါပဲ၊ မင်း ဒီလို ပြောဖော်ရလို့ ကျေးဇူးတင်ပါတယ်"

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်သည်။

"ငါကတိပေးထားတဲ့အတိုင်း မင်းကို သိုင်းလောကမှာ လက်ပ[illegible]နိုင်အောင် လုပ်ပေးရမ[illegible]၊ ဒါပေမယ့် (၃)ရက်အတွင်းမှာ မင်း ဒီကနေ ဘယ်ကိုမှ မသွားရဘူး၊ ငါ့ကို ဘာမှ မမေးရဘူး၊ အဲဒါ မင်းတာဝန်ယူမလား"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

သူသည် ထိုအရုပ်ဆိုးအမျိုးသမီးကို စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားရဲ့ အကြောင်းကို ကျုပ်မေးပိုင်ခွင့် ရှိပါသလား

ခင်ဗျာ"

အမျိုးသမီးက ခေါင်းခါယမ်းလိုက်၏။

"မင်း ဘာမှ မမေးပါနဲ့ ငါပြောတဲ့ အတိုင်းသာ လိုက်နာ သင်ယူပါ"

"ခင်ဗျားက ကျုပ်ကို သိုင်းပညာ တကယ် သင်ပေးမယ် ဟုတ်လား"

"ဟုတ်တယ်"

ဆင်းလုက မဲ့ပြုံးပြုံးလိုက်၏။

"အခုလို သိုင်းပညာ သင်ပေးတာကလဲ၊ ခင်ဗျားပေးထား တဲ့ ကတိကို တည်စေချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်"

"တကယ်လို့များ ကျုပ်ဟာ အလွန်ဆိုးသွမ်းတဲ့ လူတစ် ယောက်ဆိုယင်ကော"

အမျိုးသမီးက သူ့ကို ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

"ကျုပ်ပေးထားတဲ့ ကတိအတိုင်း သင်ပေးရမှာပဲ"

"ဒါဖြင့် ကျုပ်က ဘယ်သူဘယ်ဝါဆိုတာကော မသိချင်ဘူး လား"



အမျိုးသမီးက ခေါင်းယမ်းလိုက်၏။

"မလိုပါဘူး၊ မင်းအကြောင်းကိုလဲ မသိချင်ဘူး၊ ငါ့အ ကြောင်းကိုလဲ မမေးနဲ့"

ဆင်းလုက ခေါင်းခါယမ်းလိုက်သည်။

"အခုလို ဝေဒနာတွေကို ပျောက်ကင်းအောင် ကုသပေး တာ ကျေးဇူးတင်ပါတယ်၊ သိုင်းပညာ ထပ်သင်ပေးမှာကို အားနာပါ တယ်"

"ဒါကတော့ မင်းသင်ချင်သင်၊ မသင်ချင်နေ မင်းဘာသာ မင်းဆုံးဖြတ်ပေါ့"

ဆင်းလုက အနည်းငယ် စဉ်းစားလိုက်သည်။

သူသည် ဘီလူးနန်းတော် သခင်မလေးနှင့် ယှဉ်ပြိုင်ရန် သိုင်းပညာ သင်ကြားရမည်ကို သတိရလာသည်။

သို့မှသာလျှင် သူ၏ချစ်သူ ငွေကိုယ်ရံတော်၏ အသက်ကို ကယ်တင်နိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် ဆုံးဖြတ်လိုက်ပြီး...

"ကောင်းပြီ၊ ကျုပ်သင်ကြားပါ့မယ်၊ နောက်ပြီး ခင်ဗျားရဲ့ စည်းကမ်းကိုလဲ လိုက်နာပါ့မယ်"

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

"ဒီလိုဆိုယင် မင်းကို ငါ သိုင်းကွက်(၄)ကွက်နဲ့ ရှောင်တိမ်းမှုပညာ သင်ပေးမယ်"

ဆင်းလုက မျက်မှောင်ကုပ်လိုက်သည်။ သူက အံ့သြသံဖြင့်

"သိုင်းကွက်(၄)ကွက်တည်း ဟုတ်လား"

"ဟုတ်တယ်၊ သိုင်းကွက်လေးကွက် ဆိုပေမယ့် မင်းအထင်မသေးနဲ့၊ ဒီသိုင်းလေးကွက်နဲ့ ရှောင်တိမ်းမှုပညာကို သင်ယင် သိုင်းလောကမှာ မင်းရဲ့နာမည်က လျှမ်းလျှမ်းတောက် ကျော်ကြားလာနိုင်တယ်"

ဆင်းလုက ဝမ်းသာရွှင်လန်းသော မျက်နှာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီလေ၊ ကျုပ်ကို သင်ပေးပါတော့"

အမျိုးသမီးသည် ဆင်းလု၏စကားကို ကြားရသည်နှင့် ကိုယ်နေဟန်ထားကို အသင့်ပြင်ထားလိုက်သည်။

"ပထမ သိုင်းကွက်ကတော့ 'နတ်လက်ဝါး'သိုင်းလို့ ခေါ်တယ်"

ဆင်းလုက ခေါင်းညိတ်လိုက်ပြီး သူမ၏ ဟန်ပန်ကို ကြည့်



နေသည်။

သူမသည် လက်ဝါးနှစ်ဖက်အား တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။ ထို့နောက်...

ရပ်တန့်လိုက်ပြီး ဆက်လက်ရှင်းပြလိုက်လေသည်။

"ဒုတိယသိုင်းကွက်ကတော့ 'နတ်သရဲ'အရိပ်ပဲ ဖြစ်တယ်"

သူမသည် ပြောယင်း လက်နှစ်ဖက်ဝှေ့ယမ်းပြလိုက်ပြီး သူမ၏ ခန္ဓာကိုယ်အား တစ်ပတ်လှည့်လိုက်သည်။

"တတိယအကွက်ကတော့ 'မာန်ဟုန်လက်ဝါး'လို့ ခေါ်တယ်"

သူမသည် ဆင်းလုကို ရှင်းပြပြီးသည်နှင့် ခန္ဓာကိုယ်အား တည့်မတ်စွာ ရပ်တန့်လိုက်ပြီး ဝဲယာရှေ့နောက် ယိမ်းနွဲ့လိုက်သည်။

"စတုတ္ထသိုင်းကွက်ကတော့ 'ကျွမ်းကျင်ရာလိမ္မာ'လို့ ခေါ်တယ်"

သူမသည် လက်နှစ်ဖက်ဝှေ့ယမ်းပြီး လှုပ်ရှားလိုက်သည်။

ဆင်းလုမှာ ဘာမှမမေးတော့ဘဲ သူမ၏လှုပ်ရှားမှု သိုင်းကွက်များကိုသာ စိတ်ဝင်တစား ကြည့်နေ၏။

ထို့နောက် သူသည် သိုင်းကွက်လေးကွက်ကို သေချာစွာ

သရုပ်ပြယင်း ရှင်းပြလိုက်သည်။

သူမသည် သိုင်းကွက်(၄)ကွက်စလုံးကို ရှင်းပြလိုက်ပြီးမှ...

"ဒီသိုင်း(၄)ကွက်ကို မင်းအထင်မသေးလိုက်ပါနဲ့၊ သူ့ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုလိုက်ယင် သိုင်းကွက်(၂၀၀)အထိ သုံးလို့ ရတယ်"

ဆင်းလုသည် အမျိုးသမီး သင်ကြားပေးသော သိုင်းကွက်များကို ကြိုးစား၍ မှတ်သားကာ သင်ကြားလေတော့သည်။

♠ ♠ ♠

တစ်ရက်တာ ကုန်လွန်သွားခဲ့လေ၏။

ဆင်းလုသည် ပထမသိုင်းကွက်ကို စတင်လေ့ကျင့်သော အခါတွင် သူမျှော်မှန်းထားသည်ထက် များစွာ ခက်ခဲနေသည်ကို တွေ့ရသည်။

ယင်းသိုင်းကွက်မှာလည်း အလွန်နက်နဲသည်ကို တွေ့ရလေသည်။ ထို့ကြောင့်...

သူသည် ထိုသိုင်းကွက်များကို စိတ်အားထက်သန်စွာဖြင့် လေ့ကျင့်သည်။

နေ့တစ်ဝက်ခန့် အချိန်ကုန်ဆုံးသွားသောအခါ သူသည်



သိုင်းလေးကွက်ကို သေချာစွာ မှတ်သားမိလာသည်။

အမျိုးသမီးသည် ဆင်းလုက သိုင်းလေးကွက် မှတ်သားမိသည်ကို တွေ့ရှိသောအခါ...

"ကဲ မင်းကို ရှောင်တိမ်းမှုပညာ သင်ပေးရအုံးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားသင်ယူပါ့မယ်"

သူမသည် ခြေလှမ်းနှေးကွေးစွာဖြင့် တစ်ခေါက်လျှောက်ပြလိုက်သည်။ ဆင်းလုက သေချာစွာ ကြည့်လိုက်ရာ ယင်းလမ်းလျှောက်ပုံမှာ မည်သို့မျှ ထူးခြားသည်ကို မတွေ့ရပါ။ သို့သော်...

သူက စ၍ လိုက်လျှောက်သောအခါ ယင်းရှောင်တိမ်းမှုပညာမှာ အလွန်ထူးခြားမှု ရှိသည်ကို တွေ့ရှိလိုက်ရသည်။

ကိုယ်ခန္ဓာလှည့်ပတ်ခြင်း။

ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း၊ ရှောင်တိမ်းခြင်း၊ ကွေ့ပတ်ခြင်း စသည်တို့သည် မိမိထင်ထားသည်ထက် များစွာ အံ့သြဖွယ်ရာကောင်းသည်ကို တွေ့ရှိရသည်။

သူသည် ယင်းကဲ့သို့ လေ့ကျင့်ရာ၌ ဝန်းကျင်တစ်ခုလုံးအား မေ့လျော့သွားလေသည်။

တိုက်ကွက်နှင့် ရှောင်တိမ်းမှု ပညာရပ်များကိုသာ အာရုံစူး

စိုက်စွာ လှေကျင့်နေလေတော့သည်။

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးခဲ့သည်။

သုံးရက်ဟူသော အချိန်သို့ပင် ရောက်ရှိခဲ့သည်။

သုံးရက်ဟူသော အချိန်သည် အလွန်တိုတောင်းလှသည်မှာ မှန်သည်။ သို့သော် သုံးရက်အတွင်းမှာ ဆင်းလု၏သိုင်းပညာမှာ အံ့မခန်း တိုးတက်လာခဲ့လေ၏။

တတိယနေ့ ရောက်လာသောအခါ ရုပ်ဆိုးသော အမျိုးသမီးက သူ့အား ခပ်စိမ်းစိမ်းကြည့်၍ စကားတစ်ခွန်း လာပြောသည်။

"မင်းသွားနိုင်ပါပြီ"

ဆင်းလုက ကျေးဇူးတင်စွာဖြင့်...

"ဟုတ်ကဲ့ အခုလို သိုင်းပညာ သင်ပေးတာကို ကျေးဇူးတင်ပါတယ်"

အမျိုးသမီးက ခေါင်းခါယမ်းလိုက်သည်။

"မလိုပါဘူး၊ ဒါဟာ ကတိရှိတဲ့အတိုင်း သင်ပေးခဲ့တာပါ"

ဆင်းလုက စိတ်မကောင်းဟန်ဖြင့်...

"ဒါနဲ့ ခင်ဗျားရဲ့ နာမည်လေးကိုတော့ သိပါရစေဗျာ"



အမျိုးသမီးက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်နာမည် မခေါ်တာကြာလို့ မေ့သွားပါပြီ၊ မင်းက သိပ်ပြီးတော့ သိချင်တယ်ဆိုယင် ကျုပ်ကို လိုဏ်ဂူသခင် ဘီလူးမလို့ ခေါ်နိုင်ပါတယ်"

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် မှောင်မည်းနေသော လိုဏ်ဂူထဲသို့ ဝင်သွားလေတော့သည်။

ဆင်းလု၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ် ပေါ်ပေါက်လာလေသည်။ သူ့အမြင်မှာ ကြေကွဲစရာပင်။

သိုင်းလောက၌ တစ်ကိုယ်တည်းနေသူ သိုင်းသမား အများအပြား ရှိကြပါသည်။

သူတို့၏ အခြေအနေအရ တစ်ကိုယ်တည်း နေကြသူများပါသည်။ ဤအမျိုးသမီးမှာမူ ချစ်သူ၏ ပရိယာယ်ဆင် ဖျက်ဆီးမှုကြောင့် မျက်နှာပျက်စီးရခဲ့သူ ဖြစ်သည်။

သူ့ချစ်သူကို မည်မျှ အခဲမကြေ ဖြစ်နေလိမ့်မည်နည်း။

မည်မျှ ကြေကွဲနေပါမည်နည်း။ တစ်ကိုယ်တည်း နေပြီး မည်မျှ ဝမ်းနည်းကြေကွဲနေမည်နည်း။

ဆင်းလုသည် အမျိုးသမီးအား ကျေးဇူးလည်းတင် စိတ်

မကောင်းလည်း ဖြစ်မိသည်။

ဆင်းလုသည် အရုပ်ဆိုး အမျိုးသမီး ဝင်သွားရာ ဂူအတွင်းသို့ စိတ်မကောင်းစွာဖြင့် အတန်ကြာ လှမ်းကြည့်ပြီးနောက် ကျောနိုင်း၍ ထွက်ခွာသွားလေတော့သည်။

သူသည် ထိုသဘာဝ ကျောက်နံရံကြားမှ ပြန်လည် ထွက်ခွာလာပြီးနောက် သူသည် မူလ သူကျရောက်နေသော နေရာသို့ ပြန်လည်ရောက်ရှိလာသည်။

သူသည် အပေါ်သို့ မော့ကြည့်လိုက်သည်။

"ငါ ဒီအပေါ်က ကျလာတာပဲ၊ ဒီအတိုင်း ပြန်တက်သွားမယ်"

သူသည် ယင်းသို့ တွေးယင်း ကျောက်နံရံများကို ခြေလက်များ အသုံးပြုကာ တက်သွားလေသည်။

ထမင်းအိုးနှစ်အိုးကျက်ခန့် ကြာပြီးသည့်နောက် သူသည် ချောက်ကမ်းပါးပေါ်သို့ ပြန်လည်ရောက်ရှိသွားသည်။

သူသည် လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့တော့သည်။

♠ ♠ ♠



အခန်း(၅၄)

## ဗွာနချုပ်၏သတင်း

ဆင်းလုသည် ဘီလူးနန်းတော်၏ အဆောက်အအုံကို လှမ်း၍ တွေ့မြင်လိုက်ရသည်။

သူသည် ခြေလှမ်းသုတ်သုတ်ဖြင့် အဆောက်အအုံ ရှိရာသို့ ပြေးလွှားသွား၏။

ငွေကိုယ်ရံတော်အတွက်လည်း အတော်ပင် စိတ်ပူပန်နေမိ၏။

သူသည် အဆောက်အအုံအနီးသို့ ရောက်သောအခါ ခြေလှမ်း တုံ့ခနဲရပ်သွားသည်။

အကြောင်းမှာ...

ဘီလူးနန်းတော်ရှေ့ရှိ မြေကွက်လပ်တွင် လူများ စုဝေးနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။

ဆင်းလုသည် ရုတ်တရက် အကြံတစ်ခု ရလိုက်၏။

သူသည် အနီးရှိ သစ်ပင်တစ်ပင်၏ နောက်ကွယ်သို့ ဝင်ရောက်ပုန်းအောင်းပြီး ကြည့်လိုက်၏။

ထိုမြေကွက်လပ်ပေါ်တွင် ဘီလူးနန်းတော်အဖွဲ့သား ငါးယောက်ခန့်နှင့် သခင်မလေးတို့ ဖြစ်နေသည်ကို တွေ့ရှိသည်။

သခင်မလေးနှင့် မျက်နှာချင်းဆိုင် ရပ်နေသူမှာ ယုယင်းကျူးပင် ဖြစ်နေ၏။

ဆင်းလုသည် ယုယင်းကျူးအား တွေ့မြင်ရသောအခါ အံ့သြသွားသည်။

ယုယင်းကျူးသည် အဘယ်ကြောင့် ဘီလူးနန်းတော်သို့ ရောက်လာရသည်ကို နားမလည်နိုင်ဘဲ ရှိနေ၏။

ထို့ကြောင့်…

သူသည် အာရုံစူးစိုက်စွာ နားစွင့်လိုက်သည်။

သခင်မလေးက အေးတိအေးစက် အသံဖြင့်…

"ညည်းနဲ့ ဆင်းလုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"



ယုယင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကို ဘာမှ မေးစရာ မလိုဘူး။ ရှင်တို့က ဆင်းလုကို မလွှတ်ဘူးဆိုယင် ကျွန်မက နန်းတော်ကို မီးရှို့ပစ်မှာပဲ"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းက လုပ်နိုင်လို့လား"

"မယုံယင် စမ်းကြည့်ပေါ့"

ယုယင်းကျူးသည် ယင်းသို့ ပြောပြီးသည်နှင့် တိုက်ခိုက်ရန် သခင်မလေးထံသို့ ချဉ်းကပ်သွားသည်။

သခင်မလေးက ယုယင်းကျူး သူမအနားသို့ ရောက်လာသောအခါ မဲ့ပြုံးပြုံးလိုက်ပြီး…

"ညည်းက လောကကြီးကို ငြီးငွေ့နေပြီနဲ့ တူတယ်"

"ဘယ်သူက ငြီးငွေ့နေသလဲဆိုတာ သိရမှာပေါ့"

ထိုစဉ်မှာပင် ဆင်းလုသည် ပုန်းကွယ်နေရာမှ ထွက်လိုက်သည်။

ဆင်းလုသည် လျှပ်တပြက် တိုက်ခိုက်လိုက်တော့သည်။

သခင်မလေးသည် ဆင်းလု၏ တိုက်ခိုက်မှုကို ခုခံလိုက်ရ၏။

သူသည် ဆင်းလုအား မျက်မြင်တွေ့မြင်လိုက်ရသောအခါ အံ့သြထိတ်လန့်သွားလေတော့သည်။

ဆင်းလုက မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒီမှာ ကျုပ်ကို သေသွားသွားပြီလို့ ထင်နေတယ် မဟုတ်လား"

သခင်မလေးက စိတ်ကို ချုပ်တည်းလိုက်သည်။

"ဟုတ်တယ်၊ မင်းသေမသွားတာ သိပ်ကို ကံကောင်းတယ်လို့ မှတ်ပါ"

ဆင်းလုက အံကို တင်းတင်းကြိတ်လိုက်ပြီး သခင်မလေးကို စိမ်းစိမ်းကြည့်လိုက်၏။

"ကျုပ်ဆီက ယူထားတဲ့ပစ္စည်း ပြန်ပေးရမယ်"

သခင်မလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က မပေးဘူးဆိုယင်ကော မင်းက ဘာလုပ်မှာလဲ"

"မပေးယင် ကျုပ်ကို အဆိုးမဆိုနဲ့ ကျုပ်အကြောင်း သိရမယ်"

သူသည် ပြောပြီးသည်နှင့် စတင်တိုက်ခိုက်လေတော့သည်။

သခင်မလေးက ပြန်လည်ခုခံလေ၏။



ဆင်းလုသည် သူလေ့ကျင့်ထားသော သိုင်းကွက်လေးကွက်အား အသုံးပြုလိုက်လေတော့သည်။

သခင်မလေးက မျက်နှာကွက်လန့် ပျက်သွားသည်။

သူမ၏စိတ်ထဲမှလည်း ထိတ်လန့်အံ့သြသွားမိလေ၏။

တိုတောင်းသော သုံးရက်အချိန်အတွင်းမှာ ဆင်းလု၏ သိုင်းပညာ အံ့မခန်းလောက်အောင် တိုးတက်လာသည် မဟုတ်ပါလား။

သူမသည် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ဘဲ ဂရုတစိုက် ပြန်လည်တိုက်ခိုက်ရလေ၏။

သူတို့နှစ်ယောက်သည် သဲသဲမဲမဲ တိုက်ခိုက်နေကြသော်လည်း အရှုံးအနိုင် မပေါ်ချေ။

သူတို့သည် သိုင်းကွက်လေးကွက်မျှ တိုက်ခိုက်ပြီး ရုတ်တရက် ရပ်တန့်လိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော်...

သူတို့နှစ်ယောက်စလုံး တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ အသွားအပြန် တစ်ပုံစံတည်း ဖြစ်နေသည်ကို တွေ့ရှိရသောကြောင့်တည်း။

ဆင်းလုက အံ့သြသွားသည်။

ထိုနည်းတူစွာပင်...

သခင်မလေးကလည်း အံ့ဩနေ၏။

ဆင်းလုက မျက်မှောင်ကုပ်သွား၏။

"ဟေ့ ခင်ဗျားသိုင်းကွက်က ကျုပ်သိုင်းကွက်နဲ့ တူနေပါလား"

သခင်မလေးက အံ့ဩသွား၏။

"ဒီသိုင်းလေးကွက်ကို ရှင့်ကို ဘယ်သူသင်ပေးလိုက်တာလဲ"

သူတို့နှစ်ယောက်စလုံးသည် ယင်းသို့ မေးလိုက်ပြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဆင်းလုက သတိရလာပြီး...

"ကျုပ်က ဘယ်သူ့ဆီကပဲ သင်ရသင်ရ ခင်ဗျားနဲ့ မဆိုင်ဘူး၊ ကျုပ်ကို နိုင်အောင် တိုက်ပါ"

သူသည် ပြောပြီးသည်နှင့် ထပ်မံတိုက်ခိုက်လိုက်လေ၏။

သခင်မလေးက ရှောင်တိမ်းလိုက်၏။

"ရှင်က မပြောယင် သေဖို့သာ ပြင်ပေတော့"

သူမသည် ပြောပြီးသည်နှင့် သဲသဲမဲမဲ ပြန်လည်တိုက်ခိုက်လိုက်လေ၏။



ဤသို့ဖြင့်...

သူတို့နှစ်ယောက်သည် မဟာရန်သူများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တိုက်ခိုက်နေကြလေတော့၏။

ယုယင်းကျူးသည် ဆင်းလုနှင့် သခင်မလေးတို့ တိုက်ခိုက်နေသည်ကို တိတ်ဆိတ်စွာ ကြည့်နေလေ၏။

ယုယင်းကျူး၏အနီးတွင် အနီရောင်အင်္ကျီဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က ရပ်နေ၏။

ထိုအမျိုးသမီးက ဆင်းလုအား ကြည့်လိုက်ပြီး မေးလေ၏။

"ဒီသူငယ်က ဆင်းလု ဟုတ်လား"

ယုယင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူမက ဆင်းလု၏ တိုက်ခိုက်မှုကို ကြည့်လိုက်ပြီး...

"သူ့သိုင်းပညာ အတော် အဆင့်မြင့်တာပဲ"

ယုယင်းကျူးက ခေါင်းညိတ်လိုက်၏။

"ပ[illegible]ဘယ်၊ ဒါပေမယ့် ဟိုလေးငါးရက်တုန်းက သူ အခုလောက် သိုင်းပညာ အဆင့်မမြင့်သေးဘူးရှင့်"

သူမသည် ဆင်းလု၏ သိုင်းကွက်များကို သိရှိခဲ့သည်။

ကျောက်စိမ်းမျက်နှာ ပါရဂူနှင့် တိုက်ခိုက်ခဲ့စဉ်က သိုင်းကွက်များကိုလည်း တွေ့ရှိခဲ့သည်။

ဆင်းလု၏ သိုင်းပညာမှာ ထိပ်တန်းဖြစ်သော်လည်း တကယ် ထိပ်တန်းများကြား၌တော့ ရိုးရိုးသိုင်းပညာမျှသာ ဖြစ်သွားသည်။

ယခုတော့ ထိုသို့ မဟုတ်ပေ။

ထိပ်တန်းသိုင်းပညာရှင်များကိုပင် ယှဉ်ပြိုင်နိုင်စွမ်း ရှိနေပေပြီ။

ထိုအမျိုးသမီး ခေါင်းညိတ်ပြီး ပြောသည်။

"ဟုတ်လား"

ယုယင်းကျူးက ဆင်းလုနှင့် သခင်မလေးတို့၏ တိုက်ကွက်များအား အကဲခတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဗိုပြီး အုံဩစရာကောင်းတာက သူတို့နှစ်ဦးရဲ့ သိုင်းကွက်က တစ်ပုံစံတည်း ဖြစ်နေတာပဲ"

"သူတို့နှစ်ယောက် ဘယ်သူနိုင်မယ်လို့ ထင်သလဲ"

ယုယင်းကျူးက ဆင်းလုတို့နှစ်ယောက်အား စူးစိုက်ကြည့်လိုက်ပြီး...



"ဆင်းလု ရှုံးသွားမယ် ထင်တယ်"

ယုယင်းကျူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူတို့နှစ်ယောက်ရဲ့ တိုက်ကွက်က တူနေပေမယ့်၊ ဆင်းလုက ဗိုပြီး နုနေသေးတယ်"

ထိုစဉ်မှာပင်...

"အား"

ဟူသော အသံတစ်သံ ထွက်လာ၏။

အော်သံနှင့်အတူ ဆင်းလု၏ ခန္ဓာကိုယ်သည် ဝုန်းခနဲ လွင့်စဉ်သွားလေတော့၏။

ယုယင်းကျူးက ကမန်းကတန်း ဖေးမထားလိုက်၏။

သခင်မလေးက စိတ်ဆိုးမာန်ဆိုးဖြင့်...

"ယား"

ဩသံတစ်ချက် ပေးလိုက်၏။

ထို့နောက်...

သူမသည် ယုယင်းကျူးထံသို့ ခုန်ဝင်လိုက်လေ၏။

ယုယင်းကျူး၏ အနီးသို့ ရောက်သည်နှင့် ယုယင်းကျူးအား တိုက်ခိုက်လိုက်သည်။

အနီရောင်အင်္ကျီဝတ်ဆင်ထားသော အမျိုးသမီးက ကြားဖြတ်ဟန့်တားလိုက်သည်။

ထိုစဉ်မှာပင်...

ကျောက်စိမ်းကိုယ်ရံတော်ကလည်း ဝင်ရောက်တိုက်ခိုက်၏။

တိုက်ပွဲမှာ နှစ်ပွဲ ယှဉ်ပြိုင်နေ၏။

ယုယင်းကျူးသည် ဆင်းလု၏ ခန္ဓာကိုယ်အား ဖေးမထားယင်းမှ အနီရောင်ဝတ်ဆင်ထားသော အမျိုးသမီးအား အသံတိုးတိုးဖြင့်...

"ပန်းရောင်ကျား ဟို့ အမြန်ဆုံး ထွက်သွားကြမှ ကောင်းမယ် ထင်တယ်"

ပန်းရောင်ကျားက ခေါင်းညိတ်လိုက်၏။

ယုယင်းကျူးသည် ပြောပြီးသည်နှင့် ဆင်းလုအား ပခုံးပေါ်သို့ ထမ်းကာ ပြေးထွက်သွားလေသည်။

ပန်းရောင်ကျားကလည်း ထက်ကြပ်မကွာ လိုက်ပါသွား၏။

ကျောက်စိမ်းကိုယ်ရံတော်က နောက်မှ လိုက်သွားရန် ဟန်ပြင်လိုက်သည်။



"လိုက်မသွားနဲ့"

သခင်မလေးက အသံတိုးတိုးဖြင့် ဟန့်တားလိုက်သည်။

ကျောက်စိမ်းကိုယ်ရံတော်မှာ သခင်မလေး၏ ဟန့်တားမှုကြောင့် ခြေလှမ်းရပ်တန့်သွားရသည်။

သူမသည် သခင်မလေးအား လှည့်ကြည့်လိုက်သည်။

"သူတို့ကို လွှတ်လိုက်ရမယ် ဟုတ်လား"

သခင်မလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျောက်စိမ်းကိုယ်ရံတော်က နားမလည်ဟန်ဖြင့်...

"ဘာဖြစ်လို့လဲ"

သခင်မလေးက ပြုံးလိုက်သည်။

"သူတို့ ပြေးလို့ မလွတ်ပါဘူးကွယ်၊ သူ့ပစ္စည်း ငါ့လက်ထဲမှာ ရှိနေတော့ ထပ်လာအုံးမှာပါ"

ကျောက်စိမ်းကိုယ်ရံတော်မှာ ယခုမှ သဘောပေါက်သွားလေတော့သည်။

ခန်းမထဲ၌ သခင်မလေးက မျက်မှောင်ကုပ်၍ တွေဝေနေ၏။

ဆင်းလုသည် တိုတောင်းသော သုံးရက်အချိန်တွင်းမှာ သိုင်းလေးကွက်ပညာကို တတ်မြောက်လာသည့်အတွက် သူမသည် မတွေးတတ်အောင် ဖြစ်နေ၏။

ကျောက်စိမ်းကိုယ်ရံတော်က သခင်မလေးအား အကဲခတ်ကြည့်လိုက်ပြီး…

"သခင်မလေးကို တစ်ခုမေးရအုံးမယ်"

"ဘာမေးမလို့လဲ မေးပါ"

"သခင်မလေးနဲ့ ဆင်းလုရဲ့ တိုက်ခိုက်မှုဟာ ဘာဖြစ်လို့ သိုင်းကွက်တွေ တူနေရတာလဲ"

သခင်မလေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဲဒါကိုပဲ ကျွန်မ တွေးနေတာပေါ့"

သူမသည် ကျောက်စိမ်းကိုယ်ရံတော်အား ကြည့်လိုက်သည်။

"ကဲ အပြင်မှာ ရောက်နေတဲ့ တို့ရဲ့ ထိပ်တန်းသိုင်းသမားတွေကို ပြန်ခေါ်ဖို့ အမိန့်ချလိုက်ပါ"

ကျောက်စိမ်းကိုယ်ရံတော်က နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။



"နန်းတော်ထဲကို ပြန်ခေါ်လိုက်ရမယ် ဟုတ်လား"

သခင်မလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူတို့ကို တာဝန်ပေးစရာ ရှိတယ်"

"ဘာတာဝန်ပေးမလို့လဲ သခင်မလေး"

သခင်မလေးက မျက်နှာတည်သွား၏။

"ဒါကို သိစရာမလိုဘူး၊ သူတို့ကို ဆယ်ရက်အတွင်း တောအုပ်ထဲရောက်အောင် လာဖို့ကိုသာ ပြောလိုက်ပါ"

ကျောက်စိမ်းကိုယ်ရံတော်က ရှိသေစွာ ခေါင်းညိတ်လိုက်၏။

"အမိန့်အတိုင်းပါ သခင်မ"

ကျောက်စိမ်းကိုယ်ရံတော်မှာ ခန်းမအပြင်သို့ ထွက်ခွာသွားလေတော့သည်။

ယုယင်းကျူးသည် ဆင်းလုအား တောအုပ်ထဲမှ ထမ်းထုတ်သွားပြီးနောက် မြေပေါ်၌ ချထားလိုက်ကာ အသင့်ပါလာသောဆေးဝါးကို တိုက်ကျွေးလိုက်သည်။

အတန်ကြာမှ ဆင်းလုက သတိရလာသည်။

သူသည် ဝန်းကျင်သို့ တစ်ချက်ကြည့်လိုက်ပြီး…

"ငါဘယ်နေရာ ရောက်နေပါလိမ့်"

ဟု ပါးစပ်မှ တိုးညင်းစွာ ပြောလိုက်လေသည်။

ယုယင်းကျူးက ပြုံးလိုက်သည်။

"ရှင့်အခု ဘီလူးနန်းတော်ကနေ အန္တရာယ်ကင်းတဲ့ နေရာ ရောက်လာပါပြီ"

ဆင်းလုက ယုယင်းကျူး၏ စကားကြားမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အစ်ကို သတိရပြီ၊ ညီမက အစ်ကို့ကို ကယ်တင်လာတယ် ဟုတ်လား"

ယုယင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခု အစ်ကို သက်သာသွားပြီ ဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"သက်သာသွားပါပြီ၊ ညီမကို ကျေးဇူးတင်ပါတယ်ကွ"

သူသည် ပြောယင်း ထိုင်ရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

ထို့နောက် အံကြိတ်လိုက်ပြီး...

"အစ်ကို မကျေဘူး၊ သူ့ကို သွားတွေ့လိုက်အုံးမယ်"



သူသည် ပြောပြီး ခြေလှမ်းလှမ်းလိုက်ရာ ယုယင်းကျူးက သူ၏လက်ကို ဆွဲထားလိုက်သည်။

"မသွားနဲ့ အစ်ကို၊ အစ်ကို့ကို ကျွန်မ ပြောစရာ ရှိပါသေးတယ်"

ဆင်းလုက သူမ၏စကားကြောင့် ခြေလှမ်း ရပ်တန့်လိုက်သည်။

"ဘာပြောမလို့လဲ ညီမ၊ ပြောစရာရှိယင် ပြောပါ"

ယုယင်းကျူးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကို အခုသွားတိုက်ခိုက်ယင် ထပ်ရှုံးအုံးမယ်လေ၊ ဟုတ်တယ် မဟုတ်လား"

ဆင်းလုသည် ထိုစကား ကြားလိုက်ရသောအခါ စိတ်ဓာတ်ကျသွားသည်။

ယုယင်းကျူး ပြောသည်မှာ အမှန်ပင် ဖြစ်၏။

သူသည် သခင်မလေး၏ သိုင်းပညာကို မယှဉ်နိုင်ပေ။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဒါနဲ့ အစ်ကို ဒီရောက်နေတယ်ဆိုတာ ညီမ ဘယ်လိုလုပ်သိသလဲ"

ယုယင်းကျူးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"အစ်ကိုဟာ ဘီလူးနန်းတော်ထဲမှာ သေဆုံးသွားတယ်လို့ သိုင်းလောကတစ်ခုလုံး ပြောနေတာကြားလို့ ကျွန်မ လိုက်ခဲ့တာပဲ"

ဆင်းလုသည် ယုယင်းကျူးအပေါ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိလေ၏။

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ ဒီအတွက် အစ်ကို ကလဲ့စား မချေရယင် အစ်ကို သေလိုက်ပါ့မယ်"

ယုယင်းကျူးက ဘာမှ ပြန်မပြောဘဲ သက်ပြင်းချလိုက်သည်။

ထိုစဉ်...

သူ့နောက်တွင် အသံတစ်သံ ပေါ်ထွက်လာသည်။

"မင်းအခု ကလဲ့စားချေဖို့ မလိုသေးပါဘူး၊ အသက်ရှင်သန်နေဖို့ပဲလိုတယ်"

ဆင်းလုသည် နောက်သို့ လှည့်ကြည့်လိုက်ရာ စကားပြောသူမှာ ထိုရက်များက တွေ့ဆုံခဲ့သော အဘိုးအိုပင် ဖြစ်ပေသည်။

ဆင်းလုသည် ထိုအဘိုးအိုအပေါ် လေးစားသော စိတ်များ ပေါ်ပေါက်လာလေသည်။



သူသည် အဘိုးအိုအား လေးလေးစားစား ကြည့်လိုက်ပြီး...

"ဦးက ဘယ်သူလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလားဗျာ"

အဘိုးအိုက ရယ်မောလိုက်သည်။

"ကျုပ်ကို မေးဖို့ မလိုပါဘူး၊ မင်းက ယင်းစန်းဂိုဏ်း ဌာနချုပ်ကို အမြန်ဆုံး ပြန်ဖို့သင့်ပြီ"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲခင်ဗျ၊ ယင်းစန်းဂိုဏ်းမှာ ဘာများ ဖြစ်နေလို့လဲ"

"ယင်းစန်းအဖွဲ့မှာ အကြီးအကျယ် ပြောင်းလဲမှု ဖြစ်ပေါ်နိုင်လို့ပါ"

ဆင်းလုက မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

အဘိုးအိုက သူ့ကို ခပ်စိမ်းစိမ်း ကြည့်လိုက်ပြီး...

"မင်းပြန်သွားယင် သိမှာပေါ့ကွာ"

ဆင်းလုက ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုအဘိုးအိုအား သူသည် ဆက်မေးရန် ပါးစပ်ဟလိုက်သည်။

သို့သော်...

အဘိုးအိုသည် ချာခနဲလှည့်ကာ ထွက်ခွာသွားပြန်လေတော့သည်။

ဆင်းလုသည် အဘိုးအို၏ စကားကြောင့် ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားသည်။

ဤအဘိုးအိုသည် သူ့ကို လိမ်ညာ၍ လာပြောမည် မဟုတ်ဟုလည်း ထင်လိုက်၏။

အဘိုးအိုသည် တည်တည်ကြည်ကြည်ပင်။

"ကဲ ယင်းစန်းဂိုဏ်းကို အစ်ကိုတို့ ပြန်သွားယင် ကောင်းမယ် ထင်တယ်"

ယုယင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်မတို့ ပြန်ပြီး ကြည့်တာ မမှားပါဘူး"

ထိုစဉ်မှာပင်...

ပန်းရောင်ကျားက ဆင်းလုအား အသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဒီမှာ ဆင်းလု၊ ရှင့်ကို ကျွန်မ မေးစရာတစ်ခု ရှိနေတယ်"



ဆင်းလုက ပန်းရောင်ကျားကို အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားက ပန်းရောင်ကျား ဟုတ်လား"

ပန်းရောင်ကျားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့ ဘာမေးမလို့လဲ မေးနိုင်ပါတယ်"

ပန်းရောင်ကျားက အနည်းငယ် စဉ်းစားလိုက်သည်။

"ကိစ္စကတော့ ကျွန်မအစ်ကို မုန်းမေ့သိုင်းသမားတို့ ခနီးမောင်နှံ သေဆုံးတဲ့ကိစ္စပါ"

ဆင်းလုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ မေးနိုင်ပါတယ်၊ ကျွန်တော် သိသမျှ ပြောပါမယ်"

"ကျွန်မရဲ့ယောင်းမ သေဆုံးတာကို၊ ရှင်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတယ် မဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သူသေဆုံးတာကို ဘယ်လိုမျိုး ထူးခြားတဲ့ လက္ခဏာတွေ့ရသလဲ"

ဆင်းလုက အနည်းငယ် စဉ်းစားလိုက်သည်။

"အဲဒီတုန်းက ကျုပ်သတိမထားမိပါဘူး၊ ခင်ဗျားက ဘယ်လိုများ ယူဆနေလို့လဲ"

ပန်းရောင်ကျားက မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ထင်ထားတာကတော့ သတ်တဲ့လူဟာ နဂါးပုလဲကို လုယူချင်လို့ ဖြစ်မယ်လို့ ယူဆတယ်"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဖြစ်နိုင်တယ်"

ပန်းရောင်ကျားက သက်ပြင်းတစ်ချက် ချလိုက်သည်။

"လူသတ်သမားဟာ ကျွန်မ အစ်ကိုနဲ့ အလွန်ရင်းနှီးတဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျွန်မ ယူဆတယ်"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဖြစ်နိုင်ပါတယ်"

"ဒါနဲ့ ကျွန်မယောင်းမရဲ့ အလောင်းကို ရှင်ကိုယ်တိုင် မြေမြှုပ်လိုက်တယ် ဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် မြေမြှုပ်လိုက်တာပါ"



ပန်းရောင်ကျားသည် စကားပြောရန် ဟန်ပြင်ပြီးမှ ရပ်သွားသည်။

သူမသည် စကားလမ်းကြောင်း ပြောင်းလိုက်လေ၏။

"ဒါဖြင့် ကျွန်မတို့ သွားကြပါနို့"

သူတို့သုံးယောက်သည် ထိုနေရာမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

♠ ♠ ♠

အခန်း(၁၅)

ချစ်သဝန်ကြောင်

ဆင်းလုတို့သုံးယောက်သည် သုံးရက်အကြာတွင် ယင်းစန်းဂိုဏ်းဌာနချုပ်သို့ ရောက်ရှိလာကြလေသည်။

သူတို့သည် ယင်းစန်းဂိုဏ်း၏ အဆောက်အအုံရှေ့သို့ ရောက်ရှိလာသည်နှင့် အဆောက်အအုံထဲမှ အသံတစ်သံ ကြားလိုက်ရသည်။

"ဘယ်သူလဲဟေ့"

ယင်းအသံမှာ တုကုကျူ၏အသံ ဖြစ်သည်ကို ဆင်းလုက နားလည်လိုက်သည်။

"ဆင်းလုပါ"



"ဆင်းလု"

ဆင်းလုက သူ၏နာမည်ကို ထုတ်ဖော်ပြောလိုက်၏။

ယင်းမေးသံနှင့်အတူ လူသုံးယောက်သည် အဆောက်အအုံထဲမှ ပြေးထွက်လာကြသည်။

တုကုကျူ၊ လူချီနှင့် ငွေကိုယ်ရံတော်တို့ပင် ဖြစ်လေသည်။

တုကုကျူက ထိတ်လန့်အံ့သြသွားသည်။

"ဟင် ဆင်းလုပါလား"

ဆင်းလုက ပြုံးရွှင်စွာဖြင့်...

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး"

လူချီကလည်း အံ့အားသင့်နေ၏။

"ငါ့ညီ မင်းမသေဘူးနော်"

ဆင်းလုက ရယ်မောလိုက်သည်။

"မသေလို့ ပြန်ရောက်လာတာပေါ့ဗျ၊ သေရင် မတွေ့နိုင်တော့ဘူးပေါ့"

တုကုကျူက အလွန်တရာ ဝမ်းသာသွားသည်။

သူတို့က ဆင်းလု သေသွားပြီဟု ထင်နေသည်။

"အခုလို ဘေးမသီရန်မခပဲ ရောက်လာတာ ကျုပ်ဖြင့်

ဝမ်းသာလို့ မဆုံးပါဘူးဗျာ"

သူသည် ပြောယင်း ဆင်းလု၏လက်ကို ဆွဲကိုင်လေ၏။

ယခုမှ သူသည် ဆင်းလုအနီး၌ ရပ်လျက်နေသော ယုယင်းကျူးနှင့် ပန်းရောင်ကျားတို့အား တွေ့မြင်လိုက်ရသည်။

"ဟောဗျာ ခင်ဗျားတို့လဲ ပါလာကြတာကိုး"

ယုယင်းကျူးက ရယ်မောလိုက်သည်။

"ဘယ်လိုလဲ ကျွန်မတို့ကိုတောင် မမှတ်မိတော့ဘူးလား ဂိုဏ်းချုပ်ကြီးရဲ့"

တုကုကျူမှာ အလွန်ရွှင်ပျနေသည်။

"ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ အထဲကို ကြွကြပါ"

သူတို့အားလုံးသည် ယင်းစန်း အဆောက်အအုံထဲသို့ လှမ်းဝင်လိုက်ကြလေ၏။

ဆင်းလုတို့သည် ဧည့်ခန်းထဲသို့ ဝင်ရောက်လာသည်နှင့် ငွေကိုယ်ရံတော်က ဆင်းလု၏အနီးသို့ ချဉ်းကပ်သွားသည်။

သူမက ဆင်းလု အနား ရောက်သွားသည်နှင့်...

"အစ်ကို ကျွန်မကြောင့် အစ်ကို့အသက် ကံကောင်းလို့ မသေတာ"



ဆင်းလုက ပြုံးပြလိုက်သည်။

"ဒီလို မပြောပါနဲ့၊ အစ်ကို့ကြောင့် ညီမအခု ထွက်ပြေးနေရတယ် မဟုတ်လား"

သူသည် ပြောယင်း ငွေကိုယ်ရံတော်အား အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။ ထိုစဉ်မှာပင်...

အေးစက်သော အသံတစ်သံ ကြားလိုက်ရသည်။

"ဟင်း နှစ်ယောက်သား အခုမှ အလွမ်းသယ်နေလိုက်ကြတာ လောကကြီးကို မေ့နေတာပဲလား"

ယင်းအသံ ကြားလိုက်တော့မှ ဆင်းလုက သတိရလာပြီး လှည့်ကြည့်လိုက်သည်။

ယုယင်းကျူးသည် ဒေါသကြီးစွာဖြင့် အတွင်းဘက်သို့ လျှောက်လာလေ၏။

"ဒုက္ခပါပဲ"

လူရိုက ကျိတ်၍ ရေရွတ်မိသည်။

စိတ်ထဲမှလည်း အတော်ထိတ်လန့်သွားမိ၏။

သူသည် ယုယင်းကျူး၏အကြောင်းကို သိရှိထားသည်။

ယုယင်းကျူးသည် အချစ်နဲ့ ပတ်သက်လာလျှင် သဝန်

ကြောင်တတ်သည် မဟုတ်ပါလော။

ယုယင်းကျူး၏ အမူအရာကြည့်၍ ငွေကိုယ်ရံတော်ဂျ လည်း ရိပ်စားမိသွားသည်။

သူမသည် ဆင်းလုအား သနားဖွယ်ရာ လှမ်းကြည့်သည်။

ဆင်းလုက တီးတိုးပြောသည်။

"ညီမ သူက စိတ်ထားသိမ်နေတယ်၊ ညီမ အစ်ကို့ကို သာမန်လူလိုပဲ ဆက်ဆံပါ၊ သူ့အခြေအနေကို ကြည့်ပါ"

ငွေကိုယ်ရံတော် ခေါင်းညိတ်လေ၏။

သူမသည် ဆင်းလုအနားမှ မသိမသာ ခွာသွားသည်။

ဆင်းလုက ယုယင်းကျူးအား ငွေကိုယ်ရံတော်တို့နှင့် ဘီလူးနန်းတော်က အဖြစ်အပျက်ကို ရှင်းလင်းပြောပြ၏။

ထို့ကြောင့် လက်ကိုင်ပြီး အသာအယာ နှစ်သိမ့်မိကြောင်း ရှင်းပြရသည်။

ယုယင်းကျူးသည် မကျေနပ်သော်လည်း ဘာမျှ မပြောတော့ချေ။ ဆင်းလုက ငွေကိုယ်ရံတော်အား မေးလိုက်၏။

"ဒါနဲ့ ညီမကို တစ်ခု မေးရအုံးမယ်"

ငွေကိုယ်ရံတော်က ဆင်းလုကို နားမလည်သလို ပြန်ကြည့်လိုက်၏။



"ဘာများလဲ အစ်ကို"

"လိနိလိနိတစ်ယောက် ဘီလူးနန်းတော် ရောက်သွားတာ အသက်သေသွားပြီ ဟုတ်လား"

ငွေကိုယ်ရံတော်က ခေါင်းခါယမ်းလိုက်၏။

"မသေပါဘူးရှင့်"

"ဒါဖြင့် ကျူပ် ဟိုရောက်တုန်းက သူ့ကို အစ်ကို မတွေ့ပါလား"

ငွေကိုယ်ရံတော်က ပြုံးလိုက်သည်။

"သူ့ကို ကျွန်မက အစောကြီးကတည်းက ပြန်လွှတ်လိုက်ပါတယ် အစ်ကို"

ဆင်းလုသည် ယင်းစကား ကြားလိုက်တော့မှ လိနိလိနိအတွက် စိတ်အေးသွားရလေသည်။

ဆင်းလုသည် တုကုကျူဘက်သို့ လှည့်လိုက်သည်။

"ဒါနဲ့ ဂိုဏ်းချုပ်ကြီး၊ ကျူပ်တို့အပွဲ့မှာ အရေးအခင်းတစ်ခု ဖြစ်ပေါ်နေတယ်ဆို"

တုကုကျူက ကြောင်အမ်းအမ်းဖြစ်ပြီး အံ့ဩသွား၏။

"ဘယ်လိုလုပ်သိသလဲဗျာ"

ဆင်းလုက မဲ့ပြုံးပြုံးလိုက်၏။

"ပုဂ္ဂိုလ်တစ်ယောက်က ကျုပ်ကို ပြောပြခဲ့လို့ပါ"

တုကုကျူသည် အိတ်ထဲမှ စာတစ်စောင် ထုတ်ယူလိုက်ပြီး ပေးအပ်လိုက်သည်။

"မင်း ဒီစာကို ဖတ်လိုက်ယင် သိသွားမှာပါ"

ဆင်းလုသည် တုကုကျူပေးသော စာကို လှမ်းယူပြီး ဖြန့်၍ ဖတ်လိုက်သည်။

ဆင်းလုသည် စာအား ကြည့်ပြီးမှ မျက်မှောင်ကုပ်သွားလေသည်။ စာကား...

"ယင်းစန်းအဖွဲ့ ဂိုဏ်းချုပ်ကြီး တုကုကျူ ခင်ဗျား၊ မနှေသတုန်းက ကျုပ်တို့ဆီမှာ အဖိုးတန် သိုင်းပညာ မှတ်စုစာအုပ် နှစ်အုပ်ပျောက်ဆုံးသွားပါတယ်၊ ခိုးတဲ့လူဟာ တံခါးစောင့်နှစ်ယောက်ကိုပါ သတ်သွားတယ်၊ ကျုပ်တို့ စစ်ဆေးကြည့်တဲ့အခါ ဒီမှတ်စုနှစ်ခုဟာ ရှိမွန်းချီ ရေးသားသော မှတ်စုများ ဖြစ်တယ်လို့ သိရပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ လက်ချက်ဆိုတာ တပ်အပ်သိရှိရပါတယ်၊ အခုပြောလိုသည်မှာ ဒီမှတ်စုအား အမြန်ဆုံးပေးပါ၊ ငါးရက်အတွင်းမှာ



ပြန်မပေးခဲ့ယင် ကျုပ်တို့က လူလွှတ်ပြီး လာတောင်းမှာပဲ၊ ကျုပ်တို့ အကြောင်းမကြားဘူးလို့ အပြစ်မဆိုပါနဲ့"

ပုံ ပေစန်းဂိုဏ်းမှ

ယင်ကျူချင်။

ဆင်းလုသည် ယင်းစာကို ဖတ်ပြီးနောက် ဒေါသအမျက်ချောင်းချောင်း ထွက်သွားတော့သည်။

"ပေစန်းဂိုဏ်းက ကျုပ်တို့ကို တော်တော် အထင်သေးနေပါလားဗျ"

ယုယင်းကျူးက ကြားဖြတ်မေးလိုက်၏။

"ပေစန်းဂိုဏ်းက ပေးတဲ့စာဟုတ်လား"

ဆင်းလုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ယုယင်းကျူးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"ဒီလိုကိုး"

ထိုစဉ်မှာပင်...

ယုယင်းကျူးသည် အိတ်ထဲမှ မှတ်စုစာအုပ် နှစ်အုပ်အား ထုတ်ယူလိုက်ပြီး တုကုကျူအား ပေးလိုက်၏။

"ဂိုဏ်းချုပ်ကြီး ရှင်တို့ ပျောက်သွားတဲ့ မှတ်စုစာအုပ်နှစ်အုပ်ကို ကျုပ် ပြန်ယူခဲ့ပြီးပြီ လက်ခံလိုက်ပါ"

ဆင်းလုက သူမအား လှည့်ကြည့်လိုက်ပြီး...

"ညီမလက်ချက်ကိုး"

ယုယင်းကျူးက ဆင်းလုအား စိမ်းစိမ်းကြည့်လိုက်၏။

"ဟုတ်တယ်၊ အစ်ကို စိတ်ဆိုးသွားသလား"

ဆင်းလုက ခေါင်းယမ်းလိုက်၏။

"အို စိတ်မဆိုးတဲ့အပြင် ညီမကို ကျေးဇူးတောင် တင်ရအုံးမယ်၊ ညီမ ကောင်းလို့ အစ်ကိုတို့ ဒီမှတ်စုတွေ ပြန်ရတာ"

သူသည် ပြောပြီး တုကုဂျူအက်သို့ လှည့်လိုက်၏။

"သူတို့ အလာကို မစောင့်တော့ဘူး၊ မနက်ဖြန် ကျုပ်တို့ ကိုယ်တိုင် ပေစန်းဂိုဏ်းကို သွားရင်ဆိုင် ဖြေရှင်းမယ်"

ဆင်းလု၏စကားကို ကြားရသောအခါ လူရှိုက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ လိုက်မယ်"

သူက ပြောလိုက်လေတော့၏။

♠ ♠ ♠



အခန်း(၅၆)

## အချစ်အတွက် အသက်ပင်သေသေ

ထိုညတွင် တုကုကျူသည် သူတို့အားလုံးအား နေရာထိုင်ခင်း ပြင်ဆင်ထားပေးလိုက်သည်။

ခရီးပန်းလာကြသဖြင့် သူတို့အားလုံး အိပ်ရာထဲသို့ ဝင်သွားကြလေ၏။

အားလုံး အနားယူရန် လိုအပ်ပါသည်။

သို့သော်...

ဆင်းလုသည် ပေစန်းဂိုဏ်း သွားရန် အစီအစဉ်များအား စဉ်းစားတွေးတောနေသဖြင့် အိပ်မရသေးပါ။

သူတွေးတောနေစဉ်မှာပင်...

"ဒေါက်…ဒေါက်"

ရုတ်တရက် တံခါးခေါက်သံ ကြားလိုက်ရသည်။

ဆင်းလုက တံခါးဆီသို့ လှည့်ကြည့်လိုက်ပြီး…

"တံခါးဖွင့်ထားတယ်၊ ဝင်ခဲ့ပါ"

ထို့နောက် ဆင်းလုသည် လှမ်းပြောယင်း ထိုင်ရာမှထ လိုက်သည်။

အခန်းတံခါး ပွင့်သွားသည်။

အခန်းထဲသို့ ဝင်ရောက်လာသူမှာ ယုယင်းကျူးပင် ဖြစ်လေ၏။ ဆင်းလုက အံ့ဩသွားသည်။

"ညီမ မအိပ်သေးဘူးလား"

ယုယင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ညီမ အိပ်မပျော်သေးလို့ အစ်ကို့ အပြင်ကို ခေါ်လိုက်ခဲ့ပါလား ဟင်"

ဆင်းလုက သူမနောက်သို့ လိုက်ရန် အခန်းထဲမှ ထွက်ခဲ့ လေသည်။

အပြင်သို့ ရောက်သောအခါ ယုယင်းကျူးက သူ့အား စေ့ စေ့ကြည့်လိုက်သည်။



"အစ်ကို့ကို မေးစရာ ရှိတယ်"

ဆင်းလုက ရင်ထိတ်သွား၏။

"ဘာမေးမလို့လဲ ညီမရယ်"

ယုယင်းကျူးက သူ့အား စိမ်းစိမ်းကြည့်လိုက်ပြီး…

"အစ်ကိုနဲ့ လိုက်လာတဲ့ မိန်းကလေးက အစ်ကိုနဲ့ ဘယ်လို များ ပတ်သက်နေသလဲဟင်"

ဆင်းလုက နေ့လည်က ဖြေရှင်းသလို ဖြေရှင်းပြ၏။

ယုယင်းကျူးက အေးတိအေးစက် လေသံဖြင့် ပြောလိုက် သည်။

"ညီမ မယုံဘူး၊ အစ်ကို သေသေချာချာ ရှင်းပြပါ"

ဆင်းလုက ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွား၏။

"ဟို…ဟို"

ယုယင်းကျူးက မျက်နှာမဲ့လိုက်ပြီး…

"ဘာ အူကြောင်ကြောင် လုပ်ဂနေတာလဲ၊ သူက အစ်ကို့ ချစ်သူ ဖြစ်ပြန်ပြီ မဟုတ်လား"

ဆင်းလုက စိတ်ကို တည်ငြိမ်စွာ ထိန်းချုပ်ထားလိုက်ပြီး…

"ညီမ ကျုပ်ပြောတာ နားထောင်စမ်းပါအုံး"

"ညီမ နားထောင်နေပါတယ်"

"သူ့ကို ကျုပ် ချစ်တယ်ဆိုတာ မငြင်းလိုပါဘူး"

ဆင်းလှ၏စကားကို ကြားရသောအခါ ယုယင်းကျူး ဒေါသထွက်သွား၏။

"ဒါဖြင့် အစ်ကိုက ညီမအပေါ်မှာကော ဘယ်လိုသဘောထားသလဲဆိုတာ ပြောပါ"

ဆင်းလှက မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒီလိုပါ အစ်ကို သူ့ကို ချစ်တာဟာ သူက အစ်ကို့အပေါ်မှာ အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှိလို့"

ဆင်းလှ၏အဖြေကို ကြားရသောအခါ ယုယင်းကျူးမှာ စိတ်ဆိုးဟန်ဖြင့်...

"ဩော် အစ်ကိုက ကျေးဇူးဆပ်ချင်လို့ သူ့ကို ချစ်တာပေါ့ဟုတ်လား"

ဆင်းလှက သူမကို မဝံ့မရဲဖြင့် ကြည့်လိုက်ပြီး...

"ဒီလိုလဲ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ စကားကို ဝေလည်ကြောင်ပတ် မပြောပါနဲ့"



ဆင်းလှ အခြေအနေကို မထိန်းတတ်တော့ချေ။

ယုယင်းကျူးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ကဲ ဒါတွေ ထားလိုက်ပါတော့၊ အစ်ကို့ကို ညီမ တစ်ခုမေးမယ်"

"အစ်ကိုက ကျွန်မကို ချစ်သလား၊ သူ့ကို ချစ်သလားဆိုတာ ရှင်းရှင်းပြောစမ်းပါ"

ယုယင်းကျူး၏စကားကြောင့် ဆင်းလှက ဖြေရန် အခက်ကြုံသွားလေတော့၏။

သူသည် ယုယင်းကျူးက ယင်းကဲ့သို့ မေးခွန်းမေးလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။

သူသည် ငွေကိုယ်ရံတော်ကိုလည်း အမှန်တကယ် ချစ်နေ၏။ ယုယင်းကျူးကလည်း သူ့ကို ကယ်ခဲ့သဖြင့် မပစ်နိုင်ချေ။

ငွေကိုယ်ရံတော်က မိမိအတွက် အနစ်နာခံခဲ့ရပေါင်း များပြားလှန်းလှသဖြင့် သနားနေခြင်း ဖြစ်ပါသည်။

ယခု ငွေကိုယ်ရံတော်မှာလည်း ဒိုက်ိုးရာမဲ့ ဖြစ်နေသည့်အချိန်မှာ မိမိက သူမအား စွန့်လွှတ်ရန် သင့်ပါမည်လော။

သူကိုယ်တိုင်မှာလည်း ငွေကိုယ်ရံတော်ကို ချစ်နေမိသည်

မှာ အမှန်ပင် ဖြစ်၏။

သူသည် ယင်းသို့ တွေးတောနေစဉ် ယုယင်းကျူးက မေးလိုက်ပြန်သည်။

"ဘယ်လိုလဲ ညီမ မေးတာကို ရှင်အဖြေရ ခက်နေတယ် မဟုတ်လား"

ဆင်းလုက အဖြေရခက်နေသည်မှာ အမှန်ပင် ဖြစ်သည်။

သူမအပေါ်လည်း သူက လိမ်ညာ၍ မသင့်ပါ။

ဆင်းလု အဖြေမပေးနိုင်မီ ယုယင်းကျူးက စကားဆက်လိုက်ပြန်သည်။

"ဘယ့်နှယ်လဲ အဖြေတောင် မပေးနိုင်ပါလား"

ဆင်းလုက သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်၊ ဒီမေးခွန်းကို အစ်ကို မဖြေနိုင်တာ ဝမ်းနည်းပါတယ်ကွယ်"

ဆင်းလုသည် မတတ်သာသည့်အဆုံး ဤအတိုင်း ပြောလိုက်ရတော့သည်။

သူသည် ယင်းသို့ ပြောလိုက်သဖြင့် ယုယင်းကျူးက မခံမရပ် ဖြစ်လိမ့်မည်ဟု ယူဆထားသည်။



သို့သော်...

ယုယင်းကျူးက စိတ်ဆိုးခြင်း မရှိပါ။

သူမသည် ဆင်းလုကို ခပ်စိမ်းစိမ်း ကြည့်လိုက်ပြီး အေးတိအေးစက် အသံဖြင့်...

"ဒါဖြင့်လဲ ညဥ့်နက်လှပါပြီ အစ်ကို သွားအိပ်ပါတော့"

သူမသည် ပြောယင်း လျင်မြန်စွာ ထွက်ခွာသွားသည်။

ဆင်းလုမှာ စိတ်မကောင်းစွာဖြင့် ယုယင်းကျူး၏ နောက်ကျောကို ကြည့်၍ ကျန်ရစ်ခဲ့လေသည်။

မကြာမီမှာပင် လှရိပ်တစ်ခုသည် ငွေကိုယ်ရံတော် အိပ်စက်နေသော အခန်းသို့ ရောက်ရှိသွားသည်။

ယင်းလှရိပ်မှာ ယုယင်းကျူးပင် ဖြစ်ပါတော့သည်။

သူမသည် ဆင်းလုက ငွေကိုယ်ရံတော်အပေါ် ချစ်ကြိုးသွယ်မိနေသည်ကို သိရှိလိုက်ရသဖြင့် ရင်ထဲ၌ မခံမရပ် ဖြစ်သွားမိ၏။

ထို့ကြောင့်...

ငွေကိုယ်ရံတော်နှင့် မျက်နှာစုံ ဆွေးနွေးရန် ရောက်ရှိလာခြင်း ဖြစ်သည်။

သူမသည် ပြတင်းပေါက်ရှေ့သို့ ရောက်ရှိလာသည်နှင့် အခန်းထဲမှ ငွေကိုယ်ရံတော်၏အသံကို ကြားလိုက်ရသည်။

"ဘယ်သူလဲ"

"ကျွန်မပါ"

ယုယင်းကျူးက အသံပြန်ပြုလိုက်၏။

"ယုယင်းကျူး ဟုတ်လား"

"ဟုတ်တယ်"

ယုသင်းကျူးက တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်၏။



ငွေကိုယ်ရံတော်မှာ နောက်ထပ်မမေးတော့ဘဲ ပြတင်းပေါက် ဖွင့်လိုက်သည်။ သူမသည် ယုယင်းကျူး၏မျက်နှာကို စိမ်းစိမ်းကြည့်လိုက်ပြီး...

"ညဉ့်နက်သန်းခေါင် ဘာကိစ္စနဲ့ လာရတာလဲ"

ယုယင်းကျူးက အေးတိအေးစက် အသံဖြင့်...

"ညည်းကို မေးစရာ စကားတစ်ခွန်း ရှိနေလို့ လာခဲ့တာပဲ"

ငွေကိုယ်ရံတော်က ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လိုက်သည်။

"မေးပါ"

"ညည်းက ဆင်းလုကို ချစ်နေတယ်ဆိုတာ အမှန်ပဲလား"

ငွေကိုယ်ရံတော်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဆင်းလုကကော ညည်းကို ချစ်လို့လား"

"ချစ်တာပေါ့"

ယုယင်းကျူးမှာ စိတ်ထဲမှ အတော်ခံပြင်းသွားမိ၏။

"ညည်းက ဘယ်လိုလုပ်သိသလဲ"

ငွေကိုယ်ရံတော်က...

"ကျုပ်က သူ့ကို ယုံတယ်"

ယုယင်းကျူးက နှုတ်ခမ်းမဲ့လိုက်သည်။

"ညည်းကို ချစ်တယ်ဆိုတာ ညည်းကို သနားတယ်လို့ ပြောယင် ပိုသင့်တော်မယ်"

ငွေကိုယ်ရံတော်က မျက်မှောင်ကုပ်သွားသည်။

သူမသည် ယုယင်းကျူး၏စကားကို သဘောမပေါက်ဟန်ဖြင့်...

"ညည်းက ဘာကို ဆိုလိုတာလဲ"

ယုယင်းကျူးက မျက်မှောင်ကုပ်လိုက်သည်။

"ရှင်းရှင်းပြောလိုက်မယ်၊ ဆင်းလုက ညည်းကို ချစ်တာမဟုတ်ဘူး၊ ညည်းကို သနားနေလို့"

ယုယင်းကျူး၏စကားကြောင့် ငွေကိုယ်ရံတော်မှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဆင်းလုက ညည်းကို ဒီလိုပဲ ပြောလိုက်သလား"

"သူက ဒီလို မပြောပေမယ့်၊ ပြောတာနဲ့ မခြားပါဘူး"

"ဘာဖြစ်လို့လဲ"

ယုယင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။



သူမက မကွယ်မဝှက်ဘဲ...

"ရှင်းရှင်းပြောလိုက်မယ်၊ ဆင်းလုကို ကျွန်မ ချစ်နေတယ်ဆိုတာ ညည်းသိသလား"

ငွေကိုယ်ရံတော်က ခေါင်းညိတ်လိုက်၏။

"ကျွန်မ အကဲခတ်မိပါတယ်"

ယုယင်းကျူးက ငွေကိုယ်ရံတော်ကို စိမ်းစိမ်းကြည့်လိုက်ပြီး...

"အေး ညည်းကသိယင် ရှေ့မတိုးပါနဲ့၊ ဒါပဲ ငါပြောချင်တယ်"

ငွေကိုယ်ရံတော်က ခေါင်းခါယမ်းလိုက်သည်။

"ညည်းမှားနေပြီ"

"ကျွန်မ ဘယ်နေရာမှာ မှားနေလို့လဲ"

ငွေကိုယ်ရံတော်က မဲ့ပြုံးပြုံးလိုက်၏။

"ချစ်ခြင်းမေတ္တာဆိုတာ အတင်းအဓမ္မ လုပ်လို့ရတဲ့ ကိစ္စမဟုတ်ဘူးဆိုတာ ညည်းသိဖို့ ကောင်းတယ်"

ယုယင်းကျူးက ဒေါသအမျက် ချောင်းချောင်းထွက်လာသည်။

"ညည်းကို သတိပေးပါရစေ၊ ဆင်းလုကို မချစ်ရဘူး"

ယုယင်းကျူး၏စကားကြောင့် ငွေကိုယ်ရံတော်မှာ ခံပြင်းလာသည်။

"ညည်းက ကျွန်မကို ဟန့်တားရအောင် ဘာအခွင့်အရေးရှိလို့လဲရှင့်"

ယုယင်းကျူး၏မျက်နှာက ပို၍ တင်းမာလာသည်။

"ညည်း ကျုပ်စကား နားမထောင်ယင် ညည်းကို ကျုပ်သတ်ရမှာပဲ"

ယုယင်းကျူးက ဆက်ပြောသည်။

"ငါ့ကို ဘယ်လိုမိန်းမစား မှတ်နေသလဲ၊ ငါဟာ ဘယ်သူ့ကိုမှ လူမထင်ဘူး၊ ညည်းတို့ ဘီလူးနန်းတော် သခင်မကိုလဲ လူမထင်ဘူး၊ ညည်းလို လူမျိုးကိုလဲ လူမထင်ဘူး၊ အားလုံးကို လူမထင်ဘူး၊ အားလုံးကို ငါမကျေနပ်ရင် သတ်ပစ်မှာပဲ"

"ကျုပ်ကတော့ ဘယ်လိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ သူ့ကို ချစ်နေမှာပဲ"

ယုယင်းကျူးက ဒေါသထွက်လွန်း၍ ရယ်မောလိုက်သည်။

"ညည်းကိုယ်ညည်း စဉ်းစားကြည့်စမ်း၊ သူနဲ့ တူသလား



တန်သလားလို့"

"ဘာဖြစ်လို့ မတန်တာလဲ"

"ညည်းဟာ ဘီလူးနန်းတော်က ထွက်လာတဲ့လုပဲ၊ လူကောင်းတစ်ယောက်မှ မဟုတ်တာ"

ယုယင်းကျူး၏စကားသည် စူးထက်သော အရာတစ်ခုပမာ ငွေကိုယ်ရံတော်၏ အသည်းနှလုံးထဲသို့ ထိုးဆွသကဲ့သို့ ဖြစ်၏။

သူမ၏ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသဖြင့် တစ်ကိုယ်လုံးပင် တုန်ခါသွားသည်။

မျက်ရည်များသည် သူမ၏ပါးပြင်ပေါ်မှ စီးကျလာသည်။

ငွေကိုယ်ရံတော်သည် သူမ၏အတိတ်က အမည်းစက်ကြောင့် စိတ်ဓာတ်ကျဆင်းကာ...

"ဟုတ်ပါတယ်၊ ဆင်းလုဟာ အညွန့်တလလူရှိတဲ့ လူငယ်တစ်ယောက်ပါ၊ ကျွန်မနဲ့ မတန်ပါဘူးရှင်"

ယုယင်းကျူးက အောင်နိုင်သူတို့၏ အပြုံးကို ဆောင်၍ အေးတိအေးစက်ဖြင့်...

"ညည်းနဲ့ မတန်မှန်းသိယင် ဒီနေရာက ထွက်သွားပါတော့လား"

ငွေကိုယ်ရံတော်က ခေါင်းငုံ့ထားလိုက်သည်။

သူမသည် ဝမ်းနည်းမှုကို ချုပ်ထိန်းလိုက်ပြီး...

"ဟုတ်တယ်၊ ကျုပ်သွားဖို့သင့်ပြီ၊ ညည်းတို့ နှစ်ယောက် ရှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းခဲ့ပါတယ်"

သူမသည် ပြောပြီးသည်နှင့် ခြေလှမ်းလှမ်းလိုက်လေသည်။

ယုယင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုတော့လဲ ညည်းက ရက်တတ်သားပဲ"

ငွေကိုယ်ရံတော်က ဒေါသထွက်လာလေသည်။

သူမသည် ယုယင်းကျူးကို မီးထွက်မတတ် မျက်လုံးဖြင့် စိုက်ကြည့်လိုက်ပြီး...

"ဒီမှာ ယုယင်းကျူး၊ ညည်း စော်ကားလှချည့်လား"

ယုယင်းကျူးက နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ ညည်းက ကျုပ်ကို အံတုချင်လို့လား"

ငွေကိုယ်ရံတော်က ဒေါသအမျက်ချောင်းချောင်း ထွက်လာလေသည်။

"ညည်းက ထပ်ပြီး စော်ကားလာယင် ကျုပ်ကို အဆိုးမဆိုနဲ့"



ယုယင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းရဲ့သိုင်းပညာက ကျုပ်ကို ယှဉ်လို့ မရဘူးဆိုတာ သိထားစမ်းပါ"

ငွေကိုယ်ရံတော်က မချိပြုံးပြုံးလိုက်ပြီး ယုယင်းကျူးထံသို့ ခြေလှမ်းလှမ်းလိုက်သည်။

ယုယင်းကျူးက သူမအား စိုက်ကြည့်လိုက်သည်။

"ညည်းက သေချင်လို့လား"

"ဟုတ်တယ်"

သူသည် ပြောပြီးသည်နှင့် ယုယင်းကျူးအား စတင်တိုက်ခိုက်လေသည်။

သူမသည် ရက်လဲရက်၊ ခံပြင်းလဲ ခံပြင်းလွန်းလာသည်။

ထို့ကြောင့်...

သူမက မထူးတော့ဟု ဆုံးဖြတ်လိုက်ပြီး အတွင်းအားများကို ထုတ်ကာ အစွမ်းကုန် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေတော့သည်။

ယုယင်းကျူးက ငွေကိုယ်ရံတော်၏ တိုက်ကွက်ကို ရှောင်တိမ်းလိုက်သည်။

"ညည်း သေဖို့သာ ပြင်ပေတော့"

သူမသည် ငွေကိုယ်ရုံတော်အား တရကြမ်း ပြန်လည် တိုက်ခိုက်သည်။

ဤသို့ဖြင့် အချစ်နှင့် ပတ်သက်သော အမျိုးသမီးနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် သူသေကိုယ်သေ သဲသဲမဲမဲ တိုက်ခိုက်ကြလေတော့သည်။

♠ ♠ ♠



အခန်း(၅၇)

## အချစ်လုပွဲ

လဆန်း(၁၄)ရက် ဖြစ်ခြင်းကြောင့် လရောင်သည် ထိန်ထိန်သာနေ၏။

ဝန်းကျင်တစ်ခုလုံးသည် သာယာလှပနေသည်။

သို့သော်...

ညရောက်လာဖြင့် အအေးဓာတ်က လွှမ်းကဲလာ၏။

ယင်းစန်းဂိုဏ်း ဌာနချုပ် တည်နေရာ တောင်ကုန်းပေါ်၌ မိန်းကလေးနှစ်ယောက်သည် အေးမှန်းချမ်းမှန်း မသိဘဲ သူသေကိုယ်သေ တိုက်ခိုက်နေကြသည်။

ယုယင်းကျူးနှင့် ငွေကိုယ်ရံတော်တို့သည် သိုင်းကွက်ပေါင်း

(၁၀)ကွက်မျှသာ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်...

ယုယင်းကျုးသည် ဒေါသထွက်လာပြီး မာန်သွင်းအော်ဟစ်လိုက်၏။

"ယား"

ယုယင်းကျုး၏ အော်ဟစ်လိုက်သော အသံသည် တောတောင်တစ်ခုလုံးသို့ ပြန့်လွင့်သွားလေသည်။

အော်ဟစ်သံနှင့်အတူ...

"ဝုန်း"

သူမ၏လက်သီးတစ်လုံးသည် ငွေကိုယ်ရံတော်၏ ရင်ဝသို့ ထိမှန်သွားလေသည်။

ငွေကိုယ်ရံတော်၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားသည်။

သူမသည် အားယူပြီး လူးလိမ့်၍ ထနိုင်ခဲ့သော်လည်း သွေးများသည် သူမ၏နှုတ်ခမ်းထောင့်စွန်းဆီမှ စီးကျနေ၏။

သူမ၏မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

ယုယင်းကျုးက ရပ်တန့်သွားခြင်း မရှိပါ။



သူမသည် ထပ်မံတိုက်ခိုက်ရန် ရှေ့သို့ ပြေးဝင်သွားသည်။

ထိုစဉ်မှာပင်...

ရုတ်တရက် လူရိပ်တစ်ခုက ပြေးဝင်လာပြီး သူမ၏ရှေ့တွင် ဝိတ်၍ ရပ်လိုက်သည်။

"ခင်ဗျား လွန်နေပြီဗျ"

ထိုအသံကြောင့် ယုယင်းကျုးက ခန္ဓာကိုယ်ကို အရှိန်သတ်လိုက်သည်။

သူမသည် ထိုလူအား သေချာစွာ ကြည့်လိုက်သောအခါ ချိုလု ဖြစ်နေသည်ကို သိရှိလိုက်ရသည်။

သူမသည် ချိုလုကို စိမ်းစိမ်းကြည့်လိုက်ပြီး...

"ရှင်က ကျွန်မတို့ ကိစ္စထဲကို ဘာဖြစ်လို့ ဝင်ရှုပ်တာလဲ ဒုက္ခရောက်သွားချင်လို့လား"

လူချိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျား အတော်ရက်စက်တဲ့ မိန်းကလေးတစ်ယောက်ပါလားဗျာ"

ယုယင်းကျုးက သူ့အား ဒေါသကြီးစွာဖြင့် ကြည့်လိုက်သည်။

"ရှင်နဲ့ ဘာဆိုင်သလဲ ကျွန်မတို့ ကိစ္စထဲ ဝင်မစွက်ယင် ကောင်းမယ်"

ထိုစဉ် လူတစ်ယောက်က ထပ်မံရောက်ရှိလာသည်။

ထိုလူမှာ ဆင်းလုပင် ဖြစ်ပါတော့သည်။

ဆင်းလုသည် ငွေကိုယ်ရံတော် ဒဏ်ရာရရှိသွားသည်ကို တွေ့မြင်ရသဖြင့် ရင်ထိတ်သွားသည်။

"ဘယ်လို ဖြစ်သွားတာလဲ ညီမ၊ ပါးစပ်မှာလဲ သွေးတွေနဲ့ ပါလား"

"ရှင်က သူ့ကို ဒီလောက်တောင် အဖြစ်သည်းနေတာကိုး အစက ကျွန်မကမသိလို့"

သူမသည် စကားဆုံးသည်နှင့် ဆင်းလုရှေ့သို့ တိုး၍ရပ်လိုက်ပြီး...

"ရှင့်ကို ကျွန်သတ်မယ်"

ဟုပြောကာ ဆင်းလုကို တိုက်ခိုက်လိုက်၏။

ဆင်းလုကလည်း ခုခံလိုက်သည်။

ယုယင်းကျူးက ဆင်းလု၏တိုက်ကွက်ကို ရှောင်တိမ်းယင်း...



"ရှင်က ဘယ်လိုလူစားလဲ၊ ကျွန်မ ဒီလိုလုပ်တာ ရှင့်ကို ချစ်လို့ဆိုတာ ရှင်နားမလည်ဘူးလား"

ဆင်းလုသည် ယင်းစကား ကြားလိုက်ရသဖြင့် တိုက်ခိုက်ရာမှ ရပ်လိုက်လေသည်။

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

"ကဲ ညီမ မင်းကို အစ်ကို အပြစ်မတင်တော့ပါဘူး၊ သွားလိုရာ သွားပါတော့"

ယုယင်းကျူးသည် ဆင်းလု၏စကားကြောင့် စိတ်အတော် ထိခိုက်သွားသည်။

သူမသည် ဆင်းလုကို မုန်းတီးစွာ ကြည့်လိုက်ပြီး...

"ဘယ်လို ရှင်က ကျွန်မကို မောင်းထုတ်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

ဆင်းလုကလည်း သူမအပေါ် စိတ်ကုန်လာ၏။

"ညီမရယ် သွားပါတော့ကွယ်"

ဆင်းလု၏စကားကို ကြားရသောအခါ ယုယင်းကျူးမှာ ရှက်လည်းရှက် ဒေါသလည်း ထွက်လာတော့သည်။

"ကျွန်မက မသွားဘူးဆိုယင်ကော"

ထိုစဉ် ငွေကိုယ်ရံတော်က အော်ပြောလာလေ၏။

"မပြောပါနဲ့တော့ အစ်ကို"

ငွေကိုယ်ရံတော်၏ အသံကြောင့် ဆင်းလုက သူမအား လှည့်ကြည့်လိုက်သည်။

ငွေကိုယ်ရံတော်က မချိပြုံးပြုံးလိုက်ပြီး…

"သူ့ကို အပြစ်မတင်ပါနဲ့ အစ်ကို"

ဆင်းလုက နားမလည်ဟန်ဖြင့် မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"သူက အစ်ကို့အပေါ်မှာ ချစ်လွန်းလို့ အခုလို လုပ်မိလုပ်ရာ လုပ်တာပါ"

သူမသည် ပြုံးလိုက်ပြီး စကားဆက်လိုက်၏။

"သူ့ကို ခွင့်လွှတ်လိုက်ပါ အစ်ကို"

သူမသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"အမှန်မှာ ကျွန်မသွားဖို့ သင့်ပါပြီရှင်"



"ဘာ ညီမသွားမယ် ဟုတ်လား"

ငွေကိုယ်ရံတော်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီနေရာက ကျွန်မ ကြာရှည်နေရမယ့်နေရာ မဟုတ်ပါဘူး"

ဆင်းလုမှာ သူမ၏စကားကြောင့် အတော်စိတ်မကောင်း ဖြစ်သွားလေသည်။

"ညီမက ဘယ်ကို သွားမလို့လဲ၊ သွားစရာကော နေရာရှိလို့ လားကွယ်"

ငွေကိုယ်ရံတော်က ပြုံးပြလိုက်သည်။

"လောကကြီးက အလွန်ကျယ်ပြန့်ပါတယ်၊ ညီမ နေထိုင်ဖို့ မရှားပါဘူး အစ်ကို"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ညီမ သွားတာတော့ ဟုတ်ပါတယ်၊ ညီမကို ဘယ်တော့မှ ပြန်တွေ့ရမှာလဲ"

သူမက ပြုံးပြလိုက်သည်။

"ညီမ အသက် မသေသေးယင်တော့ တစ်နေ့ ပြန်တွေ့ကြ ရမှာပေါ့ရှင်"

သူမသည် ပြောပြီးသည်နှင့် တစ်ဘက်သို့ လှည့်လိုက်ပြီး ခြေလှမ်းလှမ်းလိုက်လေ၏။

ဆင်းလှမှာ အတော်တုန်လှုပ်သွား၏။ ထို့ကြောင့်...

သူက ဟန့်တားလိုက်လေသည်။

"မသွားနဲ့ ညီမ၊ နောက်ပြီးတော့ ညီမမှာလဲ ဒဏ်ရာတွေနဲ့ မဟုတ်လား"

ငွေကိုယ်ရံတော်က မချိပြုံးပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး၊ ဒီဒဏ်ရာလောက်တော့ ညီမ ခံနိုင်ရည် ရှိပါသေးတယ်"

သူမသည် ပြောယင်း ဆက်လက်လျှောက်သွားလေတော့၏။ ဆင်းလှသည် သူမ၏ နောက်ကျောပြင်ကို ကြည့်ယင်း ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားခံလိုက်ရသည်။

သူ၏မျက်လုံးအစုံသည် ငွေကိုယ်ရံတော် အမှောင်ထုထဲသို့ ကိုးဝင်ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသည်။

သူ၏မျက်ဝန်းအစုံမှာလည်း မျက်ရည်များ ပြည့်လာတော့သည်။

ထိုတခဏ် အချိန်တွင်...



သူသည် ရှိရှိသမျှသော အရာများ ဆုံးရှုံးပျောက်ကွယ်သွားသည်ဟု ထင်မှတ်လိုက်လေ၏။

အတန်ကြာမှ သူသည် သတိရလာကာ ယုယင်းကျူးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ယုယင်းကျူး မင်းက ဘာဖြစ်လို့ ဒီလို လုပ်လိုက်ရတာလဲ"

ယုယင်းကျူးက အဖြေမပေးဘဲ တစ်ဘက်သို့ လှည့်ကာ လျှောက်သွားလေသည်။

သူမသည် အဆောက်အအုံ ရှိရာသို့ သွားခြင်း မဟုတ်ပါ။ တောင်အောက်သို့ သွားရာလမ်းအတိုင်း ဖြည်းညင်းစွာ လျှောက်သွားခြင်းပင် ဖြစ်၏။

သူမသည် တရွေ့ရွေ့ လျှောက်သွားယင်း အမှောင်ထုထဲသို့ နစ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

## အခန်း(၅၈)

## ပေစန်းဂိုဏ်းချုပ်၏နိဂုံး

မိန်းကလေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြလေပြီ။

ဆင်းလုသည် ငြိမ်သက်စွာဖြင့် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်နေ၏။

လူချီက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် စိတ်ပျက်စွာဖြင့် ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"သူတို့သွားတာ သွားပါစေ၊ တစ်နေ့ သူတို့ဟာ တကယ့်မေတ္တာစစ် မေတ္တာမှန်ဆိုတာဟာ ခွင့်လွှတ်ခြင်းနဲ့ ပေးဆပ်ခြင်းဆိုတာ နားလည်လာကြပါလိမ့်မယ်"



ဆင်းလုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အစ်ကိုကြီး ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ငွေကိုယ်ရံတော်ဟာ စိတ်ထိခိုက်သွားမှာပဲ"

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ"

"ကျွန်တော် စိုးရိမ်တာက မျက်နှာငယ်နဲ့ တစ်ယောက်တည်းမို့လို့ပါဗျာ"

"ဒီအတွက် ငါ့ညီမပူပါနဲ့၊ သူက သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဘာကိုမဆို ရဲရဲရင်ဆိုင်ရဲတဲ့ မိန်းကလေးပါ"

ထိုအချိန်၌ တုကုကျူကလည်း ရောက်ရှိလာသည်။

ဆင်းလုနှင့် လူချီအား တွေ့မြင်လိုက်သဖြင့် အကျိုးအကြောင်း မေးမြန်းသည်။

"ခုနက ကျုပ် အသံကြားလိုက်တယ်၊ ဘာတွေ ဖြစ်နေကြတာလဲဗျ"

လူချီက ပြုံးပြလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ဘာမှ မဖြစ်ပါဘူး၊ ယုယင်းကျူးနဲ့ ငွေကိုယ်ရံတော်တို့ အချင်းချင်း အထင်လွဲမှားပြီး ထွက်ခွာသွားကြတာပါ"

တုကုကျူ ခေါင်းခါယမ်းလိုက်၏။

"ဒီကိစ္စကို မေးတာ မဟုတ်ပါဘူး၊ အခုပဲ ကင်းပုန်းတစ်ယောက် လာပြီး သတင်းပို့သွားတယ်၊ လူ (၁၄-၅)ယောက်လောက် တောင်ပေါ်ကို တက်လာတယ်လို့ ပြောပါတယ်"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ဟုတ်လား၊ ဘယ်သူတွေများပါလိမ့်၊ ဒါကိုတော့ ကျွန် ော်တို့ မသိပါဘူး"

တုကုကျူက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး ဟုတ်လား"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး မေးတဲ့ ကိစ္စကို ကျွန်တော် ုံးဝမသိပါဘူး"

ထိုစဉ်...

လူတစ်ယောက်၏အသံ ကြားလိုက်ရသည်။

"ကျုပ်သိပါတယ်"

ထိုစကား ကြားလိုက်ရသဖြင့် ဆင်းလုနှင့် တုကုကျူတို့က ရပ် တ်သွားကြသည်။

သူတို့သည် ဖြိုင်တူ နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

သူတို့နောက်တွင် ဘီလူးနန်းတော် အနီးရှိ တောအုပ်၌



တွေ့မြင်ရသော အဘိုးအို ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ထိုအဘိုးအိုမှာ သူတို့သုံးယောက်ကို ဣန္ဒြေရှစွာဖြင့် ကြည့်နေသည်။

ဆင်းလုက ဦးညွတ်လိုက်သည်။

"ဦးရောက်လာတာကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်"

အဘိုးအိုက ရယ်မောလိုက်၏။

"ကျုပ်က ဘယ်အချိန်ဖြစ်ဖြစ် ဘယ်နေရာမဆို လာချင်ရင် လာလိုက်တာပါပဲ"

ဆင်းလုက လေးစားဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး...

"အခု လာနေတဲ့ လူတွေက ဘယ်သူများပါလိမ့် ဦး သိ သလား ခင်ဗျား"

အဘိုးအိုက ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ပေစန်းဂိုဏ်းချုပ်နဲ့ သူ့တပည့်တွေပါ"

"ဗျာ"

ဆင်းလုနှင့် တုကုကျူတို့ အံ့အားသင့်သွားကြသည်။

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူတို့ပါပဲ"

"တော်တော်တော့ ထူးဆန်းတာပဲ"

အဘိုးအိုက သူတို့အား အကဲခတ်ကြည့်လိုက်၏။

"မင်းတို့က မယုံကြဘူး မဟုတ်လား"

တုကုကျူက မျက်မှောင်ကုပ်သွားသည်။

"မဖြစ်နိုင်ဘူးလို့ ထင်လို့ပါ"

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး…

"ဘာဖြစ်လို့"

"မနက်ကမှ သူတို့ဆီက စိန်ခေါ်တဲ့စာ ရောက်လာတာပဲ"

အဘိုးအိုက ရယ်မောလိုက်သည်။

"မင်းတို့ ဒီလိုထင်ယင် မှားသွားမှာပေါ့၊ သူတို့ လုပ်ရပ်က မင်းတို့ ထင်သလို မဟုတ်ပါဘူး"

ဆင်းလုက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ၊ တိတိကျကျ သိယင် ပြောပြပါအုံး"

အဘိုးအို၏မျက်နှာ လေးနက်တည်ကြည်သွားသည်။

"သူတို့က မင်းတို့ ကြိုတင်အစီအစဉ် မပြုမီ တစ်ချက်တည်းနဲ့ မင်းတို့ ယင်းစန်းတောင်တစ်ခုလုံးကို ဖြိုခွဲနိုင်ဖို့ ကြိုတင်တိုက်ခိုက်လာတာပေါ့"



ထိုစကား ကြားလိုက်ရသောအခါ သူတို့သုံးယောက်စလုံး ဒေါသအမျက်ချောင်းချောင်း ထွက်လာကြသည်။

ဆင်းလုက မကျေမနပ်ဖြင့်…

"သူတို့က တရားမျှတတဲ့ သိုင်းအဖွဲ့ဂိုဏ်းတစ်ခုပါပဲ၊ ဘာဖြစ်လို့ အခုလို အကောက်ကြံရတာလဲ၊ ကျွန်တော်တို့ဟာ အထက်လမ်းသိုင်းဂိုဏ်းတွေပါ"

အဘိုးအိုက သူတို့ကို စိုက်ကြည့်လိုက်ပြီး…

"ရန်သူကို တိုက်ခိုက်တဲ့ နေရာမှာ ဘယ်လိုနည်းနဲ့ သုံးရသုံးရ မတရားဘူးဆိုတာ မရှိဘူးလို့ မင်းတို့ မကြားဖူးဘူးလား"

ဆင်းလုသည် ခေါင်းညိတ်လိုက်သည်။

အဘိုးအို၏စကားသည် အမှန်ကန်ဆုံး ဖြစ်ပေသည်။

စစ်တိုက်သည့် နေရာမှာ မတရားတာဟူ၍ မရှိပါ။

"ကျုပ်နားလည်ပါတယ်၊ ဦးပြောတာ မှန်ပါတယ်"

သူသည် ပြောပြီးသည်နှင့် တုကုကျူတို့နှင့်အတူ တောင်အောက်သို့ ပြေးလွှားသွားကြလေတော့သည်။

ဆင်းလုသည် ရှေ့ဆုံးမှ ပြေးဆင်းသွား၏။

တုကုကျူနှင့် လူချီတို့ကလည်း နောက်မှ ထက်ကြပ်မကွာ

လိုက်လာ၏။

အဘိုးအိုကလည်း သူတို့သုံးယောက်နောက်မှ ကပ်လျက် လိုက်လာ၏။

သူတို့သည် တောင်ခါးလယ်သို့ ရောက်ရှိလာကြသည်။

ထိုစဉ်မှာပင်...

တောင်ပေါ်သို့ ပြေးတက်လာကြသော လူစုများနှင့် ရင်ဆိုင်တိုးမိကြသည်။

ထိုလူစုသည် လူပေါင်း(၃၀)ကျော်မျှ ရှိသည်။

ဦးဆောင်သောလူမှာ အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်၏။

အဘိုးအို ပြောသည့်အတိုင်းပင် ပေစန်းအဖွဲ့ ဂိုဏ်းချုပ်နှင့် သူ၏တပည့်များပင် ဖြစ်ကြ၏။

တကုကျူက ရယ်မောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ အခုလို အချိန်မတော် ရောက်လာတာကို ကြိုတင်မကြိုမိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

အနီရောင်အင်္ကျီဝတ်ဆင်ထားသော အဘိုးအိုက နှာခေါင်း



ရှုံ့လိုက်သည်။

သူသည် ဆင်းလုတို့သုံးယောက်နှင့် အဘိုးအိုကို စိမ်းစိမ်း ကြည့်လိုက်ပြီး...

"တကုကျူ ကျုပ်တို့ အခုလို အချိန်မတော် ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ဘူး မဟုတ်လား"

တကုကျူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အခုလို ရောက်လာလိမ့်မယ်လို့ မမျှော်လင့်တာ အမှန်ပဲ၊ ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့ ကြိုဆိုဖို့ ဘယ်အချိန်ရတော့မလဲ"

အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်၏။

တကုကျူကို ခပ်စိမ်းစိမ်း ကြည့်လိုက်၏။

"ကျုပ်တို့အဖွဲ့ဝင် နှစ်ယောက်ကို သတ်ပြီး မှတ်စုစာအုပ်နှစ်အုပ်ကို ခိုးယူသွားတာ မင်းရဲ့လက်ချက် မဟုတ်လား"

တကုကျူက...

"ဂိုဏ်းချုပ်ကြီး ခင်ဗျားက ဘယ့်နဲ့ ကျုပ်တို့ကို မဟုတ်မတရား လာစွပ်စွဲနေတာလဲ၊ အခြေအနေတွေကို ညှိညှိနှိုင်းနှိုင်း လာ

တိုင်ပင် ဆွေးနွေးမှုပေါ့ဗျ"

ဆင်းလှသည် ရှေ့သို့ ချဉ်းကပ်သွားသည်။

"အဲဒီတော့ ခင်ဗျားက ဘာဖြစ်ချင်သလဲ"

အနီရောင်အင်္ကျီဝတ်ထားသော အဘိုးအိုက ဆင်းလှအား အထင်သေးစွာ ကြည့်လိုက်သည်။

"မင်းက ဘာကောင်မို့လို့လဲ၊ ငါနဲ့ စကားပြောဖို့ တန်သလား"

"ကျုပ်က ဘာဖြစ်လို့ မတန်ရမှာလဲ"

"သူငယ် မင်းဖယ်ပေးစမ်းပါ"

ထိုအနီရောင်အင်္ကျီဝတ်ဆင်ထားသောလူမှာ ယင်ကျူချင်ပင် ဖြစ်သည်။ သူသည် စကားဆုံးသည်နှင့်...

ဆင်းလှ၏ရင်ဝသို့ တိုက်ခိုက်လိုက်သည်။

ဆင်းလှကလည်း လက်ဝါးတစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

ထို့ကြောင့်...

သူတို့နှစ်ယောက်၏ လက်ဝါးနှစ်ဖက်သည် ပြင်းထန်စွာ ထိတွေ့သွားသည်။



"ဝုန်း"

သူတို့နှစ်ယောက်စလုံး နောက်သို့ ခြေ(၃)လှမ်းခန့် ပြိုင်တူ ဆုတ်သွားသည်။

ယင်ကျူချင်က မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ဆင်းလှအား အံ့သြစွာဖြင့် ကြည့်လိုက်သည်။

ထို့နောက်...

တုကုကျူဘက်သို့ လှည့်၍ မေးလိုက်လေသည်။

"ဒီမှာ တုကုကျူ သူက ဘယ်သူလဲ"

တုကုကျူက အေးတိအေးစက်ဖြင့် ပြုံးပြလိုက်သည်။

"သူက ကျုပ်တို့ ယင်းစန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပါပဲ"

"ဘာကွ"

"ကျုပ်တို့အဖွဲ့ရဲ့ ဂိုဏ်းချုပ်ကြီးဆိုတာပါပဲ"

တုကုကျူ၏ စကားကို ကြားရသောအခါ ယင်ကျူချင်က အံ့သြသွားသည်။

"ခင်ဗျားတို့ ယင်းစန်းဂိုဏ်းက ဂိုဏ်းချုပ်အသစ်ကို ဘယ်တုန်းက လဲလိုက်တာလဲ"

တုကုကျူက အေးတိအေးစက်ဖြင့် ပြောသည်။

"ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကျုပ်တို့ကိစ္စပါ"

ယင်ကျူချင်က ရယ်မောလိုက်သည်။

"ထားပါတော့လေ၊ ကျုပ်တို့လူနှစ်ယောက်ကို သတ်လိုက်တဲ့အတွက် ခင်ဗျားတို့ အဖွဲ့ကို ကျုပ်က ဆုံးမရမှာပဲ"

ဆင်းလုကလည်း ရယ်မောလိုက်သည်။

"ဒီမှာ ဂိုဏ်းချုပ်ကြီး၊ ခင်ဗျား ဆုံးမချင်တိုင်း ဆုံးမလို့ ရပါ့မလားဗျာ၊ ဘယ်သူမှ ကိုယ်လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး"

ယင်ကျူချင်က မျက်မှောင်ကုပ်သွား၏။

သူသည် ဆင်းလုကို စူးစိုက်ကြည့်လိုက်ပြီး...

"ဒါဖြင့် ကျုပ်တို့ အဖွဲ့ဝင်နှစ်ယောက်ကို သတ်သွားတာ မင်းတို့လက်ချက်ဆိုတာ ဝန်ခံတယ်ပေါ့"

ဆင်းလုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ယင်ကျူချင်က ရယ်မောလိုက်လေသည်။

"ဒီလို တိကျတဲ့ အဖြေမျိုးကိုပဲ ကျုပ်က လိုချင်နေတာ"

"အဖြေသိရတော့ ခင်ဗျားတို့က ဘာလုပ်ချင်သလဲ"

"ကျုပ်တို့လူနှစ်ယောက် သေသွားတဲ့အတွက် ခင်ဗျားတို့လူ



နှစ်ဆယ်ကို သတ်ရမှ ကျေနပ်မယ်"

ဆင်းလုက...

"ကျုပ်လို့လူ နှစ်ဆယ်သတ်မှာထက်၊ ခင်ဗျားတို့လူ သုံးဆယ်ကို အသက်ရှင်ပြီး ပြန်သွားဖို့ကို ကြိုးစားပါအုံး"

ယင်ကျူချင်က ဆင်းလုကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်လိုက်ပြီး ပြောလိုက်၏။

"လေကြွားတဲ့သူငယ် သေဖို့သာ ပြင်ပေတော့"

သူသည် ပြောယင်း လက်ဝါးတစ်ချက်ဖြင့် တိုက်ခိုက်လိုက်သည်။

ဆင်းလုကလည်း အလစ်မပေးဘဲ ပြန်လည် တိုက်ခိုက်လိုက်၏။

ထိုစဉ်မှာပင်...

ယင်ကျူချင်က အသံကျယ်လောင်စွာ အော်လိုက်သည်။

"ဟေ့ ဘာငေးနေကြတာလဲ၊ သူတို့ဌာနကို မီးရှို့လိုက်ပါတော့လား"

ယင်ကျူချင်နှင့် ပါလာသော အဖွဲ့ဝင်များသည် ယင်ကျူချင်၏ အမိန့်ပေးသံ ပေါ်လာသည်နှင့် အဆောက်အအုံ ရှိရာသို့ လျင်

မြန်စွာ ပြေးလွှားသွားကြသည်။

လူချီနှင့် တုကုကျူတို့နှစ်ယောက်က ပြိုင်တူ ရပ်နိုင်းလိုက်၏။

"ဟေ့ ရပ်ကြစမ်း"

သို့သော် ထိုလူများသည် ရပ်တန့်ခြင်း မရှိဘဲ ဆက်လက်ပြေးသွားကြရာ လူချီနှင့် တုကုကျူတို့က ဆီးကြို၍ တိုက်ခိုက်လိုက်ကြလေ၏။

"ဝုန်း...ဝုန်း"

ပေစန်းဂိုဏ်းဝင်နှစ်ယောက်သည် မြေပေါ်သို့ လဲကျသွားသည်။

သို့သော်...

ကျန်ရှိသော လူများသည် ဆက်လက်ပြေးလွှားသွားကြလေသည်။ ထိုစဉ်...

ယင်းစန်းဂိုဏ်းဝင်များကလည်း ပြေးဆင်းလာကြသည်။

ဝိယိုနှင့် ပန်းရောင်ကျားတို့လည်း ပါဝင်လာသည်။

သူတို့သည် ဝင်ရောက်လာသော လူများကို ဟန့်တား၍ တိုက်ခိုက်ကြလေတော့သည်။



ဆင်းလုနှင့် ယင်ကျူချင်တို့သည် သဲသဲမဲမဲ တိုက်ခိုက်နေသည်။

ယင်ကျူချင်သည် ဆင်းလုနှင့် သိုင်းကွက်(၁၀)ကွက်မျှ တိုက်ခိုက်လာသောအခါ ဆင်းလု၏သိုင်းပညာရပ်များကို အံ့ဩမိသွားလေတော့၏။

ဤကဲ့သို့ နုနယ်သော လူငယ်တစ်ယောက် အနေဖြင့် ဤမျှမြင့်မားသော သိုင်းပညာရှိသည်ဟု မမျှော်လင့်မိသည်မှာ အမှန်ပင်။

အကယ်၍သာ...

ယင်ကျူချင်၏လက်ထဲတွင် သံမဏိတောင်ဝှေး မရှိခဲ့လျှင် ယခုအခါမှာ သူသည် မရှုမလှ ရှုံးနိမ့်သွားမည်မှာ သေချာလှပေသည်။ ထို့ကြောင့်...

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ရှိသမျှ ခွန်အားကို အသုံးပြု၍ တိုက်ခိုက်နေရလေတော့သည်။

လူချီနှင့် တုကုကျူတို့သည် ရန်သူများနှင့် တိုက်ခိုက်လျက်ရှိနေကြ၏။

မကြာမီ...

ရန်သူများသည် အကျအဆုံး များသွားသည်။

ထို့အပြင်…

ပန်းရောင်ကျားနှင့် ဝိယိတို့ကလည်း ပေစန်းဂိုဏ်းမှ လူများကို ဟန့်တားနိုင်ခဲ့သည်။

ထိုစဉ်မှာပင်…

ဆင်းလု၏အသံ ကြားလိုက်ရလေသည်။

"ယင်ကျူချင် ခင်ဗျား သေဖို့သာ ပြင်ပေတော့"

သူ၏အသံနှင့်အတူ…

"ဗုန်း"

ဟူသောအသံ ထွက်ပေါ်လာသည်။

ယင်ကျူချင်၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

တိုက်ပွဲသည် ပြီးဆုံးသွားလေ၏။

မြေပေါ်၌ လူသေအလောင်းများ ပြန့်ကျဲနေသည်။

အကျည်းတန်သော မြင်ကွင်းပင်။

ပေစန်းဂိုဏ်းမှ ယင်ကျူချင်တစ်ယောက်မှအပ ကျန်ရှိသော အဖွဲ့ဝင်များ သေဆုံးသွားကြလေသည်။

ယင်းစန်းဂိုဏ်းမှလည်း ဂိုဏ်းဝင်(၁၅)ယောက်ခန့် သေဆုံး



သွားပြီး အများအပြား ဒဏ်ရာရသွားကြသည်။

ဆင်းလုသည် ယင်ကျူချင်အား စိမ်းစိမ်းကြည့်လိုက်သည်။

"ဒီမှာ ယင်ကျူချင်၊ ခင်ဗျား အခုတော့ ဘာပြောချင်သေးသလဲ"

ယင်ကျူချင်က အံကို တင်းတင်းကြိတ်လိုက်သည်။

"ငါရှုံးသွားပြီပဲ၊ မင်းသတ်ချင်ယင် သတ်လိုက်"

ဆင်းလုက ခေါင်းခါလိုက်သည်။

"ဒီမှာ ယင်ကျူချင်၊ ကျုပ်က ခင်ဗျားကို မသတ်ဘူး"

ယင်ကျူချင်က သူ့အား စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့"

ဆင်းလုက မြေပေါ်တွင် ကျဲနေသော လူသေအလောင်းများကို ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ လောဘ၊ ဒေါသကြောင့် လူ့အသက်ပေါင်းများစွာ သေဆုံးသွားတာကို ခင်ဗျား စိတ်ကောင်းနိုင်ပါသေးရဲ့လား"

ဆင်းလုက စိတ်ထိခိုက်စွာဖြင့် ဆက်လက်ပြောဆိုသည်။

"ခင်ဗျားတို့ ကျုပ်တို့ဟာ အသိဉာဏ်အရ၊ သိုင်းပညာအရ၊ အခြေအနေအရ သိုင်းလောကထဲက သိုင်းဂိုဏ်းကြီးတွေကို ဦးဆောင်

နိုင်တဲ့ ဂိုဏ်းချုပ်ကြီးတွေ ဖြစ်ခဲ့ကြရတယ်၊ ကျုပ်တို့ဟာ ဒီဂိုဏ်းသားတွေ ပျော်ရွှင်ပြီး တက်ကြွသာယာတဲ့ ဘဝကိုလဲ ဆောင်ကြဉ်းပေးနိုင်တယ်၊ ဆူပူပြီး တစ်နေ့သေမလား၊ တစ်နေ့သေမလားဆိုတဲ့ ဘဝကိုလဲ ဆောင်ကြဉ်းပေးနိုင်တယ်၊ အခုတော့ ကြည့်စမ်းပါဦးဗျာ၊ ခင်ဗျားရဲ့ တပည့်တွေကို ခင်ဗျား ဘယ်ဘဝ ဆောင်ကြဉ်းပေးခဲ့သလဲ ဆိုတာ"

ယင်ကျုချင်သည် ယင်းစကား ကြားရသောအခါ မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူသည် သက်ပြင်းတစ်ချက်ကို ဖြည်းလေးစွာ ချလိုက်ပြီး...

"ငါမှားပြီ၊ ငါ့လူတွေကို ငါပြန်သတ်လိုက်သလို ဖြစ်သွားပြီ၊ ဒါကြောင့် ငါလဲ လူ့လောကမှာ မနေတော့ပါဘူး"

သူသည် ပြောပြီး ခါးမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး သူ၏ရင်ဝသို့ ထိုးစိုက်ချလိုက်လေတော့၏။

စာစဉ်(၄)ပြီး၏။

စာစဉ်(၅)တွင် ဆက်လက်ဖတ်ရှုပါရန်။